# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် ဝါခေါင်လပြည့်ကျော် ၈ ရက်၊ သောကြာနေ့။ 26, Friday August 2016 (၈၆၆၅)


**အမြင့်မြတ်ဆုံးဖြစ်၏**

မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်သည် နည်းသည်၊ များသည်၊ ရှည်သည်၊ တိုသည်တို့အပေါ်၌ မတည်။ အကျိုးစီးပွားရှိသည်၊ မရှိသည်အပေါ်၌သာ တည်မှီသောကြောင့် အကျိုးစီးပွားကိုမှီသည့် တစ်ခွန်းတည်းသော တရားစကားသည်သာ အမြင့်မြတ်ဆုံး၊ အသာလွန်ဆုံးဖြစ်၏။

သဟာဿဝဂ်(ဓမ္မပဒ-၁၀၁)

# ပျက်စီးသွားသည့် ရှေးဟောင်းစေတီပုထိုးများကို ပြည်ပပညာရှင်များ၏အကူအညီဖြင့် ရှေးမူမပျက် ပြုပြင်သွားမည်



လျှင်ဒဏ်သင့်ခဲ့သည့် စူဠာမဏိဘုရား ပျက်စီးနေမှုကို တွေ့ရစဉ်။ (အပေါ်ပုံ)နှင့် နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပြန်လည်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရန် မှာကြားစဉ်။ (ယာပုံ) (သတင်းစဉ်)

**နေပြည်တော် ဩဂုတ် ၂၅**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် မန္တလေးတိုင်းဒေသကြီး ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ဩဂုတ် ၂၄ ရက်က လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့သည့် ရှေးဟောင်းစေတီပုထိုးများနှင့် သာသနိက အဆောက်အအုံများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဒေါက်တာဖေမြင့်၊ ဦးဝင်းခိုင်တို့နှင့်အတူ နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ မွန်းလွဲ ၂ နာရီတွင် ညောင်ဦးမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား ပုဂံရှေးဟောင်းယဉ်ကျေးမှုပြတိုက်၌ ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က ပုဂံနှင့် ညောင်ဦးရှေးဟောင်းယဉ်ကျေးမှုဒေသအတွင်း ငလျင်ဒဏ်ကြောင့် ဘုရား၊ စေတီပုထိုးများပျက်စီးမှု၊ ရှေးဟောင်းပစ္စည်းများ မှတ်တမ်းတင်သိမ်းဆည်းနိုင်ရေးအတွက် နယ်မြေ ၁၁ ခုသတ်မှတ်၍ ခွဲဝေတာဝန်ပေးအပ်မှုနှင့် လုံခြုံရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်တို့က ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဖြည့်စွက်တင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက ပျက်စီးစာရင်းများအား စနစ်တကျပြုစုထားရန်နှင့် သာသနာရေးဆိုင်ရာ ရှေးဟောင်းအမွေအနှစ်ပစ္စည်းများအား စနစ်တကျထိန်းသိမ်းရမည်ဖြစ်ကြောင်း၊ ပြည်တွင်း၊ ပြည်ပမှ ဘုရားဖူးခရီးသည်များ လာရောက်ကြရာတွင် အခွင့်အရေးဆုံးရှုံးမှုမရှိစေဘဲ ဖူးမြော်လေ့လာခွင့်ရရှိစေရေး၊ ပျက်စီးမှုမရှိသောနေရာများတွင် လွတ်လပ်စွာလေ့လာခွင့်ပြုသွားရန်နှင့် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✿



# ငလျင်ဒဏ်သင့် ပုဂံဘုရားပုထိုးစေတီ ၁၈၇ဆူအနက် အန္တရာယ်များသည့် ၃၃ ဆူကို ဝင်ရောက်ဖူးမြော်မှု ခေတ္တပိတ်

**တွေ့ဆုံမေးမြန်း-နိုင်လင်းကြည်၊ တင်မောင်လွင်၊ ဓာတ်ပုံ-မောင်မွှေး**

ဩဂုတ် ၂၄ ရက် ညနေပိုင်းက ချောက်မြို့နှင့် ၁၂ မိုင်ခန့် အကွာကို ဗဟိုပြုလှုပ်ခတ်ခဲ့သည့် အင်အားပြင်းငလျင်ကြောင့် မြန်မာနိုင်ငံနေရာအနှံ့အပြားတွင် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရသည်။ ယင်းတို့အနက် မြန်မာနိုင်ငံသူ နိုင်ငံသားတို့ အသည်းနှလုံးဖြစ်သည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှ ဘုရားပုထိုးစေတီများ ထိခိုက်ပျက်စီးမှုအများဆုံး ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ယနေ့ နံနက်ပိုင်းအချိန်အထိ စာရင်းများအရ ဘုရားပုထိုးစေတီပေါင်း ၁၈၀ ကျော် ထိခိုက်ပျက်စီးခဲ့ပြီး စပိန်နိုင်ငံသူတစ်ဦးလည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့မှုများအား ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများနှင့် ပတ်သက်ပြီး မေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

**ဦးစိုးတင့်**
**ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး**

ဒီနေ့မနက်အထိစာရင်းအရတော့ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှာ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✻




ကြေးမုံ

# ပြည်သူ့အတွက် ပြည်သူ့ဝန်ထမ်း

ကောင်းမွန်သောအုပ်ချုပ်ရေးရှိမှသာ ကောင်းမွန်သောလူ့အဖွဲ့အစည်းကို ထူထောင်နိုင်မည်ဖြစ်သည်။ အပြန်အလှန်အားဖြင့် ကောင်းမွန်သော လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်မှသာ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် ကောင်းမွန်သောလူ့အဖွဲ့အစည်းတို့သည် ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ အပြန်အလှန်ဆက်စပ်ဖြစ်တည်လျက်ရှိသည်။

ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်တစ်ရပ်ကို အုပ်ချုပ်သူလူတန်းစားအဆက်ဆက်တို့ သူ့နည်းသူ့ဟန် သူ့စနစ်နှင့်အညီ ဖန်တီးဖော်ဆောင်ကြရာ၌ အားနည်းချက်များစွာ ရှိခဲ့သည်။ ယင်းကို ပြောင်းလဲဖော်ဆောင်မည့် ပြည်သူနှင့်တစ်သားတည်းရှိသော ယနေ့အရပ်သားအစိုးရလက်ထက်တွင် သိသာထင်ရှားစွာဆောင်ရွက်လာသည်ကို မြင်တွေ့လာရသည်။ ပြည်သူကိုဗဟိုပြုသည့် ပြည်သူ့အစိုးရဟု ခေါ်ဆိုထိုက်အောင်လည်း ဝန်ထမ်းတို့က ဖော်ဆောင်ကြရသည်။ ပြည်သူ့အစိုးရ၏ဝန်ထမ်းများအနေဖြင့် ပြည်သူ့ဝန်ထမ်းဟုခေါ်ဆိုလောက်အောင် ပြည်သူ့အရေးကို အလေးထားဆောင်ရွက်ပေးကြရတော့မည်ဖြစ်သည်။ ကောင်းမွန်သော လူ့အဖွဲ့အစည်းဖြစ်အောင် ဖော်ဆောင်ပေးကြရမည်ဖြစ်သည်။

သို့ဖြစ်၍ လူထုကိုအခြေခံသည့် လူထုအစိုးရ သို့မဟုတ် ပြည်သူ့အစိုးရအဖြစ် ခိုင်ခိုင်မာမာရပ်တည်နိုင်ရန်အတွက် ခေတ်ဟောင်းစနစ်ဟောင်းမှ ကောင်းမွန်ခြင်းမရှိခဲ့သော အုပ်ချုပ်ရေးစနစ်ဟောင်းများကို ပြုပြင်ပြောင်းလဲရန် လိုအပ်လာသည်။ လက်တွေ့တွင်လည်း နိုင်ငံတော်၏ အုပ်ချုပ်မှုစနစ်ကို ဒီမိုကရေစီစနစ်နှင့်လိုက်လျောညီထွေ ဖြစ်စေရန် ပြောင်းလဲလာကြသည်ကိုလည်း တွေ့ရသည်။ သို့သော် ပြောင်းလဲလိုသူများရှိသလို မပြောင်းလဲလိုသူများလည်းရှိမည်။ အချို့ပြောင်းလဲခြင်းဟူသည်ကိုပင် ဘာမှန်းမသိသလို နေမြဲနေသူများလည်းရှိသည်။ မည်သို့ပင်ဖြစ်စေ ပြည်သူ့အစိုးရနှင့်လိုက်လျောညီစွာ မဖြစ်မနေပြောင်းလဲအောင် ဖန်တီးဖော်ဆောင်ကြရမည်ဖြစ်သည်။

ထိုသို့ပြောင်းလဲမှသာလျှင် အစိုးရနှင့်ပြည်သူအကြား ယုံကြည်မှုတိုးတက်လာပြီး ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ကို ထိရောက်အောင် ဖော်ဆောင်နိုင်မည်ဖြစ်သည်။ အစိုးရနှင့်ပြည်သူ၊ ပြည်သူနှင့်ဝန်ထမ်း အပြန်အလှန် ယုံကြည်မှု၊ အပြန်အလှန်နားလည်စာနာမှုတို့ တိုးတက်လာပြီး နိုင်ငံနှင့်ပြည်သူ့ဘဝဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို မျှဝေခံစားနိုင်မည်ဖြစ်သည်။ ဤနေရာတွင် ဌာနဆိုင်ရာတာဝန်ရှိသူများကိုယ်တိုင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအပေါ် စိတ်ဝင်စားမှုရှိစွာဖြင့် စိတ်ရောကိုယ်ပါလက်ခံယုံကြည်ကာ ဝန်ထမ်းများနှင့်တစ်သားတည်း ဦးဆောင်လက်တွဲဆောင်ရွက်သွားမှလည်း လုပ်ငန်းများအောင်မြင်နိုင်မည် ဖြစ်သည်။

ယခုနေပြည်တော်တွင် ပြည်သူ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်ရေးဆွဲရေးအကြံပြု အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပလျက်ရှိရာ ထိုဆွေးနွေးပွဲမှ ပြည်သူ့ဝန်ထမ်းကောင်းများဖြစ်ပေါ်လာရေးအတွက် ရလဒ်ကောင်းများ ထွက်ရှိလာမည်ဖြစ်သည်။ ပေါ်ထွက်လာမည့် ရလဒ်ကောင်းများနှင့်အညီ ပြည်သူ့ဝန်ထမ်းများ လေ့ကျင့်ပျိုးထောင်ရေး၊ သင်ကြားရေးနည်းလမ်းများနှင့် ဆရာများအရည်အသွေး ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန် ယခုလာမည့်နှစ်ဆန်းတွင် ပြည်သူ့ဝန်ထမ်းအကယ်ဒမီကို ဖွင့်ပေးမည်ဟုသိရသဖြင့် နိုင်ငံနှင့်ပြည်သူအတွက် ကောင်းမွန်သည့် ဆောင်ရွက်ချက်ဟုဆိုရမည်ဖြစ်သည်။

ပြည်သူဗဟိုပြုသည့် အုပ်ချုပ်ရေးအပြောင်းအလဲကို စီမံခန့်ခွဲရာတွင် မျှော်မှန်းချက်၊ မက်လုံး၊ အရင်းအမြစ်များ၊ လက်တွေ့အစီအစဉ် စသည့် အခြေခံ ငါးချက်နှင့်ပြည့်စုံလျှင် အောင်မြင်သောအပြောင်းအလဲသို့ ရောက်ရှိမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြရာ မြန်မာနိုင်ငံရှိဝန်ထမ်းကဏ္ဍတွင် ပြုပြင်ပြောင်းလဲဖော်ဆောင်ရမည့် ကျင့်ဝတ်၊ တန်းတူအခွင့်အရေးနှင့် အရည်အချင်းအလိုက် ချီးမြှင့်မြှောက်စားမှုများ ရှိလာမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူကိုဗဟိုပြုသော ပြည်သူ့အစိုးရလက်ထက်ကာလတွင် ပြည်သူ့ဝန်ကိုထမ်းဆောင်ကြမည့် ပြည်သူ့ဝန်ထမ်းများသည် တာဝန်ခံမှု၊ တာဝန်ယူမှုရှိသည့် ဝန်ထမ်းအဖွဲ့အစည်းတစ်ရပ်ပေါ်ပေါက်လာအောင်၊ ပြည်သူဗဟိုပြုအုပ်ချုပ်ရေးစနစ်ကို အောင်မြင်အောင် မိမိတို့ဌာနအလိုက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းအပ်ပါသည်။ ။



## မြန်မာ-အင်ဒိုနီးရှား နှစ်နိုင်ငံကုန်သွယ်မှု အမေရိကန်ဒေါ်လာ တစ်ဘီလီယံအထိ တိုးမြှင့်ဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အင်ဒိုနီးရှားသမ္မတနိုင်ငံ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ မစ္စတာ အိတ်ချ်မာယူဒင်အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူများအကျိုးအတွက် နှစ်နိုင်ငံလွှတ်တော်နှစ်ရပ် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ မြန်မာနိုင်ငံ၏ လျှင်ဘေးသင့်ဒေသများတွင် အင်ဒိုနီးရှားနိုင်ငံမှ ပါဝင်ကူညီဆောင်ရွက်နိုင်ရေး၊ မြန်မာ-အင်ဒိုနီးရှား နှစ်နိုင်ငံ ကုန်သွယ်မှုကို အမေရိကန်ဒေါ်လာ တစ်ဘီလီယံအထိ တိုးမြှင့်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**(သတင်းစဉ်)**

## အလုပ်သမားရေးရာဖိုရမ်ကျင်းပရေးကိစ္စများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းစဉ်များဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၅**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ILO (ရန်ကုန်)ရုံးတွင် Liasion Officer အဖြစ်တာဝန်ထမ်းဆောင်မည့် မစ္စတာရိုရီမန်ဂိုဗန်နှင့် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။



တွေ့ဆုံစဉ် အလုပ်သမားရေးရာကိစ္စရပ်များ၊ အဓမ္မခိုင်းစေမှုပပျောက်ရေးကိစ္စ၊ ကလေးအလုပ်သမားကိစ္စ၊ အလုပ်သမားအဖွဲ့အစည်းကိစ္စ၊ အလုပ်သမားဥပဒေပြင်ဆင်ရေးဆွဲရေးကိစ္စ၊ အလုပ်သမားရေးရာ ဖိုရမ်ကျင်းပရေးကိစ္စများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




## မြန်မာသတင်းမီဒီယာကောင်စီဝင်များ ထိုင်းနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၂၅**

မြန်မာသတင်းမီဒီယာကောင်စီဒုတိယဥက္ကဋ္ဌ ဦးအောင်လှထွန်းခေါင်းဆောင်သောအဖွဲ့သည် ထိုင်းနိုင်ငံသတင်းမီဒီယာကောင်စီ၏ ဖိတ်ကြားချက်အရ နှစ်နိုင်ငံချစ်ကြည်ရေးနှင့်သတင်းမီဒီယာအမြင်ချင်းဖလှယ်ရန် ဩဂုတ် ၂၅ ရက် နံနက် ၈ နာရီခွဲတွင် Air Asia လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာသွားသည်။

အဆိုပါအဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် ဦးဟန်ညွန့်(ဥပဒေ)၊ ဦးတင်မောင်အေး၊ ဒေါက်တာမောင်မောင်စံနှင့် ဒေါက်တာတင်ထွန်းတို့လိုက်ပါသွားသည်။

ယင်းအဖွဲ့သည် ဩဂုတ် ၂၅ ရက်မှ ၂၈ ရက်အထိ နှစ်နိုင်ငံသတင်းမီဒီယာကိစ္စများ၊ စာနယ်ဇင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးကြမည်ဖြစ်သည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဥက္ကဋ္ဌဦးခင်မောင်လေး (ဖိုးသောကြာ)နှင့်အဖွဲ့က လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။ **(ကြေးမုံ)**


ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၁၂၈၊ ၀၆၇-၃၆၀၁၃၀၊ ဖက်စ် ၀၆၇-၃၆၀၁၃၀
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၇ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၀၀၆၈၅ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ဖြူးရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၊ ဖက်စ် ၀၁-၂၀၃၅၁

❒ ကျောဖုံးမှ

အဓိက မောင်းနှင်အားပင်ဖြစ်ကြောင်း၊ ပြည်သူ့ဝန်ထမ်းများ၏အခန်းကဏ္ဍမှာ အဖွဲ့အစည်းများ ပြုပြင်ပြောင်းလဲမှုတွင်အဓိကကျသည့်အတွက် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာအောင် အထူးအလေးထားဂရုစိုက်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း။

လက်ရှိအစိုးရအတွက် အရေးအကြီးဆုံးစိန်ခေါ်မှုမှာ ပြည်သူလူထု၏ မြင့်မားသည့် မျှော်လင့်ချက်များဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထုအား ပေးထားသည့်ကတိကဝတ်များကို အကောင်အထည်ဖော်ရန်၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရှိစေရန်၊ ပြည်သူလူထုအတွက် စွမ်းရည်မြင့်မားပြီး တာဝန်ခံမှုရှိသည့် ဝန်ထမ်းအဖွဲ့အစည်းဖြစ်ပေါ်လာစေရန် ပြည်သူဗဟိုပြု အုပ်ချုပ်ရေးစနစ်ဖြစ်စေရေးအတွက် အထူးဂရုစိုက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ပိုမိုထိရောက်မှန်ကန်မြန်ဆန်သည့် အုပ်ချုပ်ရေးယန္တရားဖြစ်လာစေရန် ဖွဲ့စည်းတည်ဆောက်ထားသည့် Structure မှန်ကန်စေရန်နှင့် အုပ်ချုပ်ရေးယန္တရားကြီးတစ်ခုလုံးကို မောင်းနှင်နေသည့် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာကို မှန်ကန်ရန်လိုအပ်ကြောင်း၊ ဝန်ကြီးဌာနတိုင်းသည် ပြုပြင်ပြောင်းလဲမှုကို ယင်းဝန်ကြီးဌာနကပင် ပြုပြင်ပြောင်းလဲပေးရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများကိုယ်တိုင် ပွင့်ပွင့်လင်းလင်းနှင့် ပြုပြင်ပြောင်းလဲမည့် အစီအစဉ်များရေးဆွဲဆောင်ရွက်ကြရန်လိုကြောင်း၊ အထက်ပါ အကြောင်းအရာ(၃)ချက်ကို အလွယ်တကူ သိမြင်နိုင်သော်လည်း ဝန်ထမ်းများ၏ စိတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများမှာ ထင်သာမြင်သာမသိနိုင်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတက ထိတွေ့ကိုင်တွယ်ရန်ခက်ခဲသည့် အတွင်းစိတ်ခံစားချက်များပါဝင်နေသည့်အတွက် ပြုပြင်ပြောင်းလဲရေးဆောင်ရွက်သည့်နေရာတွင် အခက်ခဲဆုံးအပိုင်းဟု ဆိုကြကြောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများကိုယ်တိုင် ပြုပြင်ပြောင်းလဲရေးအပေါ် ကိုယ်ရောစိတ်ပါ လက်ခံယုံကြည်ဦးဆောင်သွားနိုင်သည့် အခြေအနေကိုရောက်ရှိမှသာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကြီးက အောင်မြင်နိုင်မှာဖြစ်ကြောင်း၊ ဝန်ထမ်းများ၏ အလုပ်ခွင်စိတ်နေစိတ်ထား၊ လုပ်ငန်းကျွမ်းကျင်မှု၊ လုပ်ထုံးလုပ်နည်းများ၏သက်ရောက်မှုတို့သည် ပြုပြင်ပြောင်းလဲမှုကို အဆုံးအဖြတ်ပေးလေ့ရှိကြောင်း၊ ပြည်သူ့ရေးရာဝန်ဆောင်မှုများကို လူထုထံပို့ဆောင်ပေးရာတွင် ရိုးရှင်းလွယ်ကူအဆင့်မများသည့် ရုံးတွင်းလုပ်ငန်းစဉ်များရှိရန်လိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းအားလုံးကလည်း နိုင်ငံတော်က ဘာလုပ်နေသည်၊ ဘယ်လမ်းကြောင်းကို သွားနေသည်ဆိုသည်ကို သိရှိရန်လိုကြောင်း ပြောကြားသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက ယနေ့ခေတ်နိုင်ငံ့ဝန်ထမ်းကဏ္ဍသည် အဖွဲ့အစည်းများအတွင်း ပွင့်လင်းမြင်သာခြင်းမရှိသောစနစ်များရှိနေမှု၊ ဗဟိုချုပ်ကိုင်မှုနှင့် လုပ်ထုံးလုပ်နည်း သက်ရောက်အားနည်းမှုများကြောင့် ပြုပြင်စရာအချက်များစွာရှိနေပါကြောင်း၊ လူထုအတွက် တုံ့ပြန်မှု ပိုမိုမြန်ဆန်သော၊ ထိရောက်သော ဝန်ဆောင်မှုပေးရာတွင် စွမ်းဆောင်ရည်မြင့်မားသော၊ ပွင့်လင်းမြင်သာပြီး တာဝန်ခံမှုရှိသော၊ အရေးအကြီးဆုံးအနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ ဗဟိုချုပ်ကိုင်မှုစနစ်လျှော့ချရေးနှင့် လုပ်ပိုင်ခွင့်ခွဲဝေကျင့်သုံးရေးတို့အတွက် ကြိုးစားအားထုတ်လျက်ရှိသောသူများနှင့် လူထု၏ မျှော်မှန်းချက်များ ထင်ဟပ်စေနိုင်သော ကဏ္ဍတစ်ခုဖြစ်လာရန်လည်း လိုအပ်မည်ဖြစ်ကြောင်း။

ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်တို့ တွဲဖက်ဆောင်ရွက်ထားသော မြန်မာနိုင်ငံဝန်ထမ်းကဏ္ဍရှိ ကျင့်ဝတ်၊ တန်းတူအခွင့်အရေးများနှင့် အရည်အချင်းအလိုက် ချီးမြှင့်မြှောက်စားမှုနှင့် စပ်လျဉ်းသည့် နိုင်ငံ့ဝန်ထမ်းများ၏ သဘောထားအမြင်များကိုလေ့လာစုဆောင်းသည့် စစ်တမ်းအစီရင်ခံစာနှင့် ရလဒ်များကို မကြာခင်မှာ ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း။

ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ဝန်ထမ်းများ၏ သင်ကြားမှုနှင့် ဖွံ့ဖြိုးမှုများ တိုးတက်လာစေရန်နှင့် သင်ကြားမှုနည်းလမ်းနှင့် ဆရာများ၏ အရည်အသွေးများ ခေတ်မီဖွံ့ဖြိုးတိုးတက်လာနိုင်စေရန် ပြည်သူ့ဝန်ထမ်းအကယ်ဒမီကို ၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းတွင် ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

အပြောင်းအလဲကို စီမံခန့်ခွဲရာတွင် မျှော်မှန်းချက်၊ ကျွမ်းကျင်မှု၊ မက်လုံး၊ ရင်းမြစ်များ၊ လက်တွေ့အစီအစဉ်စသည့် အခြေခံ(၅)ချက်နှင့်ပြည့်စုံလျှင် အောင်မြင်သော အပြောင်းအလဲတစ်ရပ်သို့ ရောက်ရှိမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

UNDPနှင့် ကုလသမဂ္ဂပြည်သူ့အကျိုးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်မှ မစ္စ အမ်မာမော်လီက မြန်မာနိုင်ငံ၏ ပြည်သူ့ဝန်ထမ်းများအနေဖြင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သောအပြောင်းအလဲများကို လုပ်ဆောင်ရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။ ထိုသို့လုပ်ဆောင်ရာတွင် ဝန်ထမ်းများ၏ စိတ်ဓာတ်နှင့်ခံယူချက်များသည် အလွန်ပင် အရေးကြီးကြောင်းနှင့် ထောင်စုနှစ်ရည်မှန်းချက်များပြည့်မီနိုင်စေရန် နိုင်ငံတိုင်းရှိ ဝန်ထမ်းများသည် အဓိကကျကြောင်း၊ မကြာသေးမီက ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၏ သုတေသနတစ်ရပ်က ပြသလျက်ရှိပါကြောင်း ၎င်းကပြောကြားခဲ့သည်။ အစိုးရ၏ အရေးကြီးသောမူဝါဒများ အကောင်အထည်ဖော်ဆောင်ခြင်း၊ ပြည်သူများအား ပြည့်ဝသောဝန်ဆောင်မှုပေးခြင်းနှင့် လူ့ကျင့်ဝတ်ကိုသွေဖည်သော အပြုအမူများကို လျှော့ချခြင်းစသည့်နေရာများတွင် ပြည်သူ့ဝန်ထမ်းများ၏ခံယူချက် သဘောထား၊ လုပ်ငန်းကျွမ်းကျင်မှုအပြင် အသိပညာရှိမှုတို့သည်လည်း အဓိကကျသည့်နေရာတွင် ပါဝင်နေကြောင်း ၎င်းကဆိုသည်။ မြန်မာနိုင်ငံရှိ ပြည်သူ့ဝန်ထမ်းများ၏ စိတ်ဓာတ်၊ ခံယူချက်နှင့် လုပ်နိုင်စွမ်းပကားများကို မြှင့်တင်ပေးခြင်းအားဖြင့် ထောင်စုနှစ်ရည်မှန်းချက်ကို ပြည့်မီနိုင်မည်ဖြစ်ပါကြောင်း မစ္စ အမ်မာမော်လီက ဆက်လက်ပြောကြားခဲ့သည်။



# မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးနှင့် စီးပွားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Madam Gao Yan နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးနှင့် စီးပွားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြပြီး ဒုတိယဝန်ကြီး Madam Gao Yan က တရုတ်နိုင်ငံတွင် ကျင်းပမည့် (၁၃)ကြိမ်မြောက် နန်နင်းကုန်စည်ပြပွဲသို့ တက်ရောက်ရန် ဒုတိယသမ္မတအား ဖိတ်ကြားခဲ့သည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ဒုတိယဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန် တက်ရောက်သည်။ **(သတင်းစဉ်)**



မစ္စ အမ်မာမော်လီ

မြန်မာနိုင်ငံ၏ ပြည်သူ့ဝန်ထမ်းများသည် တရားမျှတခြင်း၊ သာတူညီမျှဆက်ဆံခြင်း၊ တန်းတူအခွင့်အရေးပေးခြင်းနှင့် လူမျိုးရေးခွဲခြားဆက်ဆံမှုမရှိခြင်းစသည့်အချက်များအား တန်ဖိုးထားသည်ကို တွေ့ရှိရသည်။ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့၏ မြန်မာဝန်ထမ်းများအပေါ် လေ့လာသုံးသပ်ထားသည့် သုတေသနများအရ မြန်မာဝန်ထမ်းများသည် ယေဘုယျအားဖြင့် စိတ်ဓာတ်၊ ခံယူချက်သဘောထားမြင့်မားသည်။ ဝန်ထမ်းအများစုသည် လုပ်ငန်းခွင်တွင် ပျော်မွေ့ကြပြီး ပြည်သူ့ဝန်ထမ်းဖြစ်ရသည်ကို ဂုဏ်ယူကြသည်။ သို့သော် ပြဿနာများ၊ စိန်ခေါ်မှုများနှင့် ရင်ဆိုင်တွေ့ကြုံရသည့်အခါတွင် ဝန်ထမ်းများ၏စိတ်ဓာတ်ကြံ့ခိုင်မှုရှိစေရေးအတွက် တရားမျှတမှု၊ ပွင့်လင်းမြင်သာမှုနှင့် သာတူညီမျှဆက်ဆံမှုတို့သည် အလွန်ပင်အရေးကြီးကြောင်း ဝန်ထမ်းများက ထင်မြင်ယူဆကြသည်ကို တွေ့ရှိရသည်။ ယင်းအချက်များသည် ၎င်းတို့၏ ထင်မြင်ယူဆချက်ပင်ဖြစ်သည်။ ဝန်ထမ်းများသည် သာတူညီမျှစွာဆက်ဆံမှုကို အလိုရှိကြသည်။ ဌာနဆိုင်ရာများနှင့် ဝန်ကြီးဌာနများတွင် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းဆိုင်ရာ ဆောင်ရွက်မှုများတွင် ဘက်လိုက်မှုမရှိဘဲ သာတူညီမျှစွာ လုပ်ဆောင်ခြင်းကို လိုချင်ကြသည်။ ထို့ပြင် လာဘ်စားမှုများ၊ လူမျိုးရေးခွဲခြားဆက်ဆံမှုများနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ ပတ်သက်မှုကြောင့် အခွင့်အရေးများပေးခြင်းစသည့် မနှစ်မြို့ဖွယ်ရာအချက်များကို အဆုံးသတ်စေချင်ကြသည်။ ထိုသို့ လာဘ်စားမှုများ၊ လူမျိုးရေးခွဲခြားဆက်ဆံမှုများနှင့် ဆွေမျိုးကောင်းစားရေးဝါဒများသည် ဝန်ထမ်းသစ်စုဆောင်းခြင်း၊ ရာထူးတိုးခြင်းအပြင် အခြားသောအခွင့်အရေးများအပေါ် အကျိုးသက်ရောက်မှုရှိသည်ဟု ထင်မြင်ယူဆခြင်းတို့ကြောင့် ပြည်သူ့ဝန်ထမ်းများ၏ လုပ်နိုင်စွမ်းရည်နှင့် လုပ်ငန်းစွမ်းဆောင်မှုတို့ကို အလွန်အမင်းထိခိုက်စေနိုင်သည်ကို တွေ့ရှိရကြောင်း မစ္စ အမ်မာမော်လီက ထောက်ပြပြောကြားခဲ့သည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ပညာရှင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ပြည်သူ့ဝန်ထမ်းအုပ်ချုပ်ရေးလုပ်ငန်းစဉ် အစီအမံများ- UCSB ၏ လုပ်ပိုင်ခွင့်တာဝန်နှင့် အခန်းကဏ္ဍအား ပြန်လည်သုံးသပ်ခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်မှု၏ အခြေခံဖြစ်သော စိတ်အားထက်သန်စွာဆောင်ရွက်ခြင်း၊ အတွင်းအပြင် စေ့ဆော်မှုများအားပြောင်းလဲမှုအတွက် မောင်းနှင်အားအဖြစ် အသုံးချခြင်း၊ အနာဂတ်ခေါင်းဆောင်များအတွက် ရင်းနှီးမြှုပ်နှံခြင်း၊ ခေါင်းဆောင်မှုဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ၊ ပွင့်လင်းမြင်သာရှိမှုနှင့် တာဝန်ခံမှုတို့ကို မြှင့်တင်ခြင်း၊ လူထုသဘောတူညီမှုအား ပြန်လည်ဆောင်ရွက်ခြင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ လုပ်ပိုင်ခွင့်တာဝန်နှင့်အခန်းကဏ္ဍ၊ ဥပဒေ၊နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းပြောင်းလဲမှုများအတွက် လိုအပ်ချက်များ။

မြန်မာနိုင်ငံပြည်သူ့ဝန်ထမ်းကဏ္ဍရှိ အရည်အချင်းအလိုက် ချီးမြှင့်မြှောက်စားမှုနှင့်လုပ်ငန်းစွမ်းဆောင်ရည်များ၊ မြန်မာနိုင်ငံပြည်သူ့ဝန်ထမ်းကဏ္ဍရှိ ကျင့်ဝတ်သိက္ခာ၊ အရည်အချင်းအလိုက်ချီးမြှင့်မြှောက်စားမှုနှင့် တန်းတူအခွင့်အရေးများဆိုင်ရာ သဘောထားအမြင်စစ်တမ်းမှတွေ့ရှိချက်များ၊ လက်ရှိဖွင့်လှစ်လျက်ရှိသော သင်တန်းများနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးချဉ်းကပ်ဆောင်ရွက်မှုများနှင့် နည်းစနစ်များ၊ ပြည်သူ့ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ပြည်သူ့ဝန်ထမ်းအကယ်ဒမီပုံစံ၊ ပြည်သူ့ဝန်ထမ်းဆိုင်ရာစည်းမျဉ်း၊ စည်းကမ်းများနှင့် အရေးယူပြုပြင်မှုဆိုင်ရာစနစ်များ၊ အရေးယူတည့်မတ်ပေးမှုကျင့်ထုံးများနှင့် ဘက်လိုက်ခြင်းကင်းမှုပုံစံများ ခေါင်းစဉ်တို့ဖြင့် အစုအဖွဲ့အလိုက် ဆွေးနွေးကြသည်။

ဆွေးနွေးပွဲ ဒုတိယနေ့ကို ဩဂုတ် ၂၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**(သတင်းစဉ်)**

# မူခင်းအသိပညာပေး ရွေ့လျားစာကြည့်တိုက်ယာဉ် ကျိုက်ထိုမြို့သို့ ရောက်ရှိ

**ကျိုက်ထို ဩဂုတ် ၂၅**

မွန်ပြည်နယ် သထုံခရိုင်အတွင်းရှိ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ မှုခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာဆောင်ရွက်ရေးတို့အတွက် အသိပညာပေးဆောင်ရွက်ရန် မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး၏ ဦးဆောင်လမ်းညွှန်မှုဖြင့် သထုံခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးနန္ဒဝင်းကြီးကြပ်စီစဉ်ဆောင်ရွက်ခဲ့သော မှုခင်းအသိပညာပေး ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်သည် ဩဂုတ် ၂၂ ရက်က ကျိုက်ထိုမြို့သို့ ရောက်ရှိခဲ့သည်။

အဆိုပါယာဉ်တွင် ကျိုက်ထိုမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သိန်းဦးနှင့် စခန်းမှူး ဒုရဲမှူးကျော်လင်း ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များလိုက်ပါ၍ ကျိုက်ထိုမြို့၏ လူစည်ကားရာနေရာများဖြစ်သော ပြည်သူ့ဈေးရှေ့၊ အထက(၁) ကျောင်းဝင်း၊ အထက (၂) ကျောင်းဝင်း၊ မုပ္ပလင်လမ်းဆုံ၊သိမ်ဇရပ်ဈေးရှေ့၊ ကင်မွန်ချောင်းတို့တွင် မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန်တက္ကသိုလ် ကားဗုံးခွဲတိုက်ခိုက်ခံရ

**ကဘူး ဩဂုတ် ၂၅**

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော် ကဘူးအနောက်ဘက်ပိုင်းရှိ အမေရိကန်တက္ကသိုလ်တစ်ခုကို ဩဂုတ် ၂၄ ရက်က ကားဗုံးခွဲတိုက်ခိုက်ခဲ့ပြီး အကြမ်းဖက်သမားများက သေနတ်များဖြင့် ဦးတည်ရာမဲ့ပစ်ခတ်ခဲ့ရာ လူခုနစ်ဦးသေဆုံးပြီး ၃၂ ဦးထိခိုက် ဒဏ်ရာများရရှိခဲ့ကြောင်း ရဲအရာရှိတစ်ဦးက ဆိုသည်။




အဆိုပါအကြမ်းဖက်မှုတွင် တက္ကသိုလ်ကျောင်းသားတစ်ဦး၊ ရဲအရာရှိသုံးဦးနှင့် အကြမ်းဖက်သမားသုံးဦး သေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူများအနက် ရဲအရာရှိကိုးဦး ပါဝင်ခဲ့ကြောင်း သိရသည်။ တက္ကသိုလ်ကျောင်းဝင်းအတွင်းရှိ ကျောင်းသား ၇၀၀ ခန့်ကို ကယ်ဆယ်နိုင်ခဲ့သည်ဟု ကဘူးရဲချုပ် အဒူလ် ရာချမန် ရာဟီမီက မီဒီယာများကို ပြောကြားခဲ့သည်။

အခင်းဖြစ်ပွားမှုသည် ဩဂုတ် ၂၄ ရက် ည ၈ နာရီခွဲ အချိန်မှစတင်ခဲ့ပြီး ဩဂုတ် ၂၅ ရက်နံနက် ၆ နာရီခွဲတွင် အဆုံးသတ်သွားခဲ့သည်။

အကြမ်းဖက်သမားသုံးဦးအနက် တစ်ဦးက အမေရိကန်တက္ကသိုလ်ခြံဝင်းတံတိုင်းကို ကားဗုံးခွဲပြီး နောက်ထပ်အကြမ်းဖက်သမားနှစ်ဦးက တက္ကသိုလ်ဝင်းအတွင်းသို့ ဝင်ရောက်ကာ သေနတ်နှဲ့ဝင်ရောက်ပစ်ခတ်ခဲ့ကြောင်း သိရသည်။

အမေရိကန်တက္ကသိုလ်ကို တာလီဘန်အကြမ်းဖက်အဖွဲ့က လွန်ခဲ့သော နှစ်များအတွင်း အကြမ်းဖက်မှုကျူးလွန်ရန် ခြိမ်းခြောက်ခဲ့သည်ဟု သတင်းကြားခဲ့ကြောင်း၊ ယခုအခင်းမဖြစ်ပွားမီ ရက်သတ္တပတ်နှစ်ပတ်အကြာက အမေရိကန် တက္ကသိုလ်မှ ဆရာနှစ်ဦးကို ပြန်ပေးဆွဲထားကြောင်းနှင့် ယင်းပြန်ပေးဆွဲခံရသည့် ဆရာနှစ်ဦးမှာ ယခုထိတိုင် ပျောက်ဆုံးလျက်ရှိနေသေးကြောင်း ဒေသခံတစ်ဦးက ပြောကြားခဲ့သည်။

အစိုးရအဖွဲ့မဟုတ်သောအဖွဲ့အစည်းများနှင့် အစိုးရရုံးများတွင် အလုပ်ဝင်ရောက်လုပ်ကိုင်နေသည့် ကျောင်းသားအများစုသည် အတန်းတက်ရောက်ရန် တက္ကသိုလ်သို့ အခင်းမဖြစ်ပွားမီ ရောက်ရှိနေခဲ့ကြောင်းသိရသည်။

ယင်းအကြမ်းဖက်မှုကို မည်သည့်အကြမ်းဖက်အဖွဲ့အစည်းက ကျူးလွန်ခဲ့သည်ကိုမူ ယခုတိုင်မသိရသေးပေ။

ယခုပထမနှစ်ဝက်အချိန်ထိ အာဖဂန်နစ္စတန်နိုင်ငံတွင် တာလီဘန်ဦးဆောင်သည့် အကြမ်းဖက်မှုများကြောင့် အရပ်သား ၁၆၀၀ သေဆုံးခဲ့ပြီး ၃၅၆၀ ကျော် ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂအဖွဲ့တာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။

**ဆင်ဟွာ။**

## ကမ္ဘောဒီးယားနိုင်ငံတွင် ယခုနှစ်အတွင်း လူ ၉၂ ဦး မိုးကြိုးထိမှန် သေဆုံးခဲ့ဟုဆို

**ဖနောင်ပင် ဩဂုတ် ၂၅**

၂၀၁၆ ခုနှစ်၏ ပထမရှစ်လအတွင်းဖြစ်သည့် ဩဂုတ်လအတွင်းတွင် ကမ္ဘောဒီးယားနိုင်ငံတစ်ဝန်း၌ မိုးကြိုးထိမှန်သေဆုံးသူ ဦးရေ ၉၂ ဦးရှိပြီး ယမန်နှစ် အလားတူကာလအတွင်းက မိုးကြိုးထိမှန် သေဆုံးသူပေါင်းမှာ ၆၄ ဦးရှိကြောင်း ကမ္ဘောဒီးယားအစိုးရ တာဝန်ရှိသူတစ်ဦးက ဩဂုတ် ၂၅ ရက်တွင် ပြောကြားသည်။

အဆောက်အအုံများ၏ အပြင်ဘက်တွင် ရှိနေသည့် လူများသည် မိုးကြိုးထိမှန်ခံရသူများရှိပြီး မိုးကြိုးပစ်ခံရသူများကြောင့် ထိခိုက်ဒဏ်ရာရသူဦးရေမှာ ယခုနှစ်ဇန်နဝါရီလမှ ဩဂုတ်လအတွင်း ၉၂ ဦးရှိခဲ့ကြောင်း၊ ယင်းမှာ ယမန်နှစ်အတွင်းက မိုးကြိုးထိမှန် ဒဏ်ရာရသူ ၅၈ ဦးထက် ပိုမိုခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီ၏ ပြောရေးဆိုခွင့်ရှိသူက ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

မိုးရာသီမတိုင်မီ အစွန်းရောက်ခဲ့သော အပူချိန်မြင့်မားသော ရာသီဥတုဖြစ်စဉ်များကြောင့် ကမ္ဘောဒီးယားနိုင်ငံတွင် လူအသေအပျောက်ရှိသော မိုးကြိုးပစ်မှုများ မြင့်တက်လာခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံ၌ မိုးရာသီအတွင်းဖြစ်သည့် မေလမှ အောက်တိုဘာလအတွင်းတွင် မိုးကြိုးပစ်မှုဖြစ်စဉ်များသည် ဖြစ်ရိုးဖြစ်စဉ် ဖြစ်သော်လည်း ယခုနှစ်ဧပြီနှင့် မေလအတွင်းက အဆိုးရွားဆုံး မိုးခေါင်မှုဖြစ်ပွားခဲ့ခြင်းကြောင့် မိုးကြိုးပစ်မှုများ နှစ်စဉ်ထက် ပိုမိုခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ။**



## ဆီးရီးယားနိုင်ငံတွင်းရှိ အိုင်အက်စ်များအား တူရကီတင့်ကားများ ဝင်ရောက်တိုက်ခိုက်

**အန်ကာရာ ဩဂုတ် ၂၅**

တူရကီတပ်မတော်မှ တင့်ကားတပ်ဖွဲ့များသည် ဩဂုတ် ၂၄ ရက် နံနက်အစောပိုင်းက ဆီးရီးယားနိုင်ငံတွင်းသို့ ဝင်ရောက်ကာ တူရကီနှင့် ဆီးရီးယားနယ်စပ်အနီးရှိ အစ္စလာမ္မစ်နိုင်ငံအဖွဲ့(အိုင်အက်စ်)တို့အား တိုက်ခိုက်ခဲ့ကြောင်း ဒေသတွင်းသတင်း၌ ဖော်ပြသည်။

တူရကီတပ်ဖွဲ့များသည် ဆီးရီးယားအစိုးရအား ဆန့်ကျင်နေသည့် အလယ်အလတ်သဘောထားရှိသည့် အုပ်စုများနှင့် မဟာမိတ်ဖွဲ့ကာ ဆီးရီးယားနိုင်ငံမြောက်ပိုင်း ဂျာရာဘလတ်ရှိ အိုင်အက်စ်များနှင့် အခြားအကြမ်းဖက်အဖွဲ့အစည်းများအား တိုက်ခိုက်သွားမည်ဟု တူရကီပြည်ထဲရေးဝန်ကြီး အက်ဖ်ကန် အလာက ဒေသတွင်းမီဒီယာသို့ ပြောကြားသည်။



ယူဖရေးတီးစ် ဒိုင်းဟု အမည်ပေးထားသည့် အဆိုပါစစ်ဆင်ရေးကို တူရကီအား အိုင်အက်စ်တို့ ခြိမ်းခြောက်မှုမှ ရှင်းလင်းသွားနိုင်သည့်အချိန်ထိ ဆင်နွှဲသွားမည်ဟု တူရကီပြည်ထဲရေးဝန်ကြီးက ပြောကြားသည်။

တူရကီသည် ဩဂုတ် ၂၄ ရက်တွင် ဂျာရာဘလတ်ရှိ အိုင်အက်စ်ပစ်မှတ်များအား လေကြောင်းမှ စီးနင်းတိုက်ခိုက်မှု လေးကြိမ်ထက်မနည်းပြုလုပ်ခဲ့ပြီး အိုက်အက်စ်ပစ်မှတ် ၁၂ ခုတို့ ထိမှန်ခဲ့ကြောင်း သတင်းများ၌ ဖော်ပြသည်။

**ဆင်ဟွာ။**

## အီတလီငလျင်ကြောင့် သေဆုံးသူ ၂၄၇ ဦးရှိ

**ရောမ ဩဂုတ် ၂၅**

အီတလီနိုင်ငံတွင် ယမန်နေ့က လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် သေဆုံးသူအရေအတွက်မှာ ၂၄၇ ဦးရှိခဲ့ကြောင်း သတင်းများအရသိရသည်။

ဩဂုတ် ၂၄ ရက်က အီတလီနိုင်ငံ လာဇီယိုအလယ်ပိုင်းဒေသသို့ အင်အား ၆ ဒသမ ၂ ပြင်းအားရှိသော ငလျင်တစ်ခုလှုပ်ခတ်ခဲ့သည်။ လူဦးရေ ၂၆၀၀ နေထိုင်သည့် တောင်ပေါ်မြို့အာမာထရေ့စ်တွင် ငလျင်လှုပ်ခတ်မှုပြင်းထန်ခဲ့သည်။ မြို့ရှိ လူနေအိမ်အားလုံးနီးပါး ပြိုကျပျက်စီးခဲ့သည်။

အာမာထရေ့စ်မြို့သည် ရောမမြို့သာမက အီတလီတစ်နိုင်ငံလုံးမှ ပြည်သူများ နွေရာသီအပန်းဖြေခရီးသွားရောက်သည့်မြို့ဖြစ်သည်။ ငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူအများစုမှာ ခရီးသွားများဖြစ်သည်ဟု ယုံကြည်ရသည်။

ငလျင်ဒဏ်ကြောင့် အိုးမဲ့အိမ်မဲ့ ဖြစ်သွားသူများသည် ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်လျက်ရှိသည်။

ကာကွယ်ရေးတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့များက အပျက်အစီးများအောက်တွင် ပိတ်မိနေသူများကို ရှာဖွေကာ ကယ်ဆယ်ပေးလျက်ရှိကြောင်းသိရသည်။

အီတလီဝန်ကြီးချုပ် မတ်တီရို ရန်ဇီက ငလျင်ဒဏ်ခံခဲ့ရသည့် နေရာဒေသများသို့ သွားရောက်ခဲ့သည်။ အစိုးရအနေဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများကို အစွမ်းကုန်ကြိုးစားလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ။**



# နျူကလီးယားဒြပ်ပစ္စည်းနှင့် နျူကလီးယားအဆောက်အအုံများအား ရုပ်ပိုင်းဆိုင်ရာ အကာအကွယ်ပြုမှု ပဋိညာဉ်တွင် လိုက်နာကျင့်သုံးသည့် အဖွဲ့ဝင်နိုင်ငံအဖြစ် မြန်မာနိုင်ငံမှ အတည်ပြုပါဝင်နိုင်ရေးဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၅**

နျူကလီးယားဒြပ်ပစ္စည်းရရှိပြီးမှ နျူကလီးယားစွမ်းအင် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုရေးကဏ္ဍနှင့် ဖောက်ခွဲဖျက်ဆီးသည့် ကဏ္ဍများတွင် အသုံးပြုနေကြသည်ကို တွေ့ရှိကြရမည်ဖြစ်ကြောင်း၊ နျူကလီးယားဆိုင်ရာကိစ္စရပ်များ၏ အရေးအကြီးဆုံးအပိုင်းသည် အဆောက်အအုံအပိုင်းဖြစ်ကြောင်း တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မျိုးထက်ဝင်းက ပြောကြားသည်။

ယနေ့မွန်းလွဲ(၁)နာရီခွဲတွင်ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော နျူကလီးယားဒြပ်ပစ္စည်းနှင့် နျူကလီးယားအဆောက်အအုံများအား ရုပ်ပိုင်းဆိုင်ရာအကာအကွယ်ပြုမှုပဋိညာဉ်တွင် လိုက်နာကျင့်သုံးသည့် အဖွဲ့ဝင်နိုင်ငံအဖြစ် မြန်မာနိုင်ငံမှ အတည်ပြုပါဝင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်မှူးကြီး မျိုးထက်ဝင်းက ထိုသို့ ဆွေးနွေးပြောကြားခဲ့ခြင်းဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီမှ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာနှင့် ဘေးကင်းလုံခြုံစွာအသုံးပြုနိုင်ရန် ရည်ရွယ်၍ ပဋိညာဉ်များပြဋ္ဌာန်းလျက်ရှိပါကြောင်း၊ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းသောရည်ရွယ်ချက်ဖြင့် အသုံးပြုမှုဖွံ့ဖြိုးလာစေရန် အစိုးရအနေဖြင့် တိုက်တွန်းအားပေးဆောင်ရွက်သင့်ပါကြောင်း၊ Nucler Safety Law ကို အမြန်ဆုံး ပြဋ္ဌာန်းသင့်ပါကြောင်း ၎င်းကထောက်ခံဆွေးနွေးသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုးက နျူကလီးယားဒြပ်ပစ္စည်းနှင့် နျူကလီးယားအဆောက်အအုံများအား ရုပ်ပိုင်းဆိုင်ရာ အကာအကွယ်ပြုမှုပဋိညာဉ်သည် ဥပဒေရေးရာစည်းနှောင်မှုနှင့် ထိရောက်သည့်အပြစ်ပေးမှုများ ပါဝင်သည့်အတွက် ကုလသမဂ္ဂပဋိညာဉ်အရ အဖွဲ့ဝင်နိုင်ငံများသည် အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးတွင် ညီညွတ်မှုမရှိသည့် အပြုအမူများ၊ နိုင်ငံရေးအရ လွတ်လပ်စွာတည်ရှိမှုသို့မဟုတ် ခိုင်မာသည့် နယ်မြေပိုင်ဆိုင်မှုကို ဆန့်ကျင်သည့် အင်အားသုံးစွဲမှုနှင့် ခြိမ်းခြောက်မှုများကို ရှောင်ကြဉ်ရမည်ဖြစ်ကြောင်း၊ နျူကလီးယားဒြပ်ပစ္စည်းနှင့် တရားမဝင်ရောင်းဝယ်မှုမှ ခြိမ်းခြောက်မှုများနှင့် နျူကလီးယား အဆောက်အအုံများ မတော်တဆပေါက်ကွဲမှုများကို ထိန်းချုပ်သွားရမည်ဖြစ်ကြောင်း၊ နျူကလီးယားစွမ်းအင်အသုံးပြုခြင်းဖြင့် ကောင်းကျိုးများစွာရရှိသကဲ့သို့ ဆိုးကျိုးများစွာလည်းရှိကြောင်း၊ ပဋိညာဉ်တွင် လိုက်နာကျင့်သုံးသည့် အဖွဲ့ဝင်နိုင်ငံအဖြစ် မြန်မာနိုင်ငံကအတည်ပြုပါဝင်နိုင်ရေးကိစ္စကို ထောက်ခံကြောင်း ဆွေးနွေးသည်။


ဒုတိယဗိုလ်မှူးကြီး မျိုးထက်ဝင်း


ဦးစိုးသိန်း(ခ) ဦးမောင်စိုး

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော နျူကလီးယားဒြပ်ပစ္စည်းနှင့် နျူကလီးယားအဆောက်အအုံများအား ရုပ်ပိုင်းဆိုင်ရာအကာအကွယ်ပြုမှုပဋိညာဉ်တွင် လိုက်နာကျင့်သုံးသည့် အဖွဲ့ဝင်နိုင်ငံအဖြစ် မြန်မာနိုင်ငံမှအတည်ပြုပါဝင်ရေးကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကသဘောတူကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် နျူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေး ပဋိညာဉ်တွင် လိုက်နာကျင့်သုံးသည့် အဖွဲ့ဝင်နိုင်ငံအဖြစ် မြန်မာနိုင်ငံမှ အတည်ပြုပါဝင်ရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၃)ဦးက ဆွေးနွေးကြသည်။

တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ဇော်ထွန်းဦးက လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန် စွမ်းအင်လိုအပ်ချက်များရှိနေဆဲဖြစ်ကြောင်း၊ အခြားစွမ်းအင်အရင်းအမြစ်များမှ စွမ်းအင်လုံလောက်စွာမရရှိနိုင်သဖြင့် နျူကလီးယားစွမ်းအင်ထုတ်ယူပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန် နျူကလီးယားစွမ်းအင်ကို စဉ်းစားသင့်ပြီး ကြိုတင်ကာကွယ်မှုများကိုလည်း ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ လုံလောက်သည့် လျှပ်စစ်စွမ်းအင်ပေးစွမ်းနိုင်မှသာ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် Nuclear Reactor မရှိသေးသော်လည်း မြန်မာနိုင်ငံသူနိုင်ငံသားများ၏ အသက်အိုးအိမ်စည်းစိမ်ကာကွယ်ရေး၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတို့အတွက် နျူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေး ပဋိညာဉ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ပြုပါဝင်သင့်ကြောင်း ဆွေးနွေးသည်။

အလားတူ ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေက နျူကလီးယားစွမ်းအင်သည် ဖန်လုံအိမ်အာနိသင်ရှိသည့် ဓာတ်ငွေ့ထုတ်လုပ်မှုကို အသေးငယ်ဆုံးပမာဏထိ လျှော့ချနိုင်ခြင်းကြောင့် ရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုးများကို သက်သာသွားစေနိုင်ပါကြောင်း၊ အနာဂတ်တည်ဆောက်မှုများကို နျူကလီးယားနည်းပညာက ဖြည့်ဆည်းပေးနေပါကြောင်း၊ ထိုသို့နျူကလီးယားနည်းပညာကိုတွင်ကျယ်စွာ အသုံးပြုလာကြသည်နှင့်အမျှ နျူကလီးယားဘေးအန္တရာယ်ကင်းရှင်းမှုသည် အလွန်အရေးကြီးပါကြောင်း၊ ပဋိညာဉ်သည် အနာဂတ်ကာလ လူသားတို့၏ ဘေးအန္တရာယ်ကင်းရှင်းမှုကို ရည်ရွယ်ဆောင်ရွက်သည့်အတွက် မြန်မာနိုင်ငံအတည်ပြုပါဝင်ရေးအတွက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော နျူကလီးယားဒြပ်ပစ္စည်းနှင့် နျူကလီးယားအဆောက်အအုံများအား ရုပ်ပိုင်းဆိုင်ရာ အကာအကွယ်ပြုမှုပဋိညာဉ်တွင် လိုက်နာကျင့်သုံးသည့် အဖွဲ့ဝင်နိုင်ငံအဖြစ် မြန်မာနိုင်ငံမှ အတည်ပြုပါဝင်ရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကသဘောတူကြောင်း ကြေညာခဲ့သည်။

**(သတင်းစဉ်)**

# သဘာဝပတ်ဝန်းကျင်နှင့် သစ်တောရေးရာကိစ္စဆိုင်ရာများအပေါ် ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၅**

ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် သာစည်မြို့နယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးသန်းစိုး၏ သာစည်မြို့နယ် ဝေးလံခေါင်သီသည့် တောင်ပေါ်ဒေသရှိ (၅) မိုင်ပတ်လည်အတွင်း သဘာဝသစ်တောများအား အနီးပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကိုယ်တိုင် ဥပဒေနှင့်အညီ ဝိုင်းဝန်းပူးပေါင်းကာကွယ်ထိန်းသိမ်းခွင့်ပြုရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ထိုသို့ ဖြေကြားခဲ့ခြင်းဖြစ်သည်။

ဒေသခံပြည်သူများ၏ အခြေခံစားဝတ်နေရေးလိုအပ်ချက်ဖြည့်ဆည်းပေးရန်နှင့် နေ့စဉ်ကြုံတွေ့နေရသည့် လူမှုဘဝလိုအပ်ချက်များ ဖြည့်ဆည်းပေးရန် ရည်ရွယ်ချက်များဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခြင်းကို ခွင့်ပြုပေးလျက်ရှိပါကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ပြောကြားသည်။

ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း လုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များတွင် သစ်တောများအတွင်း သို့မဟုတ် သစ်တောများအနီး (၅)မိုင် ပတ်လည်အတွင်းတွင် (၅)နှစ် တစ်ဆက်တစ်စပ်တည်း အခြေချနေထိုင်ခဲ့သော ဒေသခံပြည်သူများအနက် သစ်တောလုပ်ငန်းကို စိတ်ဝင်စားပြီး သစ်တောကိုအမှန်တကယ် မှီခိုအသုံးပြု၍ တိုက်ရိုက်အကျိုးသက်ဆိုင်သည့် အိမ်ထောင်စုများဖြင့် ဖွဲ့စည်းထားသော အသုံးပြုသူများအဖွဲ့ဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းကို ဆောင်ရွက်နိုင်ပါကြောင်း၊ သို့ရာတွင် အစဉ်အလာနှင့် ဓလေ့ထုံးစံအရ ဒေသခံလူထုက စီမံအုပ်ချုပ်လုပ်ကိုင်လာခဲ့သော သစ်တောများကိုဖြစ်စေ၊ ဒေသအခြေအနေပေါ် မူတည်၍ ခရိုင်သစ်တောအရာရှိက အတည်ပြုသတ်မှတ်ပေးလျှင်ဖြစ်စေ၊ ခြွင်းချက်အဖြစ် အကွာအဝေးနှင့် နေထိုင်ခဲ့သည့် အချိန်ကာလကို ထည့်သွင်းစဉ်းစားရန် မလိုအပ်ပါကြောင်း၊ ကျေးရွာများအနီး (၅)မိုင်ပတ်လည်အတွင်းရှိ သစ်တောမြေ သို့မဟုတ် အစိုးရစီမံခန့်ခွဲခွင့်ရှိသော မြေရှိ သဘာဝသစ်တောများကို ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းနည်းလမ်းဖြင့် ဒေသခံပြည်သူများကိုယ်တိုင် ထိန်းသိမ်းပြုစု ထုတ်ယူသုံးစွဲနိုင်ရန် ခွင့်ပြုထားပြီးဖြစ်ပါကြောင်း။


ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား တွေ့ရစဉ်။ (သတင်းစဉ်)

ဖော်ပြပါ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက် (Community Forestry Instructions)ထုတ်ပြန်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများကို တည်ထောင်ခွင့်ပြုခဲ့ရာ စုစုပေါင်းအစုအဖွဲ့ (၂၀၄၂)ဖွဲ့၊ အဖွဲ့ဝင်ဦးရေ (၅၄၉၇၂)ဦးနှင့် (၂၈၂၄၃၇ ဒသမ ၂၂) ဧကကို သစ်တောနယ်မြေ၊ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောနှင့် အစိုးရစီမံခန့်ခွဲခွင့်ရှိသောမြေများတွင် တည်ထောင်ခွင့်ပြုခဲ့ပြီး မန္တလေးတိုင်းဒေသကြီးအတွင်း အစုအဖွဲ့ (၁၇၄) ဖွဲ့၊ အဖွဲ့ဝင်ဦးရေ(၇၆၇၄)နှင့် ဧရိယာ(၁၅၃၆၈ ဒသမ ၅၅)ဧကကို တည်ထောင်ခွင့်ပြုထားပြီးဖြစ်ပါကြောင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ သတ်မှတ်ခွင့်ပြုသော နေရာဒေသများတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ကိုင်ခွင့်ရှိပါကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

မင်းတုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းနု၏ မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်၏ တောင်ဘက်ခြမ်းတွင်ရှိသော ပန်းညိုကြိုးပြင်ကာကွယ်တောအတွင်းကျန်ရှိနေသော ကိုင်းမြေနှင့် ဥယျာဉ်ခြံမြေအား မူလလုပ်ကိုင်ခဲ့သော တောင်သူများအား လွတ်လပ်စွာ စိုက်ပျိုးခွင့်ပြုရန်နှင့် ပိုင်ဆိုင်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိမေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက သရက်ခရိုင် မင်းတုန်းမြို့နယ်သည် ဧရိယာအားဖြင့် (၆၁၀၄၁၇)ဧက (၉၈၆ ဒသမ ၅၉)စတုရန်းမိုင်ကျယ်ဝန်းပြီး ကြိုးဝိုင်းသစ်တော(၇)ခု၊ ဧရိယာ(၁၉၅၀၃၀) ဧကနှင့် ကြိုးပြင်ကာကွယ်တော (၄)ခု၊ ဧရိယာ (၇၄၉၇၆) ဧက စုစုပေါင်း သစ်တောမြေ (၂၇၀၀၀၆)ဧက ပါဝင်ဖွဲ့စည်းထားပါကြောင်း၊ မင်းတုန်းမြို့နယ်၏ တောင်ဘက်ခြမ်းတွင်ရှိသော ပန်းညိုကြိုးပြင်ကာကွယ်တောသည် ဧရိယာ (၁၅၇၀၀) ဧကဖြစ်ပြီး ဤဝန်ကြီးဌာန ဝန်ကြီးရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၀၄)ဖြင့် ကြိုးပြင်ကာကွယ်တောအဖြစ် ဖွဲ့စည်းခဲ့ပါကြောင်း။

ပန်းညိုကြိုးပြင်ကာကွယ်တောအတွင်း ရွာမြေ၊ လယ်မြေ၊ သာသနာ/အများပိုင်မြေများကို ဌာနဆိုင်ရာအဖွဲ့အစည်းများဖြင့် စာရင်းကောက်ယူရာ၌ ရွာမြေ(၆၀)ဧက၊ လယ်မြေ(၁၀၄၁ ဒသမ ၇၇ )ဧက၊ ယာမြေ(၁၀၆၅ ဒသမ ၁၆)ဧက၊ ဥယျာဉ်ခြံမြေ (၃၃ ဒသမ ၁၅ )ဧက စုစုပေါင်း (၂၂၀၀ ဒသမ ၀၈)ဧကကို စာရင်းကောက်ယူရရှိခဲ့ပြီး ဤဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁၆၅/၂၀၁၃) နှင့် အမိန့်ကြော်ငြာစာအမှတ် (၃၀၈/၂၀၁၅)တို့ဖြင့် ရွာမြေ (၆၀) ဧကနှင့် လယ်မြေ (၁၀၄၁ ဒသမ ၇၇)ဧက စုစုပေါင်း(၁၁၀၁ ဒသမ ၇၇)ဧကအား ကြိုးပြင်ကာကွယ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးခဲ့ပြီး ဖြစ်ပါကြောင်း။

ပန်းညိုကြိုးပြင်ကာကွယ်တောအတွင်း ဌာနဆိုင်ရာအဖွဲ့ပေါင်းစုံဖြင့် စာရင်းကောက်ယူရရှိခဲ့သည့် ယာမြေ (၁၀၆၅ ဒသမ ၁၆) ဧကအား ကြိုးပြင်ကာကွယ်တောမြေ (သစ်တောမြေ)အဖြစ်မှ ပယ်ဖျက်ပေးခြင်းမပြုဘဲ သီးနှံသစ်တောရောနှော စိုက်ပျိုးသည့်စနစ်ကို အခြေခံသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများအဖြစ် တည်ထောင်ခွင့်ပြုပေးသွားမည်ဖြစ်ပါကြောင်း၊ ပန်းညိုကြိုးပြင်ကာကွယ်တော စတင်ဖွဲ့စည်းစဉ်က ဒေသခံပြည်သူများက ဆိုင်ရာဆိုင်ခွင့်တောင်းခံခဲ့သော ကိုင်းမြေ (၄၇၁)ဧကအား ဆိုင်ရာဆိုင်ခွင့်အဖြစ် စိုက်ပျိုးလုပ်ကိုင်စားသောက်ခွင့်ပြုထားပြီးဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယနေ့အစည်းအဝေးတွင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်း လှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအပေါ် ဥပဒေကြမ်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဆွေးနွေးရာတွင် ဥပဒေကြမ်း၏ ခေါင်းစဉ်၊ အပိုဒ်အလိုက်၊ အပိုဒ်ခွဲအလိုက်နှင့် ဥပဒေကြမ်းတစ်ခုလုံးအပေါ် ဆွေးနွေးကြပြီး အပိုဒ်နှင့် အပိုဒ်ခွဲအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူပြီး အတည်ပြုကြသည်။

**(သတင်းစဉ်)**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ အကြိုဂုဏ်ပြုဆောင်းပါး

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာစေတနာကိုတိုးလျှိုပေါက်မြင်နိုင်ပါစေ

## ဒေါက်တာစိန်မြင့်

ဒုတိယကမ္ဘာစစ်ကြီးပြီးသွားတော့ စစ်အေးတိုက်ပွဲဟာ အရင်းရှင်နဲ့ အရင်းမဲ့ဝါဒနှစ်ရပ်အပေါ် အခြေခံပြီး စစ်ပြီးကမ္ဘာအပေါ် ဝါဒရေးရာလွန်ဆွဲပွဲတွေ ဖြန့်ကြက်ခဲ့တယ်။အရှင်းဆုံးပြောရရင် လက်ယာအရင်းရှင်နဲ့လက်ဝဲအရင်းမဲ့ ကွန်မြူနစ်၊ ဆိုရှယ်လစ်ဝါဒတို့ယှဉ်ပြိုင်ခဲ့တယ်လို့ပဲပြောရမှာပါ။ ကွန်မြူနစ်ထီးရိပ်ခိုတဲ့နိုင်ငံတွေရယ်၊ အရင်းရှင်ဝါဒီတို့ရဲ့ မဟာမိတ်တွေဆိုပြီးနှစ်အုပ်စု ပြိုင်ကြတဲ့ဝါဒလွန်ဆွဲပွဲပါပဲ။ ကမ္ဘာလုံးဆိုင်ရာ နိုင်ငံရေးအယူအဆဝါဒတွေကြားမှာ ကိုလိုနီလက်အောက်ကနိုင်ငံတွေဟာ လက်အောက်နိုင်ငံအဆင့်ကနေပြီး လွတ်မြောက်ရေးကို ကြိုးစားကြတဲ့အခါ နိုင်ငံရေးပါတီတွေမျိုးစုံနဲ့ ပါတီတွေရဲ့ဦးတည်ချက်မျိုးစုံရှိနေကြပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း စစ်အေးတိုက်ပွဲလွန်ဆွဲပွဲစက်ဝိုင်းထဲမလွတ်ဘဲ ပါဝင်လာခဲ့ရပြန်တယ်။

မြန်မာနိုင်ငံကိုပြန်ကြည့်ရင် ၁၉၄၇ ခုနှစ် တိုင်းပြုပြည်ပြုလွှတ်တော် တည်ခင်းနိုင်ဖို့ ပါတီတွေအများအပြားနဲ့ ရွေးကောက်ပွဲဝင်ခဲ့ကြရပြီးမဲအနိုင်ရပါတီကတော့ သခင်အောင်ဆန်းဦးဆောင်တဲ့ ဖဆပလအဖွဲ့ချုပ်ပေါ့။ တိုင်းပြုပြည်ပြုလွှတ်တော်နေရာ ၂၅၅ နေရာထဲက ၂၄၃ နေရာရပြီး ကျန်ပါတီတွေထဲကတော့ ကွန်မြူနစ်ပါတီဟာ ခုနစ်နေရာရရှိခဲ့တယ်။ တိုင်းပြုပြည်ပြုလွှတ်တော်ပထမအကြိမ်ကို ၁၉၄၇ ခုနှစ် ဇွန် ၉ ရက်မှာ ခင်းကျင်းပြုလုပ်ခဲ့ကြပြီး လွှတ်တော်ဥက္ကဋ္ဌအဖြစ် သခင်နုကို လွှတ်တော်အမတ်တွေက ရွေးချယ်ခဲ့ကြပါတယ်။ မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးနိဒါန်း စလိုက်တာပါပဲ။ အခုလိုလွတ်လပ်ခြင်းနိဒါန်းအစပျိုးချိန် ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ မှာပဲ သခင်အောင်ဆန်းတို့ ကျဆုံးခဲ့ရလို့ ပထမလွှတ်တော်ရပ်နားပြီး ဒုတိယအကြိမ် တိုင်းပြုပြည်ပြုလွှတ်တော်ကို ဇူလိုင် ၂၉ ရက်နေ့မှာ ဆက်လက်ပြီး ကျင်းပခင်းကျင်းကြပြန်တယ်။ မြန်မာနိုင်ငံရဲ့ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရေးကို အလေးထားလုပ်ဆောင်ကြပြီး ညီလာခံကို၁၉၄၇ ခုနှစ် ဩဂုတ်၁၆ ရက်မှာ ရုပ်သိမ်းခဲ့ပါတယ်။ နောက်တိုင်းပြုပြည်ပြုလွှတ်တော် တတိယညီလာခံကို ၁၉၄၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်မှာ ပြန်ကျင်းပခဲ့ကြတယ်။ အဲဒီ လွှတ်တော်တွင်းမှာပဲ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့တယ်။ လွတ်လပ်ရေးကို အရယူနိုင်ခဲ့ကြတယ်။

> **ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံဟာ မကြာခင်ကာလမှာ အခင်းအကျင်းစပါတော့မယ်။ ငြိမ်းချမ်းရေးတည်ဆောက်ကြသူတွေရဲ့ သဘောထားတွေလည်း တိုင်းရင်းသူ တိုင်းရင်းသား လူမျိုးစုအားလုံးကို ခြုံမိအောင်၊ ဖော်ဆောင်နိုင်အောင်၊ စေတနာတိုးလျှိုပေါက်နဲ့ လွှမ်းခြုံနိုင်အောင် ကြိုးစားကြရပါလိမ့်မယ်**

လွတ်လပ်ရေးနိဒါန်းအဖွင့်မှာပဲ လွတ်လပ်ရေးနဲ့အတူ အယူအဆသဘောဝါဒ မတူကွဲပြားခဲ့ကြတာမို့ ပြည်တွင်းစစ်အရှိန်က ပြင်းထန်လာပါတယ်။ အဲဒီကာလရဲ့မြန်မာနိုင်ငံဟာ စစ်ပွဲအရှိန် ပြင်းထန်နေတာမို့ ပြည်တွင်းစစ်နဲ့ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ဖို့အတွက်ကို ဖဆပလအဖွဲ့ရော၊ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ရော၊ ဖဆပလအစိုးရအဖွဲ့ရော လုံးပန်းကြရပြန်တယ်။ မြန်မာ နိုင်ငံရဲ့ ၁၉၄၈ခုနှစ် အခြေအနေဟာလည်း အင်မတန်မှ ဆိုးဆိုးရွားရွား အခြေအနေထဲမှာ ဖြစ်နေပြန်တယ်။ တချို့ နိုင်ငံကြီးသတင်းမီဒီယာတွေက ဆိုရင် ဖဆပလအစိုးရအဖွဲ့ဟာ မြန်မာနိုင်ငံကို ဆက်လက်ပြီး အုပ်ချုပ်ရေးယန္တရားကို လည်ပတ်အောင်လုပ်နိုင်တော့ပဲ့မလားလို့ ပြီးတော့ ရန်ကုန်အစိုးရလို့ သုံးနှုန်းဖော်ပြရေးသားလာကြပါတယ်။ ဒီလိုအနေအထားထဲမှာ ဖဆပလအစိုးရအဖွဲ့ဝန်ကြီးချုပ်ဦးနုအနေနဲ့ရော အပြင်းအထန် ကြိုးပမ်းအားထုတ်ခဲ့ကြတာကို တွေ့မြင်နိုင်ပါတယ်။

လွတ်လပ်ရေးလှုပ်ရှားမှုတွေ မနေမနား ပုံဖော်ဆောင်ရွက်နေတုန်းမှာ ကျဆုံးခဲ့ရတဲ့နိုင်ငံခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ခေါင်းဆောင်ကြီးတွေရဲ့အမှတ်တရနေ့ ၁၉၄၉ ခုနှစ် ဇူလိုင်လ ၁၉ ရက် ဒုတိယနှစ်ပတ်လည်ကျင်းပခဲ့တုန်းက ဖဆပလအစိုးရအဖွဲ့အနေနဲ့ရော၊ ဥက္ကဋ္ဌအနေနဲ့ပါ တိုင်းပြည်ကိုပြောကြားခဲ့တဲ့ ဦးနုရဲ့မိန့်ခွန်းထဲမှာ တိုင်းရင်းသားများစည်းလုံးညီညွတ်ရေးအကြောင်းကိုပြောပါတယ်။ ဒီလိုပြောရင်းနဲ့ဝန်ကြီးချုပ် ဦးနုဟာ သူနဲ့ဗိုလ်ချုပ်အောင်ဆန်းတို့ ၁၉၃၄ ခုနှစ်ကတည်းက တက္ကသိုလ်ကျောင်းသား ဘဝ အသိအကျွမ်းဖြစ်ခဲ့ရပုံနဲ့ သူ့ရဲ့ဗိုလ်ချုပ်အပေါ် ရှုမြင်ထားပုံတွေကို ပြောလိုက်တာက "ပြည်ထောင်စုအတွင်းမှာကျွန်တော်တို့ ဗိုလ်ချုပ်ရဲ့ ရန်သူတွေလည်း ရှိပါတယ်။ မိတ်ဆွေတွေလည်းရှိပါတယ်။ရန်သူပဲဖြစ်ဖြစ်၊ မိတ်ဆွေပဲဖြစ်ဖြစ် ဗိုလ်ချုပ်ရဲ့ သန့်ရှင်းစင်ကြယ်မှုအပေါ် မှာဖြင့် ဘယ်သူမှသံသယမရှိနိုင်ဘူးဆိုတာ ပြောရဲတယ်။ ၁၉၃၄ ခုနှစ်လောက်ကစပြီး ကောလိပ်မှာ ဗိုလ်ချုပ်ကို ကျွန်တော်သိခဲ့တယ်"လို့ ဗိုလ်ချုပ်အဖြစ် အောင်ဆန်းရဲ့ရိုးသားပုံကို ပြောခဲ့သလို ကျောင်းသားသမဂ္ဂခေါင်းဆောင်အနေနဲ့လည်း ရိုးသားမှုကို ရှေ့တန်းတင်ပြောထားတာက "ဗိုလ်ချုပ်ဟာ ကျောင်းသားခေါင်းဆောင်အနေနဲ့လည်း မှဲ့တစ်ပေါက်မစွန်းခဲ့ရဘူး။ ဂျပန်လက်ထက်မှာ စစ်ခေါင်းဆောင်အဖြစ်နဲ့လည်း မှဲ့တစ်ပေါက်မစွန်းခဲ့ရဘူး။အင်္ဂလိပ်တွေပြန်ဝင်လာပြီး သူကျဆုံးသွားခဲ့ရတဲ့နေ့အထိ နိုင်ငံရေးခေါင်းဆောင်အဖြစ်နဲ့လည်း မှဲ့တစ်ပေါက်မစွန်းခဲ့ရဘူး"လို့နိုင်ငံရေး ခေါင်းဆောင်အဖြစ်နဲ့လည်း ရိုးသားမှုရှိနေခဲ့တယ်ဆိုတဲ့ အကြောင်းကိုပြောပြန်တယ်။ ဗိုလ်ချုပ်ရဲ့ရိုးသားမှုဟာနိုင်ငံရေး၊ စစ်ရေးနဲ့ နိုင်ငံညီညွတ်ရေးအတွက် တကယ်ပဲရိုးသားခဲ့တာမို့ သူ့အတိုင်းကျန်တဲ့ နိုင်ငံရေးမျိုးဆက်တွေလည်း ကျင့်ကြံရမှာပဲလို့ ဆိုခဲ့ပါတယ်။

တိုင်းပြည်ရဲ့ပြည်တွင်းစစ်က အရှိန်ပြင်းပြင်းဖြစ်နေတာကို ပြည်တွင်းစစ်ရပ်စဲနိုင်အောင်လုပ်ဆောင်ဖို့က နိုင်ငံအုပ်ချုပ်ရေးတာဝန်ယူထားတဲ့ အစိုးရအဖွဲ့မှာ မဖြစ်မနေဆောင်ရွက်ရပါမယ်။ အဲဒီနှစ်ပတ်လည်အမှတ်တရနေ့က ဝန်ကြီးချုပ်ဦးနုဟာ ပြည်တွင်းစစ်ရပ်စဲရေးအတွက် လုပ်ဆောင်မယ်။ တစ်နှစ်အတွင်းငြိမ်းချမ်းရေးရရမယ်လို့ ပြောကြားလိုက်တာပါပဲ။ အဲဒီမှာလည်း တိုင်းရင်းသားလူမျိုးတို့ ညီညွတ်ရေးကိုပြောပြန်တာက "တောင်တန်းသားတွေဟာ အင်မတန်ရိုးတယ်။အေးအေးဆေးဆေး နေချင်ကြတယ်။ ဗမာတွေထက် အနောက်နိုင်ငံသားတွေနဲ့ ပိုပြီးပေါင်းသင်းဆက်ဆံခဲ့ဖူးကြတယ်ဆိုတဲ့အချက်တွေကို ကျွန်တော်တို့မေ့ပစ်လို့မဖြစ်ဘူး။ ဗမာတွေနဲ့စပြီးပေါင်းတဲ့နေ့ကစပြီး အေးအေးနေချင်ကြတဲ့ တောင်တန်းသားတွေဟာ တစ်ခါမှ အေးအေးမနေခဲ့ရဘူး။ တရုတ်ပြဇာတ်ကိုကြည့်ရသလို ပြည်ထောင်စုကြီးပျက်စီးအောင် လုပ်နေတဲ့နေရာမှာ သူ့ထက်သူလုစွမ်းကောင်းတွေကိုသာ တောင်တန်းသားတွေက တွေ့နေရတယ်။ အဲဒီလို အဘက်ဘက်က စိတ်ပျက်စရာတွေ၊ အခြားတစ်ဖက်က လက်ယပ်ခေါ် နေတာတွေနဲ့ ရင်ဆိုင်တွေ့နေရပေမယ့်လည်း ပြည်ထောင်စုကြီးရေတိမ်တွင် နစ်မလိုဖြစ်နေတဲ့အခါမှာ ချင်းတွေ၊ ကချင်တွေ၊ ရှမ်းတွေ၊ ကရင်နီတွေဟာ ငုတ်မိသဲတိုင် တက်နိုင်ဖျားရောက်ဆိုတဲ့ ဇွဲကျောက်စာတိုင်ကဲ့သို့ ခိုင်ခံ့တဲ့သစ္စာနဲ့ ပြည်ထောင်စုကြီးကို ဖက်ထားခဲ့ကြတယ်"ဆိုပြီး ဗိုလ်ချုပ်ရိုးသားသလို တိုင်းရင်းသားတွေလည်း ရိုးသားကြတယ်။ အစိုးရအဖွဲ့အနေနဲ့လည်း ရိုးသားမှုနဲ့ ငြိမ်းချမ်းရေးကို ဖော်ဆောင်ရမယ်ဆိုတဲ့ သဘောပါပဲ။ ဒီလို ငြိမ်းချမ်းရေးတည်ဆောက်ရာမှာ တိုင်းရင်းသားစည်းလုံးရေးဟာ မဖြစ်မနေ ရှိကိုရှိနေရမယ်ဆိုတာကိုလည်း ပြောလိုက် ပါသေးတယ်။

ပြည်တွင်းစစ်ရပ်စဲပြီး ငြိမ်းချမ်းရေး တည်ဆောက်ကြတဲ့အခါမှာ အလိုအပ်ဆုံးဟာ တိုင်းရင်းသား ညီညွတ်ရေးပါ။ ဗိုလ်ချုပ် အောင်ဆန်းတို့ ခင်းကျင်းနိုင်ခဲ့တဲ့ တိုင်းရင်းသားညီညွတ်ရေးဟာ ပင်လုံညီလာခံဖြစ်တယ်။ ဒါကိုလည်း ဖဆပလအစိုးရအဖွဲ့ဝန်ကြီးချုပ်ကနေပြီး "တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဆိုတာ တခြားမဟုတ်ဘူး။ အဲဒါပဲ။ ဒီတိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုတည်ဆောက်ခဲ့တဲ့ အုတ်မြစ်ကြီးလို ကျွန်တော်တို့ရဲ့ ဗိုလ်ချုပ်ဟာ ၁၉၄၇ ခုနှစ်မှာ ကျင်းပခဲ့တဲ့ ပင်လုံညီလာခံမှာ အုတ်မြစ်ချခဲ့တယ်"ဆိုပြီး ညီလာခံကြီး အောင်မြင်အောင်လုပ်နိုင်ပုံနဲ့ အောင်မြင်အောင် လုပ်ဆောင်နိုင်တာဟာ ဗိုလ်ချုပ်ရဲ့အင်မတန်ရိုးသားမှုနဲ့ စေတနာအစစ်အမှန်နဲ့ တိုင်းပြည်ကို လွှမ်းခြုံပေးနိုင်လို့မို့ဖြစ်တယ်လို့ ပြောပြန်တယ်။ "ကမ္ဘာ့ရာဇဝင်တစ်ခုလုံးကြည့်မယ်ဆိုရင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဒီလိုသွေးထွက်သံယိုမရှိဘဲရခဲ့တဲ့အဖြစ်အပျက်မျိုးဟာ မရှိသလောက်ပဲရှားပါတယ်။ အဲဒီလိုမရှိသလောက်ရှားတဲ့ အဖြစ်အပျက်မျိုးကိုဖြစ်အောင် လုပ်ခဲ့နိုင်တာဟာလည်း တခြားကြောင့် မဟုတ်ပါဘူး။ ဗိုလ်ချုပ်ရဲ့တိုးလျှိုပေါက် မြင်နေရလောက်အောင် ကြည်လင်တဲ့စေတနာ ပြည်ထောင်စုတစ်ခုလုံးကို ခြုံနိုင်အောင်ကြီးမားတဲ့ သဘောထား၊ နှစ်ပေါင်းများစွာကြိုပြီး လှမ်းကြည့်နိုင်တဲ့ အမြော်အမြင်တွေကြောင့်ပဲ ဖြစ်တယ်" လို့ ဗိုလ်ချုပ်အောင်ဆန်းကို ချီးကျူးဂုဏ်ပြုပြောဆိုလိုက်တာပါပဲ။

အဲဒီလိုဗိုလ်ချုပ်ရဲ့စေတနာတိုးလျှိုပေါက်ကို တိုင်းရင်းသားအားလုံးမြင်နိုင်ခဲ့တာကြောင့် ညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့တယ်။ ပင်လုံညီလာခံကိုအခြေခံပြီး နိုင်ငံတည်တံ့ခိုင်မြဲရေး၊ ကြီးပွားရေးကို ကြိုးပမ်းရမှာဖြစ်တယ်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ရခိုင်၊ ရှမ်း၊ မွန်၊ ဗမာ အစရှိတဲ့ တိုင်းရင်းသားအားလုံးရဲ့ ယုံကြည်အားကိုးမှုကိုရရှိနိုင်ဖို့ကို ဒီကနေ့ ၂၁ ရာစု မျိုးဆက်သစ်ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်တွေမှာ ပါဝင်နေကြတဲ့သူတွေနဲ့ ပါဝင်ထိုက်ပါဝင်သင့်သူတွေရဲ့ စေတနာတွေကိုလည်း ဗိုလ်ချုပ်ရဲ့စေတနာလို လူထုတွေနဲ့တွေ့ဆုံဆွေးနွေးသူတွေအားလုံး အပြန်အလှန်တစ်ဦးနဲ့တစ်ဦး တိုးလျှိုပေါက်မြင်နိုင်အောင် လုပ်ပြကြရပါဦးမယ်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံဟာ မကြာခင်ကာလမှာ အခင်းအကျင်းစပါတော့မယ်။ ငြိမ်းချမ်းရေးတည်ဆောက်ကြသူတွေရဲ့ သဘောထားတွေလည်း တိုင်းရင်းသူ တိုင်းရင်းသားလူမျိုးစုအားလုံးကို ခြုံမိအောင်၊ ဖော်ဆောင်နိုင်အောင်၊ စေတနာတိုးလျှိုပေါက်နဲ့ လွှမ်းခြုံနိုင်အောင် ကြိုးစားကြရပါလိမ့်မယ်။ ။

---

ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ အကြိုဂုဏ်ပြုကဗျာ

# (၂၁)ရာစုပင်လုံညီလာခံသို့

(အောင်ပုလဲသွယ်-ဝဝေပါတေးထပ်)

⁕ အောင်ပင်လုံ အောင်ဌာန
အောင်ပါကြ အောင်စေ။
အောင်စာသ အောင်ပန်းဝေသည်
အောင်နန်းမြေ အောင်လှမ်း။
အောင်ညီလာခံ အောင်ပြုဖန်တယ်
အောင်ဆုသံ အောင်ကြတင့်ဆန်း။

⁕ အောင်ညီလာခံ အောင်ဆုဆင်
အောင်မှုပင် အောင်လန်း။
အောင်ရှုအစဉ် အောင်မြန်မာနန်းမှာလ
အောင်ကာလှမ်း အောင်ကြသူပင်။
အောင်ဇမ္ဗူ အောင်သူမှန်းပါလို့
အောင်မှုမြန်း အောင်ပန်းစုံစုံလင်။

⁕ အောင်ဆုနှင်း အောင်ခြင်းလွင်တယ်
အောင်ပွဲသဘင် အောင်ရန်သိကြဖို့
အောင်ဖန်အတိ အောင်ကြစေရန်
အောင်ရတန်တန်။
အောင်၂၁ရာစု အောင်ပန်းဖန်သည်
အောင်ခန်းအမှန် အောင်ကြစေဖို့လေး။
အောင်ပင်လုံ အောင်ညီလာခံသည်
အောင်ရာအမှန် အောင်မြင်စေဖို့လေး။
အောင်ဆုမှန်း အောင်ပန်းလျှံသည်
အောင်နန်းစံ အောင်လှမ်းစေဖို့လေး။ ။

ရွှေကန်သား(ပခုက္ကူ)





# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း
## အင်ဒိုနီးရှားသမ္မတနိုင်ငံ လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၅**
အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် အင်ဒိုနီးရှားသမ္မတနိုင်ငံ လွှတ်တော်ဒုတိယဥက္ကဋ္ဌ မစ္စတာ အိတ်ချ်မာယူဒင်နှင့်အဖွဲ့အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံပြီး**(အောက်ပုံ)** နှစ်နိုင်ငံလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်
## အင်ဒိုနီးရှားသမ္မတနိုင်ငံ လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၅**
ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ လွှတ်တော်ဒုတိယဥက္ကဋ္ဌ မစ္စတာ အိတ်ချ်မာယူဒင်နှင့်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံအစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

# တိုင်းရင်းသားဘာသာစကားသင် ဆရာ ဆရာမများအား လစဉ်ချီးမြှင့်ငွေများ ပေးအပ်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၅**
တိုင်းရင်းသားဘာသာစာပေ၊ ယဉ်ကျေးမှုအဖွဲ့အသီးသီးက အတည်ပြုပေးပို့လာသည့် Grade 1,2,3 ဘာသာစာပေ ဖတ်စာအုပ်များကို ရိုက်နှိပ်ပြီး အခမဲ့ဖြန့်ဝေပေးကြောင်း၊ ဘာသာစကားသင် ဆရာ ဆရာမများကို သင်ကြားချိန်နာရီနှင့် ချိန်ဆ၍ လစဉ်ချီးမြှင့်ငွေများကို ပေးအပ်လျက်ရှိကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် တိုင်းရင်းသားစာပေများကို ထိရောက်စွာသင်ကြားနိုင်ရန်အတွက် မြို့နယ် ၁၈၇ မြို့နယ်၊ ကျောင်းသားပေါင်း ၅၄၀၀၀၀ အတွက် တိုင်းရင်းသားဘာသာပေါင်း ၄၉ မျိုးကို ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနက အခမဲ့ဖြန့်ဝေပေးရန် စီစဉ်ထားရှိပြီးဖြစ်ပါကြောင်း၊ အလားတူ သင်ကြားမည့် ဆရာ ဆရာမများအတွက် လိုအပ်မည့် ချီးမြှင့်ငွေများကို စာရင်းပြုစု၍ ဘဏ္ဍာငွေလျာထားသတ်မှတ်ပြီးဖြစ်ပါကြောင်း ဆက်လက်ပြောကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမင်းနိုင်၏ **"မြန်မာနိုင်ငံတွင်နေထိုင်ကြသော တိုင်းရင်းသားများသည် မိမိတို့တိုင်းရင်းသားစာပေများကို သင်ကြားနိုင်ရန် နိုင်ငံတော်မှ ဆရာ ဆရာမများအား ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ခန့်ထားပေးရန်အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။



ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ထို့ပြင် နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှုအရ ပညာရေးဝန်ကြီးဌာနသည် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစ၍ တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားဘာသာစာပေသင်ကြားလိုသည့် ကျောင်းများတွင် တိုင်းရင်းသားဘာသာ သင်ကြားရေးအတွက် ပံ့ပိုးပေးလျက်ရှိပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့် အမျိုးသားပညာရေးဥပဒေ(၂၀၁၄)၊ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၅)တို့နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့၏ အစီအစဉ်ဖြင့် တိုင်းရင်းသားဘာသာစာပေသင် ဆရာ ဆရာမများ ခန့်ထားရေးကိစ္စကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာနက အလေးအနက်ထား၍ လိုအပ်သည်များကို ဆက်လက်ပံ့ပိုးဖြည့်ဆည်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပြီး လက်ရှိတွင် အခြေခံပညာကျောင်းများမှ တိုင်းရင်းသား ဆရာ ဆရာမများနှင့် ဒေသခံသက်ဆိုင်ရာ တိုင်းရင်းသားလုပ်အားပေး ဆရာ ဆရာမများက သင်ကြားပို့ချလျက်ရှိသောကြောင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် တိုင်းရင်းသားစာပေသင် ဆရာ ဆရာမများ ခန့်ထားပေးရန် အစီအစဉ်မရှိပါကြောင်း ပြည်ထောင်စုဝန်ကြီးက ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း၏ **"နိုင်ငံတော်ပိုင် အသုံးမပြုတော့သော အဆောက်အအုံများအား ပုဂ္ဂလိကရေကြောင်းသင်တန်းကျောင်းများသို့ ဥပဒေနှင့်အညီ သင့်တင့်သောဈေးနှုန်းဖြင့် နှစ်ရှည်ငှားရမ်းဖွင့်လှစ်ခွင့်ပြုရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က မြန်မာနိုင်ငံ၏ ရေကြောင်းဘက်ဆိုင်ရာသင်တန်းဌာနများအနေဖြင့် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအပါအဝင် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်တို့ရှိ အဆောက်အအုံများအနက် မျှတသည့် အဆောက်အအုံများတွင် ပုဂ္ဂလိကသင်တန်းဌာနများကို နှစ်ရှည်ငှားရမ်းလျက် သင်တန်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း၊ သို့ရာတွင် သင်ကြားပေးရန်လိုအပ်သည့် သင်တန်းအမျိုးအစား များပြားခြင်း၊ သင်တန်းကျောင်းအရေအတွက် များပြားခြင်းတို့ကြောင့် ပုဂ္ဂလိကသင်တန်းကျောင်းအားလုံးအတွက် သင်တန်းဖွင့်လှစ်ရန် အဆောက်အအုံမျှတနိုင်ရေးအတွက် အခက်အခဲရှိပါကြောင်း ဖြေကြားသည်။

ထို့ပြင် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနပိုင် ဒေါပုံသင်္ဘောကျင်းဝင်းအတွင်းရှိ ဌာနအဆောက်အအုံများကို ရေကြောင်းဘက်ဆိုင်ရာ သင်တန်းများဖွင့်လှစ်ပို့ချရန် ပုဂ္ဂလိကကုမ္ပဏီများဖြစ်သည့် Kabar Services ကုမ္ပဏီလီမိတက်သို့ မြေသုံးဧကနှင့် အဆောက်အအုံငါးလုံးကိုလည်းကောင်း၊ Pacific Glory International ကုမ္ပဏီလီမိတက်သို့ သိုလှောင်ရုံသုံးရုံကို လည်းကောင်း၊ Mercury Training Center ကုမ္ပဏီလီမိတက်သို့ ဇုန်(၂)နှင့် ပုံပြင်ဆောင်တစ်လုံးတို့ကို လည်းကောင်း သင့်တင့်သော ဈေးနှုန်းဖြင့် နှစ်ရှည်ငှားရမ်းထားပါကြောင်း ပြည်ထောင်စုဝန်ကြီးက ဖြေကြားသည်။ **(သတင်းစဉ်)**

# ဆာဖာရီဥယျာဉ်(နေပြည်တော်)၌ နူးသမင်သုံးကောင် ပေါက်ဖွား

**နေပြည်တော် ဩဂုတ် ၂၅**
ဆာဖာရီဥယျာဉ်(နေပြည်တော်)တွင် နူးသမင်(Wildebeest)သုံးကောင် ပေါက်ဖွားကြောင်း သိရသည်။

နူးသမင်များသည် ၂၀၁၁ ခုနှစ် ဩဂုတ် ၉ ရက်က တောင်အာဖရိကနိုင်ငံမှ ဆာဖာရီဥယျာဉ်(နေပြည်တော်)သို့ အထူးကုန်တင်လေယာဉ်ဖြင့် နူးသမင်အထီးသုံးကောင်၊ အမခုနစ်ကောင် ဒုတိယအသုတ် ရောက်ရှိခဲ့ခြင်းဖြစ်သည်။

နူးသမင်များကို အာဖရိကနိုင်ငံများဖြစ်ကြသော ယူနက်စကို၊ တန်ဇန်းနီးယား၊ ကင်ညာတို့တွင် တွေ့ရှိရပြီး ခွာပါ Bovidae မျိုးဖြစ်သည်။ အရပ်အမြင့် ၄ ပေ ၂ လက်မ(1.27M)မှ ၄ ပေ ၁၀ လက်(1.47M) ရှိကြသည်။ ကိုယ်အလေးချိန်မှာ ၂၆၅ ပေါင်မှ ပေါင် ၆၀၀(120kg-270kg) ရှိကြသည်။

၎င်း၏သက်တမ်းမှာ ၁၅ နှစ်မှ နှစ် ၂၀ ခန့်ထိရှိသည်။ အန္တရာယ်နှင့်ရင်ဆိုင် ရချိန်တွင် တစ်နာရီမိုင် ၄၀ မှ မိုင် ၆၀ ထိ အမြန်နှုန်းဖြင့်ပြေးနိုင်ကြပြီး များသော အားဖြင့် ဇွန်လပိုင်းတွင် မိတ်လိုက်တတ်ကြသည်။ ကိုယ်ဝန်ဆောင်ကာလမှာ ရက် ၂၄၀ မှ ရက် ၂၇၀ ခန့်ထိရှိကြပြီး တစ်ကြိမ်လျှင် တစ်ကောင်သာပေါက်ဖွား တတ်ကြသည်။ သားပေါက်ကလေးများ၏ ပျမ်းမျှကိုယ်အလေးချိန်မှာ (10kg-20kg)ထိ ရှိတတ်ကြသည်။

၎င်းနူးသားပေါက်ကလေးများသည် မိခင်မှ သဘာဝအတိုင်းမွေးဖွား၍ မိနစ် ၃၀ မှ ၄၅ မိနစ်အတွင်း လမ်းလျှောက်နိုင်၊ ပြေးနိုင်ကြပြီး အသက်နှစ်နှစ်ခွဲခန့်တွင် အရွယ်ရောက်သည်။ ခြေလေးချောင်းနှင့် ဦးချိုပါရှိသော အသီးအရွက်စား စားမြုံ့ပြန် သတ္တဝါများဖြစ်သည်။ ၎င်းတို့သည် နေ့ပိုင်းတွင် လှုပ်ရှားမှုနည်းပြီး နံနက်စောစောနှင့် ညနေပိုင်းများတွင်သာ လှုပ်ရှားသွားလာကျက်စားတတ်ကြသည်။

ယခုအခါ ထိုနူးသမင်များကို ဆာဖာရီဥယျာဉ်(နေပြည်တော်)၌ အုပ်စုဖွဲ့နေထိုင်ကျက်စားကြသည်များကို လာရောက်လေ့လာမြင်တွေ့နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။ **(ကြေးမုံ)**





# ပုဂံလက်ရုံးများ၊ ပုဂံနှလုံးသား

**မင်းကိုနိုင်**

မြန်မာဟုဆိုသည်နှင့် ရွှေတိဂုံ၊ ပုဂံ၊ ကျိုက်ထီးရိုး၊ အင်းလေးစသဖြင့် စီတန်းမြင်လာရစမြဲဟု ရောက်ဖူးသည့် နိုင်ငံခြားသားများက ဆိုလေ့ရှိသည်။

ပုဂံဟုဆိုသည်နှင့် ခမ်းနားကြီးမြတ်ခြင်းဟူသော စကားလုံးက ကျွန်တော်တို့ရင်ထဲ ထည်ထည်ဝါဝါကြီး ဝင်လာရစမြဲဖြစ်ပါသည်။ ပုဂံ၏ သမိုင်းနှင့် မင်းဆက်တို့ အကြား ငြင်းခုံစရာများ ရှိကောင်းပေမည်။ ပုဂံဘုရားပုထိုးစေတီများ၏ ခမ်းနားကြီးမြတ်မှုကိုတော့ အငြင်းပွားစရာ မမြင်ပါ။

ယခု ငလျင်ကြောင့် ပုဂံ၊ စေတီ၊ ပုထိုးတွေ ပြိုပြီတဲ့။

✻✻✻✻✻✻

မြန်မာတို့နှလုံးသားများပေါ် ပြိုကျသလိုခံစားကြရသည်။ ပုဂံစေတီပုထိုးများသည် ဘာသာတစ်ခု၏ သာသနိက အဆောက်အအုံမျှမက ကမ္ဘာကြီးအတွက် အစားမထိုးနိုင်သော ရှေးဟောင်းအမွေအနှစ်လည်း ဖြစ်သည်ဟု အမြင်ကျယ်သူများစွာက လက်ခံထားကြသည်။ သမိုင်းတစ်ခေတ်၏ မြင့်မားသောဗိသုကာပညာ၊ လုပ်အားရှင်တို့၏ စွမ်းဆောင်မှုတို့ဖြင့် ဖြစ်တည်ခဲ့သော ပုဂံ၊ မည်သည့် ကမ္ဘာကျော်ပန်းချီကားနှင့်မဆို ယှဉ်ဝံ့သည့် ပုဂံ၏အလှ၊ မည်သည့် သမိုင်းဝင်အဆောက်အအုံများနှင့်မဆို အပြိုင် ခံ့ထည်နိုင်သည့် ပုဂံ၏ ဗိသုကာလက်ရာ။

ထိုပုဂံသည် ယခုတစ်ဖန် ငလျင်ဒဏ်ခံရပြန်ပြီ။

လွန်ခဲ့သော ၄၁ နှစ်အကြာ ၁၉၇၅ ခုနှစ်ကလည်း ယခုလိုပင် ရစ်(ချ်)စတာစကေး ၆ ဒသမ ၈ ပြင်းအားရှိ ငလျင်က ပုဂံကိုမျိုချဖို့ ကြိုးစားခဲ့သေးသည်။

ရနိုင်ရိုးလား . . . ။

✻✻✻✻✻✻

ရှေးမြန်မာတို့သည် သဘာဝဂူများမရှိသည့် လွင်ပြင်ဆန်သောပုဂံအရပ်မှာ စေတီဘုရားများ တည်ရာ၌ ဂူကျောင်းများကိုပါ တည်ခဲ့ကြသည်။ ဘုရားဖူးတို့ အရိပ်ရအေးချမ်းစွာ ဘာဝနာပွားနိုင်ရန် ရည်ရွယ်ခဲ့ဟန်လည်း တူပါသည်။

ယခု ငလျင်အပြီးမှာ ဗိသုကာပညာရှင်တစ်ဦးက အခုလိုနှမြောတသပြောသည်။ "စူဠာမဏိဆိုပါတော့ဗျာ. . . ကွမ်းတောင်ရဲ့အထက်ကို အသစ်ပြန်ဆက်တာ၊ အသစ်နဲ့အဟောင်း တစ်သားတည်းဆက်ဖို့ဆိုတာ တော်ရုံနည်းပညာနဲ့မရဘူး။ အသစ်ရဲ့လေးလံတဲ့ဝန်ကို အုတ်ဟောင်းတွေက ဘယ်လိုထမ်းထားနိုင်မလဲဆိုတာပါ ထည့်စဉ်းစားရတာမျိုးဗျ။ အခု ငလျင်ကြောင့် ကွမ်းတောင်အထက်က အသစ်ပိုင်းပြိုကျတော့ မူရင်းပစ္စယံအဆင့်ဆင့် အင်္ဂတေ၊ ပန်းဆွဲတွေ၊ စေတီရန်တွေ အပါအဝင်ပေါ့ဗျာ။ ရှေးဟောင်းဗိသုကာတန်ဖိုးတွေ ပွတ်တိုက်ဖိမိပြီး ပျက်စီးကုန်ကြတယ်"ဟု မချင့်မရဲပြောသည်။

အတွင်းရှိ နံရံဆေးရေးပန်းချီတွေကိုလည်း ကြည့်ပါဦး။ အာနန္ဒာအုတ်ကျောင်းအပါအဝင် အချို့ဂူဘုရားများအတွင်း နံရံဆေးရေးပန်းချီများမှာ ကြွေပန်းကန် အချပ်လိုက်ကျကွဲသလို ကွာကျပြီး အစိတ်စိတ်ကွဲခဲ့ရသည်။ စေတီဂူဘုရားများကို ရှေးမူမပျက် စနစ်ကျစွာ ပြန်တည်ဆောက်နိုင်သည်ဆိုပါဦးတော့ ကျကွဲခဲ့သည့် နံရံဆေးပန်းချီများကိုတော့ အစားထိုးနိုင်တော့မည်မထင်။

✻✻✻✻✻✻

ယခု ပုဂံငလျင်သတင်းဓာတ်ပုံ ဗီဒီယိုများတက်လာသည်နှင့် တစ်ကမ္ဘာလုံးမှ ပုဂံချစ်သူများ တုန်လှုပ်ချောက်ချား ရေရွတ်ကြသည်။

"ကျွန်တော် မြန်မာနိုင်ငံသားမဟုတ်ပါဘူး။ ဒါပေမယ့် အာရှသားတစ်ယောက်အနေနဲ့ ပုဂံကိုဂုဏ်ယူမဆုံး၊ အခြားတိုက်သားတွေနဲ့တွေ့တိုင်း ဝင့်ကြွားနေခဲ့ရတာဗျ။ အခုတော့ အတော်ဆုံးရှုံးတယ်လို့ ခံစားရတယ်။ စနစ်တကျ ပညာရှင်တွေခေါ်ပြီး ပြန်ပြင်မယ်ဆိုရင် ပြောစမ်းပါ။ ကျွန်တော့်ချွေးနဲ့စာလည်း ပါစမ်းပါရစေ"ဟု အာရှသားတစ်ယောက်က သတင်းပေးသည်။

"ကျွန်တော် ပုဂံကို အလျဉ်းသင့်တိုင်းလာတယ်။ လာတိုင်းလည်း ခံစားလို့မဝသလို၊ ဂုဏ်ယူလို့မဆုံးဘူး။ ကျွန်တော်က ဥရောပသားပေမယ့် ဒါက ကမ္ဘာကြီးရဲ့ ရှေးဟောင်းအမွေအနှစ်တစ်ခုပဲလေ။ လူသားတစ်ယောက်အနေနဲ့ ဂုဏ်ယူတာပေါ့။ အခုလိုဖြစ်သွားတာ သိပ်စိတ်ထိခိုက်တယ်။ ဒါပေမယ့် စိတ်မပျက်ဘူး။ ခင်ဗျားတို့(မြန်မာတွေ) ပြန်လုပ်နိုင်မယ်လို့ ယုံပါတယ်"ဟု ဆိုသည်။

မြန်မာတွေ လုပ်ပြနိုင်ပါ့မလား။ ဒီမေးခွန်းထွက်လာပြီ။

လုပ်ပြခဲ့ပြီးပြီ။

လုပ်နိုင်စွမ်းရှိကြောင်းလည်း ပုဂံစေတီဘုရားများကို တည်ထားသက်သေပြခဲ့ပြီ။ ယခု ငလျင်ကရော မြန်မာတွေရဲ့ အစွမ်းကို စမ်းပြန်ပြီတဲ့လား။

✻✻✻✻✻✻

တကယ်တော့ ယခုငလျင်ကရော ၁၉၇၅ ငလျင်ထက်များ ပိုပြင်းထန်လို့လား။ ယခုခေတ်လူအများ၏ သဒ္ဒါတရားနှင့်ပုဂံဘုရားများအပေါ် မြတ်နိုးကြည်ညိုစိတ်များက ၁၉၇၅ တုန်းကထက် လျော့ပါးမှာမို့လို့လား။ သတင်းနည်းပညာ ဒီလောက်တော့ ထွန်းကားတဲ့ခေတ်ကြီးမှာ အရင်ကထက်သာဖို့ပဲ ရှိသည်ဟု ကျွန်တော်တို့ယုံသည်။ တကယ်တော့ ၁၉၇၅ တစ်ခုတည်းသာမဟုတ် ပုဂံကားငလျင်ဒဏ်ကို အကြိမ်ကြိမ်ရင်ဆိုင်ခဲ့ပြီးပြီ။ လဲပြိုရသမျှ အကြိမ်ကြိမ်ပြန်ထရပ်ပြခဲ့ဖူးပြီ။

၁၉၇၅ ကို မီလိုက်သူများ ကောင်းစွာမှတ်မိကြပါလိမ့်မည်။ ပုဂံငလျင်ကြောင့်ပျက်စီးသွားရသော ဘုရားပုထိုးစေတီများပြန်လည်ပြုပြင်ရေး ခေါင်းစဉ်တက်လာသည်နှင့် တစ်ပြည်လုံးက လက်တွေအိတ်ကပ်ထဲနှိုက်ပြီးသား။ ဖလားထဲ ထည့်ပြီးသား။ တစ်နေ့တစ်နေ့ သတင်းစာထဲ အလှူစာရင်းတွေက မဆုံးနိုင်ခဲ့။

ပုဂံသူ၊ ပုဂံသားများ၏ ပုဂံကိုချစ်ပုံကိုလည်း ကြည့်ပါဦး။ ဘုရားပြိုပျက်ရာမှာ ထွက်လာကျလာသော ကျောက်ရတနာအပါအဝင် ရွှေငွေနှင့်တကွ ဌာပနာတော်များကို မသမာသူတို့လက်မကျရောက်စေရန် နေ့ရော၊ ညပါ ကင်းအထပ်ထပ် စောင့်ခဲ့ကြ။ သူတို့၏ လုပ်ရပ်နှင့်စေတနာကို သိရှိသွားပြီး အလေးအမြတ်ပြုသူတို့က ထမင်းထုပ်တွေ ရပ်ကွက်အလိုက်အလှည့်ကျပို့ကြ။ မည်သူမျှ တိုက်တွန်းစရာမလို နတ်လူသာခုခေါ် စေခဲ့ကြသည်။

✻✻✻✻✻✻

၁၉၉၀ပြည့်လွန်နှစ်များက ပြုလုပ်ခဲ့သော ပုဂံဒေသထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများအပေါ် ကမ္ဘာ့သမိုင်းပညာရှင်များ၊ ရှေးဟောင်းအမွေအနှစ်ထိန်းသိမ်းရေးပညာရှင်များက ဝေဖန်ထောက်ပြခဲ့ကြသည်။ ထိုအချက်များကို လျစ်လျူရှုလျက် အဆင်အခြင်မဲ့ပြုပြင်မှုများကြောင့် ယူနက်စကို (UNESCO) အပါအဝင် ကမ္ဘာကြီး၏ ပစ်ပယ်မှုကို ခံခဲ့ရဖူးသည်။ ၆၀ မီတာအမြင့်ရှိ ခေတ်ပေါ်မျှော်စင်သစ်ဆောက်ခြင်း၊ ဂေါက်ကွင်းတည်ခြင်း၊ ကတ္တရာလမ်းသစ်ခင်းခြင်းတို့မှာ ရှေးဟောင်းပုဂံ၏တန်ဖိုးကို ပျက်စီးစေခြင်းပင်ဖြစ်ကြောင်း ထင်သာမြင်သာ အချက်များအဖြစ် ထောက်ပြခဲ့ကြသည်။

"ရှေးဟောင်းအမွေအနှစ်ဆိုပြီး ကမ္ဘာကို ပြမယ်ဆိုကာမှ အသစ်တွေဆောက်ထည့်လိုက်တော့ ဘယ်သူက လက်ခံမှာလဲ"ဟု အမြင်အသိရှိသူ လူငယ်တစ်ဦးက စိတ်ပျက်လက်ပျက်ခေါင်းရမ်းလျက် ညည်းတွားဖူးသည်။

ယခုပုဂံကိုရော ဘယ်မူတွေနှင့် ပြန်ပြင်ကြမှာတုံးဟု မေးကြပြီ။

✻✻✻✻✻✻

နှစ်သန်းလေးငါးဆယ် ကြာပြီလို့ သတ်မှတ်ထားတဲ့ ပရိုင်းမိတ်ခေတ်ကို ထားလိုက်ပါဦး။ လွန်ခဲ့တဲ့ နှစ်သုံးသန်းခန့်ကတည်းက ကျောက်ခေတ်လူသားများအဖြစ် သဘာဝဘေးဒုက္ခအပေါင်းရဲ့ စမ်းသပ်တိုက်ခိုက်မှုတွေကို ကြံ့ကြံ့ခံရင်ဆိုင်ပြီး ရှင်သန်အောင် ရပ်တည်ခဲ့တဲ့ လူသားတွေပဲ။ ငလျင်တစ်မျိုးမျိုးအတွက်တော့ လူသားရဲ့မာန် အလျော့မခံခဲ့ကြပါ။

မြန်မာဆိုတာ ဆုံးရှုံးမှုများအတွက် စုတ်တသပ်သပ်ကြေကွဲညည်းညူရုံလောက်သာ တတ်တဲ့လူမျိုးမဟုတ်ကြောင်း သက်သေပြကြရပေဦးမည်။

ယခုငလျင်ဘေးမှ ပုဂံကို မြန်မာတို့ ပြန်ထူ၊ ရပ်ပြကြဦးမှာလည်း သေချာပါသည်။ ပုဂံဘုရားများ ပြုပြင်ရေးဆိုသည်နှင့် ချွေးနဲ့စာများကို တွန့်ဆုတ်နေမည်မဟုတ်။ ထမင်းအိုးထဲ ထည့်မည့်ဆန်ကိုလျှော့ပြီး အလှူခံဖလားထဲ ပိုထည့်ကြပေဦးမည်။

အလှူငွေလုံလောက်ပြီဆိုပါစို့ ဘယ်လိုပြန်တည်ကြမည်နည်း။ ပိုက်ဆံရှိတယ်၊ ပန်းရန်ဆရာနဲ့ အုတ်စီသမားခေါ်ပြီး တိုက်တစ်လုံးဆောက်ပြလိုက်ဦးမည်ဟူသည့် ပေါ့တီးပေါ့ဆ အတွေးမျိုးမဟုတ်။ မြန်မာဆိုတာ ရှေးဟောင်းအမွေကို ထိန်းရာမှာ ကမ္ဘာ့စံညွှန်းတွေမီတဲ့ ပညာရှင်တွေရဲ့ အကြံဉာဏ်လုပ်အားတွေနဲ့ ပူးပေါင်းပြီး စနစ်တကျ ပြန်တည်မယ့်လူမျိုးဆိုတာ ပြကြလိမ့်မည်။

ဆိုလိုသည်ကား သဒ္ဓါတရားသာ ထက်သန်သည်မဟုတ်။ ဇွဲသတ္တိသာ ခိုင်မာသည်မဟုတ်။ ဉာဏ်အမြော်အမြင်ပါ ယှဉ်လျက် လဲရာကထရပ်ပြမည့် လူမျိုးဖြစ်ကြောင်း ပုဂံမြေမှာ သက်သေထူကြပေဦးမည်။ ။

## ရုပ်သံလွှင့်မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒုတိယအကြိမ်တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဩဂုတ် ၂၅**

ရုပ်သံလွှင့်မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်သံလွှင့်လုပ်ငန်းလုပ်ကိုင်ရန် စိတ်ဝင်စားသူများနှင့် ဒုတိယအကြိမ်တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက ပထမအကြိမ် ပြုလုပ်သည့် ဆွေးနွေးပွဲတွင် Broadcasting Law ကို လက်ရှိအခြေအနေများနှင့် ကိုက်ညီအောင် ပြင်ဆင်နိုင်ရန် ဆွေးနွေးခဲ့ပါကြောင်း၊ Broadcasting Law ပြင်ဆင်ရေးအဖွဲ့ကို ဥပဒေပညာရှင်များ၊ ပြည်တွင်း၊ ပြည်ပပညာရှင်များဖြင့် ဖွဲ့စည်းပြီးဖြစ်ပါကြောင်း၊ ဥပဒေပြင်ဆင်နိုင်ရန် လွှတ်တော်မှ အတည်ပြုချက်ရယူသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အင်ဂျင်နီယာချုပ်ဦးလှိုင်မိုးက လက်ရှိ DVB - T2 Digital စက်များဖြင့် ထုတ်လွှင့်ပြသနေသည့် ရုပ်သံလိုင်း ၁၄ လိုင်းကို ၁၆လိုင်းအထိ တိုးချဲ့သွားမည် ဖြစ်ပါကြောင်းနှင့် အဆိုပါ ၁၆လိုင်းတွင် မူလ ၁၄လိုင်းမှ ၁၁လိုင်း ပြန်ပါလာမည်ဖြစ်ကာ ကျန်ရှိသည့် ၅လိုင်းကို ရုပ်သံလွှင့်လုပ်ငန်းလုပ်ကိုင်လိုသူများအတွက် ဆောင်ရွက်ခွင့်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ Multi Channel Playout System တွင် Consultant အဖြစ်ဆောင်ရွက်မည့် Tun Group Asia လီမိတက်မှ တာဝန်ရှိသူတစ်ဦးက EOI Process များ၊ ရုပ်သံလိုင်း ထည့်သွင်းထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လိုသူများအတွက် တင်ဒါလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာကြသည့် မီဒီယာကုမ္ပဏီများနှင့် မီဒီယာများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။ **(သတင်းစဉ်)**

# ပြည်တွင်းရေးရာ

✿ **ရွှေဖုံးမှ**

ပျက်စီးမှုရှိသောနေရာများတွင်လည်း အနီးစပ်ဆုံးဝင်ရောက်နိုင်သောနေရာအထိ ဝင်ရောက်ဖူးမြော်လေ့လာ မှတ်တမ်းယူနိုင်ရေး ဆောင်ရွက်ပေးရန်၊ လာရောက်လေ့လာသူများ စိတ်အနှောင့်အယှက်မဖြစ်စေရေး ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ ပျက်စီးသွားသည့် စေတီပုထိုးများအား မိုးဒဏ်ကြောင့် ပျက်စီးမှုထပ်မံမဖြစ်ပေါ်စေရေးအတွက် အမိုးအကာများဖြင့် ဖုံးအုပ်ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ ပုဂံ-ညောင်ဦးဒေသရှိ ပျက်စီးသွားသည့် ရှေးဟောင်းစေတီပုထိုးများကို ပြည်ပ ပညာရှင်များ၏အကူအညီဖြင့် ပေါင်းစပ်၍ အချိန်ယူပြီး ရှေးမူမပျက် စနစ်တကျပြန်လည်ပြုပြင်သွားမည်ဖြစ်ကြောင်းနှင့် လိုအပ်သည့်ကူညီထောက်ပံ့မှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံ ပုဂံ-ညောင်ဦးဒေသ ပျက်စီးမှုများပြန်လည်ပြုပြင်ရန်အတွက် ရွှေသံလွင်ကုမ္ပဏီက ငွေကျပ်သိန်း ၁၀၀၀၊ ဇေကမ္ဘာကုမ္ပဏီက ငွေကျပ်သိန်း ၁၀၀၀ နှင့် Amazing ဟိုတယ်အုပ်စုက ငွေကျပ်သိန်း ၅၀၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့ပြင် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းက ငွေကျပ်သိန်း ၂၀၀၀ နှင့် MRTV-4 က ငွေကျပ်သိန်း ၃၀၀ ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ငလျင်ဒဏ်သင့်ခဲ့သည့် ပုဂံ-ညောင်ဦးဒေသရှိ ဂူပြောက်ကြီး၊ ထီးလိုမင်းလို၊ စူဠာမဏိ၊ ပြဿဒ်ကြီး၊ ဓမ္မရံကြီး၊ စေတနာကြီးဘုရား စသည့် စေတီဘုရားပုထိုးများသို့ သွားရောက်ဖူးမြော်ပြီး ပျက်စီးခဲ့မှုများကို ကြည့်ရှုစစ်ဆေးကာ ပြန်လည်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်သွားရန် မှာကြားသည်။

ပုဂံ-ညောင်ဦးဒေသတွင် ငလျင်ဒဏ်သင့်ပြီးချိန်မှစတင်၍ အပျက်အစီးများအား ဖယ်ရှားခြင်း၊ ကူညီကယ်ဆယ်ခြင်းလုပ်ငန်းများကို ဒေသဆိုင်ရာအာဏာပိုင်များ၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ဒေသခံများ စုပေါင်းရှင်းလင်းဆောင်ရွက်လျက်ရှိပြီး လတ်တလောစာရင်းများအရ ပုဂံ-ညောင်ဦးဒေသတွင် စေတီပုထိုးပေါင်း ၁၈၇ ဆူခန့် ထိခိုက်ခဲ့ကြောင်း သိရသည်။

လတ်တလောအပျက်အစီးများကြောင့် ဘုရားဖူးပြည်သူများ ဝင်ရောက်ဖူးမြော်မှု ခေတ္တပိတ်ထားမည့် စေတီ၊ ဘုရား၊ ပုထိုး ၃၃ ဆူရှိရာ ယင်းတို့မှာ စေတနာကြီး၊ သာယာဝတေ့၊ ကျောင်းကြီးညီအစ်မ၊ သီရိဂူပြောက်၊ စူဠာမဏိ၊ ပြဿဒ်ကြီး၊ ဓမ္မရံကြီး၊ ဆင်ဖြူရှင်၊ ရွှေဆံတော်၊ လောကထိပ်ပန်၊ မြေပုံသာဘုရားလှ၊ လောကဥဒ္ဒေါင်၊ နန်းဘုရား၊ အပါယ်ရတနာ၊ နဂါးရုံ၊ မနူဟာ၊ စိုးမင်းကြီး၊ မြင်းကပါဂူပြောက်ကြီး၊ မြစေတီ၊ ရွှေစေတီ၊ ထီးလိုမင်းလို၊ ရွှေလိပ်တူး၊ သိကြားဟစ်၊ သိကြားပုန်း၊ ဥပါလိမ်၊ ဝက်ကြီးအင်းဂူပြောက်ကြီး၊ ဝက်ကြီးအင်းဂူပြောက်ငယ်၊ တရုတ်ပြေး၊ အဇ္ဇဂေါဏ၊ ဘုရားသုံးဆူ၊ နန္ဒပညာ၊ ဝိနည်းမိုရ်အစု၊ လောကနန္ဒာဘုရားနှင့် တက်သိမ်းဘုန်းကြီးကျောင်းတို့ဖြစ်ကြောင်းသိရသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပုဂံရှေးဟောင်းယဉ်ကျေးမှုပြတိုက်၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

---

✱ **ငလျင်ဒဏ်မှ**

ဘုရားပုထိုးစေတီပေါင်း ၁၈၇ ဆူ ပျက်စီးတာတွေ့ရပါတယ်။ စာသင်ကျောင်း သုံးကျောင်းနဲ့ ဘုန်းကြီးကျောင်း နှစ်ကျောင်းလည်း ထိခိုက်ပျက်စီးမှုရှိပါတယ်။ ရှေးဟောင်းသုတေသနနဲ့ ညှိနှိုင်းပြီးတော့ ထိခိုက်ပျက်စီးမှုလည်းများတဲ့၊ အန္တရာယ်လည်းများတဲ့ စေတီပုထိုး ၃၃ ဆူကိုတော့ လုံခြုံရေးချထားပါတယ်။ ပြည်တွင်း ပြည်ပ ဘုရားဖူးဧည့်သည်တွေကိုလည်း ဝင်/ထွက်ခွင့် ခေတ္တပိတ်ထားပါတယ်။ ဌာနဆိုင်ရာတွေနဲ့ ယူနက်စကိုနဲ့ ပူးပေါင်းပြီးတော့ အမြန်ဆုံးစီစဉ်ပြီး ဝင်/ထွက်ခွင့် ရနိုင်အောင် ကြိုးစားဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေဟာဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့ အသည်းနှလုံးလည်း ဖြစ်ပါတယ်။ ဘုရားဖူးဧည့်သည်တွေအနေနဲ့ အဝေးကြီးက လာရောက်ပြီးတော့မှ မဖူးရဘူးဆိုရင် စိတ်ကောင်းမှာ မဟုတ်ပါဘူး။ အဲဒါကြောင့် ဒီဘုရားစေတီ ၃၃ ဆူကို အတတ်နိုင်ဆုံး စိစစ်ပြီးတော့ ရပ်ဝေးရပ်နီးကလာတဲ့ ဧည့်သည်တွေ စိတ်ချမ်းမြေ့အောင် ဆောင်ရွက်ပေးသွားမှာပါ။

ရှေးဟောင်းယဉ်ကျေးမှု နယ်မြေကို အပိုင်း ၁၁ ပိုင်းခွဲထားပြီးတော့ ဌာနဆိုင်ရာ တာဝန်ရှိသူတွေကို အပိုင်းလိုက် တာဝန်ပေးထားပါတယ်။ အုပ်ချုပ်ရေးအဖွဲ့တွေ၊ ဂေါပကအဖွဲ့တွေ၊ မီးသတ်၊ စည်ပင်၊ ရှေးဟောင်းသုတေသန၊ ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့ဝင်တွေနဲ့ စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ပုဂံညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာတွေမှာလည်း စေတီပေါင်း ၅၂ ဆူ ထိခိုက်ပျက်စီးခဲ့ပါတယ်။

**ဦးအောင်အောင်ကျော် (ညွှန်ကြားရေးမှူး) ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ)**

မြေငလျင်ကြောင့် ပျက်စီးသွားတဲ့ ဘုရားအရေအတွက်ကတော့ မနေ့က ကောက်တဲ့စာရင်းအရ ၁၈၀ လောက်ရှိပါတယ်။ နည်းနည်းလေး ထပ်သွားတာတို့၊ မမြင်မိတာတို့လည်း ကျန်ရှိနေမှာပါ။ အချိန်အားဖြင့်လည်း မိုးချုပ်တဲ့ အချိန်ဖြစ်တဲ့အတွက် ကျန်ရစ်ခဲ့တာတွေ၊ စာရင်းထပ်တာတွေလည်းရှိပါတယ်။ ဒီနေ့အကုန်လုံး ကွင်းဆင်းပြီး စိစစ်နေပါတယ်။ စပိန်နိုင်ငံသူတစ်ယောက်တော့ ထိခိုက်ဒဏ်ရာရရှိသွားတယ်လို့ သတင်းရရှိပါတယ်။ ကျန်တဲ့သူတွေတော့ မကြားပါဘူး။

သဘာဝဘေးအန္တရာယ်ကျရောက်လာရင် ဘယ်လိုစီမံခန့်ခွဲရမယ်ဆိုတာကို ကြိုတင်သတ်မှတ်ထားပြီးသားပါ။ ဖြစ်ဖြစ်ချင်းမှာပဲ ဌာနက ဝန်ထမ်းတွေက စာရင်းကောက်ယူမှုတွေ အရင်ဆုံးလုပ်ဆောင်ပါတယ်။ ခရိုင်အုပ်ချုပ်ရေးမှူးအနေနဲ့ကလည်း ခရိုင်စီမံခန့်ခွဲမှုအဖွဲ့ဖွဲ့ပြီးတော့ မြို့နယ်၊ ခရိုင်အဆင့်မှာရှိတဲ့ ဌာနဆိုင်ရာပေါင်းစုံကို စာရင်းကောက်ယူမှတ်တမ်းတင်ထားနိုင်ရေး ဖြစ်ဖြစ်ပြီးချင်းပဲ စီမံခန့်ခွဲရေးအဖွဲ့ခွဲပြီး လိုက်လံစာရင်းပြုစုမှတ်တမ်းတင်မှု ဆောင်ရွက်နေပါတယ်။

ပျက်စီးသွားတဲ့ ဘုရားတွေအတွက် နိုင်ငံတကာ ပညာရှင်တွေလည်း ကမ်းလှမ်းနေတာရှိပါတယ်။ ယူနက်စကိုအဖွဲ့က ပညာရှင်တွေလည်း ကျွန်တော်တို့ လာဖို့ဖိတ်ခေါ်ထားပါတယ်။ ယူနက်စကိုအဖွဲ့ကနေ တာဝန်ယူလုပ်ဆောင်နေတဲ့ နီပေါငလျင်လုပ်ဆောင်နေတဲ့ ယူနက်စကို ပညာရှင်တွေလည်း မကြာခင်မှာ ရောက်ရှိတော့မှာ ဖြစ်ပါတယ်။ ပြည်တွင်းပြည်ပ ပညာရှင်တွေနဲ့ ပူးပေါင်းပြီးတော့ ကျွန်တော်တို့အမှားအယွင်းနည်းအောင်နဲ့ ပိုမိုခိုင်ခံ့အောင်လုပ်ဖို့ စီမံခန့်ခွဲပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ပျက်စီးသွားတဲ့ ဘုရားတွေထဲမှာ အပျက်အစီးအများဆုံးက စူဠာမဏိဘုရားဖြစ်ပါတယ်။ စူဠာမဏိက ကွမ်းတောင်ကနေ အောက်ခြေပိုင်းအထိ ပျက်စီးသွားတာတွေ့ရတယ်။ ပျက်စီးမှုအကြီးဆုံးဖြစ်တဲ့ စေတီပုထိုးဖြစ်ပါတယ်။

မနေ့က ည ၉ နာရီအထိ ကောက်ယူရရှိတဲ့ ပျက်စီးမှုဘုရားစာရင်းကတော့ ၁၈၀ ကျော်ရှိပါတယ်။ ညပိုင်းမိုးချုပ်အောင်အထိ ကောက်တော့ လွဲမှားသွားနိုင်တာလေးရှိနိုင်ပါတယ်။ နေရာအနှံ့အပြားမှာ စာရင်းလိုက်ကောက်နေရတော့ နေရာက ကျယ်ပြန့်နိုင်ပါတယ်။ နေရာကျယ်ပြန့်တော့ စာရင်းအတိအကျကို မသိရှိသေးနိုင်ပါဘူး။ လောလောဆယ်မှာတော့ ကျွန်တော်တို့ ညောင်ဦးခရိုင်အတွင်းမှာရှိတဲ့ ဌာနဆိုင်ရာအားလုံးကို စုဖွဲ့ပြီး အဖွဲ့ပေါင်း ၁၁ ဖွဲ့ခွဲပြီး စာရင်းလိုက်ကောက်ပါတယ်။ ခရိုင်စီမံခန့်ခွဲရေးကော်မတီက စီမံဆောင်ရွက်တဲ့အပိုင်းဖြစ်ပါတယ်။

နောက် ကျွန်တော်တို့ ရှေးဟောင်းသုတေသနအနေနဲ့ အဖွဲ့ငါးဖွဲ့ခွဲပြီးတော့ ကနဦးရရှိထားတဲ့စာရင်းတွေကို အသေးစိတ်မှတ်တမ်းတင်မှုတွေ ဆောင်ရွက်နေပါတယ်။ အင်ဂျင်နီယာအဖွဲ့တွေကလည်း အဲဒီအပျက်အစီးတွေကို လိုက်ပြီးတော့ စိစစ်နေပါတယ်။ ဒီလို ငလျင်ကြီးတွေလှုပ်ပြီး ငလျင်ငယ်တွေ နောက်ထပ်ဖြစ်လာတတ်တဲ့ သဘာဝလည်းရှိပါတယ်။ အများဆုံးဖြစ်တာက လိုဏ်ဘုရားတွေဖြစ်တာပါ။ ပျက်စီးမှုနည်းတယ်ဆိုပေမယ့်လည်း ကြံ့ခိုင်မှုအပိုင်းမှာတော့ အားနည်းသွားမှာပါ။ ခရီးသွားပြည်သူတွေ ဝင်ရောက်လာတဲ့အချိန်မျိုးမှာ နောက်ဆက်တွဲ ငလျင်ငယ်လေးတွေလှုပ်တာမျိုးဖြစ်မှာ စိုးရိမ်ရပါတယ်။ ဒါကြောင့် အန္တရာယ်ရှိတဲ့ ဘုရားစေတီမှာဆိုရင် ရဲတပ်ဖွဲ့တွေ၊ လုံခြုံရေးတွေ တာဝန်ယူထားပြီး အလွယ်တကူ မဝင်ရောက်ဖို့ မေတ္တာရပ်ခံပြီးတော့ ဆောင်ရွက်ထားပါတယ်။ အထူးသဖြင့် စွယ်တော်လေးဆူမှာ တန့်ကြည်တောင်နဲ့ တူရင်းတောင်ဘုရားမှာ ပျက်စီးမှုမရှိဘူးလို့ ကျွန်တော်တို့သိရပါတယ်။ အဆောက်အအုံလေးတွေမှအပ တခြားတော့ ထိခိုက်မှုမရှိဘူးလို့ သိရပါတယ်။

ယဉ်ကျေးမှုအမွေအနှစ်ဆိုတာက မြန်မာနိုင်ငံသူ နိုင်ငံသားတွေရဲ့ အသည်းနှလုံးပါ။ အသည်းနှလုံးကို ထိခိုက်ခံရတာမျိုးဖြစ်တာ အားလုံး ယူကျုံးမရ ဝမ်းနည်းပက်လက်ဖြစ်ခဲ့ပါတယ်။ ဒါတွေဟာ ကျွန်တော်တို့နိုင်ငံအတွက် အဖိုးမဖြတ်နိုင်တဲ့ ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းတွေပါ။

**ဦးမျိုးညွန့် (ညွှန်ကြားရေးမှူး-ငြိမ်း)ဒေသခံတစ်ဦး**

ကျွန်တော်က ပုဂံသားပါ။ ဘုရားတွေကိုပြင်ခဲ့တဲ့ အင်ဂျင်နီယာတစ်ဦးပါ။ ၁၉၇၅ ခုနှစ်က ငလျင်ကြီးလှုပ်တဲ့အချိန်မှာ ကျွန်တော်က ကျောင်းပြီးခါစ။ ဘောလုံးကွင်းထဲမှာ ဘောလုံးကန်နေတာ။ မြေကြီးက လိမ့်လိမ့်ပြီးတော့ တက်လာတာ။ အခုငလျင်က နည်းနည်းပိုပြင်းပြီး လှုပ်ချိန်ကတာတိုတယ်။ အရင်ငလျင်လှုပ်တုန်းက နည်းနည်းတာရှည်တယ်။ ငလျင်လည်းလှုပ်ပြီးရော ပုဂံဘုရားတွေပြိုကျတာ အကုန်မြင်ရတယ်။

အာနန္ဒာ၊ ရွှေဂူကြီး ရဲနေတာပဲ။ အဲဒီအချိန်မှာ ပုဂံသူ ပုဂံသားတွေ ဘုရားတွေကို လုံခြုံရေးယူပြီးတော့ ကာကွယ်စောင့်ရှောက်ကြတယ်။ ငလျင်ကတော်တော်ပြင်းတော့ ဘုရားတွေတော့ ပျက်ပြီ၊ ပြိုကျပြီလို့ဆိုပြီးတော့ ပတ်ကြည့်လိုက်တော့ အဆိုးဆုံးက စူဠာမဏိကို တွေ့ရတယ်။ စူဠာမဏိ ပြိုကျတာ တော်တော်ဆိုးတော့ အချိန်ယူပြီး ပြင်ဆင်ရဦးမှာပါ။ အချိန်ယူပြီးတော့ ပြင်မယ်ဆိုရင် ကျွန်တော်တို့ ပုဂံရဲ့ ရှေးဟောင်းလက်ရာတွေ ပြန်ပေါ်လာမှာပါ။ အားလုံးလည်း စိုးရိမ်သောက မရောက်စေချင်ဘူး။ ကျွန်တော်တို့ အတတ်ပညာတွေနဲ့ အချိန်ပေးပြီးတော့ ငွေကြေးရှိဖို့သာ လိုတာပါ။ အဲဒီထဲမှာ ပညာရှင်တွေ ပေါင်းစည်းပြီးတော့ လုပ်စေချင်ပါတယ်။ ၁၉၇၅ ခုနှစ်က ပုဂံဘုရားပြင်ဆင်ခြင်းအထူးအဖွဲ့က လုပ်ပေးတယ်။ အဲဒီငလျင်လှုပ်တုန်းက ပြင်ဆင်တဲ့အပိုင်းတွေ အတော်ကောင်းကောင်းကျန်ခဲ့တယ်။ အခုပျက်စီးသွားတဲ့ ဘုရားတွေကိုလည်း စနစ်တကျလေးပြန်ပြင်မယ်ဆိုရင် ပုဂံခေတ်ဗိသုကာကို ပြန်ရမှာပါ။ အဆိုးထဲကအကောင်းကို ပြန်ပြောရရင် ပုဂံခေတ် ဗိသုကာလက်ရာတွေ ကျန်တယ်။

**ဒေါ်ခင်စောဝင်း(ပုဂံဒေသခံတစ်ဦး)**

ငလျင်လှုပ်တဲ့အချိန်မှာ စူဠာမဏိဘုရားမှာ ကျွန်မက ဈေးရောင်းရင်းနဲ့ရှိတယ်။ ငလျင်လှုပ်လိုက်တော့ အုတ်ခဲတွေက ဘေးကိုလွင့်စဉ်ကုန်တာမြင်ရတယ်။ ငှက်ကလေးတွေလည်း လန့်ပြီး ပျံပြေးလာကြတယ်။ ကျွန်မကလည်း အံ့ဩပြီး ကြည့်မိတဲ့အချိန်မှာ ဘုရားကြီးက ပြိုကျနေတယ်။ အဲလိုဖြစ်တဲ့အချိန်မှာ ကျွန်မဆိုင်ရှေ့မှာ နိုင်ငံခြားသားတွေရော၊ ပြည်တွင်းဘုရားဖူးတွေရောရှိတယ်။ အတွင်းထဲမှာလည်း လူတွေလည်းရှိတော့ ပိမိမှာကို စိုးရိမ်သလိုဖြစ်သွားတယ်။ အခုလို ဘုရားကြီးပြိုကျတော့ အတော်လေးကို စိတ်မကောင်းဖြစ်မိတယ်။ ဒီဘုရားမှာ ဈေးရောင်းတာ အနှစ် ၂၀ ကျော်ရှိသွားပြီ။ ဒီလိုမျိုး တစ်ခါမှ မကြုံဖူးဘူး။

စေတီပုထိုးများ ပြိုကျပျက်စီးခဲ့သည်မှာ ယခုတစ်ကြိမ်အပါအဝင် သုံးကြိမ်ရှိပြီဖြစ်သည့်အတွက် ယခုတစ်ခါ ပြင်ဆင်ရာတွင် ငလျင်ဒဏ်ခံနိုင်ရေး ပြုပြင်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြောကြားသည်။



ဦးစိုးတင့်



ဦးအောင်အောင်ကျော်



ဦးမျိုးညွန့်



ဒေါ်ခင်စောဝင်း

# ပြည်တွင်းပြည်ပဘုရားဖူးတွေ စိတ်ဝင်စားတဲ့ ဘုရားပုထိုးတွေကို ဦးစားပေး ပြုပြင်သွားမယ်

## ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို


ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်


ပြည်ထောင်စုဝန်ကြီးသူရဦးအောင်ကို


ဦးမြင့်သိန်း(ပုဂံဒေသခံ)


ဦးစိုးတင့် (ခရိုင်အုပ်ချုပ်ရေးမှူး)

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ဩဂုတ် ၂၄ ရက်က လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့် ပုဂံဘုရားပုထိုးများ ပျက်စီးဆုံးရှုံးမှုနှင့်ပတ်သက်ပြီး ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများ၏ စကားသံများကို ဖော်ပြလိုက်ရပါသည် -

**ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် (ဆောက်လုပ်ရေးဝန်ကြီးဌာန)**

ငလျင်ဒဏ်ကြောင့် ပုဂံကဘုရားပုထိုးစေတီတွေရဲ့ ပျက်စီးဆုံးရှုံးမှုတွေကို အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ဖို့အတွက် လေ့လာခဲ့ပါတယ်။ ပြိုကျပျက်စီးခဲ့တဲ့ ဘုရားပုထိုးတွေ မိုးရေမဝင်ဖို့ အရေးကြီးပါတယ်။ မိုးရေဝင်ရင် အဆောက်အအုံ ခိုင်ခံ့မှုအပိုင်းမှာ အားနည်းသွားနိုင်ပါတယ်။ ဒါကြောင့် ပြည်ထဲရေးဝန်ကြီးဌာနနဲ့ နယ်စပ်ရေးရာဝန်ကြီးဌာနတို့က တာပေါ်လင်(မိုးကာစ)တွေကို ဩဂုတ် ၂၅ ရက် ညနေအရောက် ပို့ပေးနေပြီဖြစ်ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ လက်ပံခြေပေါ်တံတားအဖွဲ့က ဩဂုတ် ၂၆ ရက်ကစပြီး ပြိုကျသွားတဲ့ ထိပ်ပိုင်းတွေကို မိုးရေ မဝင်ရောက်နိုင်အောင် မိုးကာစတွေနဲ့ စနစ်တကျ ကာကွယ်ပေးသွားမှာဖြစ်ပါတယ်။ ပျက်စီးဆုံးရှုံးမှုတွေကို သက်ဆိုင်ရာပညာရှင်တွေ လေ့လာဆန်းစစ်နေစဉ်အတွင်းမှာ လက်ရှိအခြေအနေထက် ပိုမိုထိခိုက်မှုမရှိအောင် ထိန်းသိမ်းပေးသွားမှာ ဖြစ်ပါတယ်။

**ပြည်ထောင်စုဝန်ကြီးသူရဦးအောင်ကို (သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)**

ပြည်တွင်းပြည်ပဘုရားဖူးတွေ စိတ်ဝင်စားတဲ့ ဂူပြောက်ကြီး၊ ထီးလိုမင်းလို၊ စူဠာမဏိ၊ ပြဿဒ်ကြီး၊ စေတနာကြီးနဲ့ ဓမ္မရံဘုရားပုထိုးတွေကို ဦးစားပေးပြုပြင်သွားမယ့်အပြင် ကျန်တဲ့စေတီပုထိုးတွေကို အဆင့်သတ်မှတ်ပြီး ပြုပြင်ခြင်း ဒါမှမဟုတ် တစ်ပြိုင်တည်း ဖြန့်ကြက်ပြုပြင်ခြင်းတွေ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အခုလို ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားတဲ့ မြန်မာ့ရှေးဟောင်းအမွေအနှစ်ပစ္စည်းတွေကို ယခုတစ်ကြိမ် ပြန်လည်ပြုပြင်မွမ်းမံခွင့်ရခြင်းဟာ ဘဝမှာတန်ဖိုးကြီးမားတဲ့ မဟာကုသိုလ်တော်ဖြစ်ပါတယ်။

**ဦးမြင့်သိန်း(ပုဂံဒေသခံ)**

ကျွန်တော် အသက် (၆၈) နှစ်ရှိပါပြီ။ ပုဂံမှာ ၁၉၇၅ ခုနှစ်က တစ်ကြိမ်၊ အခုတစ်ကြိမ်နဲ့ နှစ်ကြိမ် ကြုံခဲ့ဖူးပါတယ်။ ဘာသာတရားအရ အခုလို ကြုံရတာ စိတ်မကောင်းဖြစ်ရပါတယ်။ အခုပြိုကျသွားတဲ့စေတီက နောက်တည်ထားတဲ့ စေတီဖြစ်ပါတယ်။ အရင် ၁၉၇၅ ခုနှစ် မပြိုခင်ကအတိုင်း သပ်သပ်ရပ်ရပ် ပြန်ကောင်းသွားရင် ပိုကောင်းပါတယ်။ ကျွန်တော်တို့ ရွာဘုရားပွဲကို စေတနာကြီးပုထိုးတော်မှာ နှစ်စဉ် တော်သလင်းလဆန်းတိုင်း ကျင်းပနေကျပါ။ အခုနှစ်လည်း ကျင်းပနိုင်အောင် သက်ဆိုင်ရာက စီစဉ်ပေးစေချင်ပါတယ်။

**ဦးစိုးတင့် (ခရိုင်အုပ်ချုပ်ရေးမှူး)**

ငလျင်ဒဏ်ကြောင့် ထိခိုက်မှုရှိတဲ့ စေတီတွေကို သေချာစိစစ်ပြီး စေတီပုထိုး ၃၃ ဆူကို အခုလက်ရှိမှာ တားမြစ်ထားပါတယ်။ ထိခိုက်ပျက်စီးတဲ့ ဌာပနာတွေ၊ ရှေးဟောင်းပစ္စည်းတွေကို စနစ်တကျ မှတ်တမ်းပြုစုပြီး ပြတိုက်မှာ ထားရှိသွားမှာဖြစ်ပါတယ်။ ဆောက်လုပ်ရေး၊ ယဉ်ကျေးမှုနဲ့ သာသနာရေး၊ ယူနက်စကိုအဖွဲ့ရဲ့ အကူအညီနဲ့ စိစစ်သွားမှာ ဖြစ်ပါတယ်။ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေက နိုင်ငံရဲ့အသည်းနှလုံးဖြစ်တာကြောင့် အခုလို ကြုံတွေ့ရတာကို ဒေသခံတွေက စိတ်မကောင်းဖြစ်ရပါတယ်။ အုပ်ချုပ်ရေးအဖွဲ့အနေနဲ့ ပျက်စီးဆုံးရှုံးမှုတွေကို ချက်ချင်းစစ်ဆေးပြီး သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့တွေနဲ့ လုံခြုံရေးဆောင်ရွက်ပေးတာကို ဒေသခံတွေအနေနဲ့ ကျေနပ်မှုဖြစ်နေကြပါတယ်။

**(သတင်းစဉ်)**

# မကွေးနှင့် မင်းဘူးမြို့တို့၌ ငလျင်ဒဏ်ခံစားရပြီး ထိခိုက်ပျက်စီးမှု အနည်းငယ်သာရှိ


မင်းဘူးမြို့ရှိ နဂါးပွက်တောင် ထိခိုက်ပျက်စီးမှုကို တွေ့ရစဉ်။

**မင်းဘူး ဩဂုတ် ၂၅**

မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်းဒေသကြီး မကွေးခရိုင်အတွင်းရှိ ချောက်မြို့၏အနောက်ဘက် ၁၂ မိုင်ခန့်အကွာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းမြေငလျင်တစ်ခု ယမန်နေ့ မြန်မာစံတော်ချိန် ညနေ ၅ နာရီ ၅ မိနစ်ခန့်တွင် လှုပ်ခတ်ခဲ့သည်။ အဆိုပါငလျင်ကြောင့် မြန်မာနိုင်ငံနေရာ အနှံ့အပြားရှိ ဒေသများ၌ ငလျင်လှိုင်းဒဏ် သက်ရောက်ခဲ့ရာ ငလျင်ဗဟိုချက်နှင့် မိုင် ၆၀ ခန့် အကွာအဝေးတွင်တည်ရှိသော မကွေးမြို့နှင့် မင်းဘူးမြို့တို့တွင်လည်း ငလျင်လှိုင်းဒဏ် ခံစားခဲ့ရပြီး ထိခိုက်ပျက်စီးမှု အနည်းငယ်ရှိခဲ့ကြောင်း သိရသည်။

အချို့သော လူမှုကွန်ရက် (ဖေ့စ်ဘွတ်)စာမျက်နှာများတွင် မကွေးမြသလွန်စေတီတော် ငလျင်ဒဏ်ကြောင့် ပျက်စီးမှုရှိဟုဖော်ပြထားသောပုံများမှာ မှားယွင်းမှုသာဖြစ်ပြီး မကွေးမြသလွန်စေတီတော်မှာ ကြီးမားသော တစ်စုံတစ်ရာထိခိုက်မှုမရှိဘဲ ဘုရားဖူးဧည့်သည်များဖြင့် ပုံမှန်စည်ကားလျက်ရှိကြောင်း၊ မကွေးမြို့တွင်လည်း ငလျင်ဒဏ်ကြောင့် လူနှင့် တိရစ္ဆာန်များ သေဆုံးခြင်းမရှိဘဲ ကမ်းနားလမ်းရှိ သက်တမ်းရင့် ဆန်စက်ဂိုဒေါင် အဆောက်အအုံနံရံပြိုကျမှုတစ်ခုသာရှိခဲ့ကြောင်း သိရသည်။

“မကွေးမြို့တွင် ငလျင်လှုပ်ခတ်မှုကြောင့် မြသလွန်စေတီတော်ရဲ့ အာရုံခံတန်စောင်း ကြမ်းခင်းကွဲပြားနဲ့ ရုပ်ပွားတော်တွေထားရှိရာ တန်စောင်းနံရံ အနည်းငယ်အက်ခြင်းမှလွဲ၍ မြသလွန်စေတော်မှာ ထိခိုက်မှုမရှိပါဘူး။ မကွေးမြို့နဲ့ မင်းဘူး၊ မင်းလှ၊ ပွင့်ဖြူ အစရှိတဲ့ ဧရာဝတီမြစ်အနောက်ဘက်ခြမ်းဒေသကို ဆက်သွယ်ပေးတဲ့ ဧရာဝတီတံတား(မကွေး)ဟာလည်း ငလျင်လှုပ်ခတ်မှုကြောင့် တစ်စုံတစ်ရာထိခိုက်ပျက်စီးမှု မရှိပါဘူး”ဟု မကွေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြင့်လွင်က ပြောသည်။

ဈေးကအပြန် ထိုင်ခုံတွင် ခဏထိုင်နေတုန်း တဖြည်းဖြည်းလှုပ်လာ၍ ငလျင်လှုပ်နေသည်ဟု တခြားလူများအား သတိပေးပြီး ခဏအကြာတွင် အထက်အောက်ရှေ့နောက် ဘယ်ညာ သွက်သွက်ခါရမ်းသည်အထိ လှုပ်ခတ်မှုရှိလာကြောင်း၊ မြေကြီးကိုကြည့်ပြီး မည်ကဲ့သို့ ခြေချရမည်ဆိုသည်ကိုပင် မစဉ်းစားတတ်တော့ကြောင်း၊ လှုပ်ခတ်မှုရပ်တန့်သွားချိန်တွင် ခေါင်းမူး၊ ဒူးတုန်ပြီး စကားပင်မပြောနိုင်သည်အထိ ကြောက်လန့်နေခဲ့ရကြောင်း မကွေးမြို့ ဗိုလ်ချုပ်လမ်းနေ မအေးသီတာကၡင်း၏ ကိုယ်တွေ့ဖြစ်ရပ်ကို ပြောပြသည်။

မကွေးမြို့နှင့်အလားတူပင် ငလျင်လှုပ်ခတ်မှုကြောင့် မင်းဘူးမြို့ရှိ လူနေအဆောက်အအုံပိုင်းတွင် ကြီးမားသော ပျက်စီးဆုံးရှုံးမှုမရှိသော်လည်း ပြည်တွင်း ပြည်ပဧည့်သည်များ လာရောက်လည်ပတ်လေ့ရှိသော နဂါးပွက်တောင်နှင့် အနီးတစ်ဝိုက်တွင် ငလျင်လှုပ်ခတ်မှုဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများရှိသည်ကို တွေ့ရှိခဲ့ရသည်။

“ငလျင်လှုပ်ခတ်မှုဒဏ်ကြောင့် နဂါးပွက်တောင်အနောက်ဘက် မြေထိန်းနံရံနိမ့်ကျပြီး ချော်ရည်တွေကို တားဆီးထားတဲ့ ကွန်ကရစ်မြေထိန်းနံရံတွေ ကျိုးပဲ့ပျက်စီးပြိုကျ၍ ရွှံ့ရည်တွေ လျှံထွက်ခဲ့ပါတယ်။ စောင်းတန်းလှေကားတွေ၊ နဂါးရုံ ဘုရားပလ္လင်နဲ့ အုတ်ခုံ၊ ဧည့်ခန်းမဆောင်နဲ့ ဂေါပကရုံးအဆောက်အအုံတွေမှာ ကြမ်းခင်းကွန်ကရစ်များကွဲထွက်၍ နိမ့်မြင့်ခြင်း၊ ယိုင်လဲခြင်းတွေ၊ မျက်နှာကြက်တွေပြုတ်ကျပြီး နဂါးပွက်တောင် မုခ်ဦးတိုင် အနည်းငယ်ယိုင်ကာ တံတိုင်းအချို့ ပြိုကျပျက်စီးခြင်းတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ နဂါးပွက်တောင်မုခ်ဦးရှေ့ ကတ္တရာလမ်းနဲ့ မုခ်ဦးအတွင်း မြေသားလမ်းအထက်သို့ နှစ်ပေခန့် မို့မောက်မြင့်တက်မှုဖြစ်ပေါ်ခဲ့ပါတယ်”ဟု နဂါးပွက်တောင် သာယာလှပရေးအဖွဲ့ အတွင်းရေးမှူး ဦးစိန်တင်က ပြောသည်။

ငလျင်လှုပ်ပြီးပြီးချင်း မင်းဘူးခရိုင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးမှ တာဝန်ရှိသူများ၊ သဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ အပါအဝင် တာဝန်ရှိအဖွဲ့အစည်းများပူးပေါင်း၍ နဂါးပွက်တောင်သို့ လာရောက်ကြည့်ရှုသူများ ဘေးအန္တရာယ်မဖြစ်စေရေးအတွက် စောင့်ကြပ်ထိန်းသိမ်းပေးခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် မကွေးခရိုင်အတွင်းရှိ ခြေလျင်တပ်ရင်းများ၊ မကွေးလေတပ်လေကြောင်းရန်ကာကွယ်ရေးတပ်အပါအဝင် တပ်မတော်သားများက အပျက်အစီးများကို လာရောက်ရှင်းလင်းလုပ်အားပေးခဲ့သည်။

“ငလျင်မလှုပ်ခင်က ရာဇဝင်စာအုပ်တွေထဲကလို ကျေးငှက်တွေလန့်အော်သံ၊ တော်လဲမြည်ဟိန်းသံတွေဘာမှ မကြားရပါဘူး။ ဂေါပကရုံးခန်းထဲမှာ ထိုင်နေတုန်း တဖြည်းဖြည်းနဲ့ ငလျင်လှုပ်နေတာသိတယ်။ နောက်တော့ သွက်သွက်ခါရမ်းပြီး မျက်နှာကြက်တွေ ကွေးကောက်ကွာကျကာ ကိုယ့်ဆီပြေးဝင်လာသလားတောင် ထင်မှတ်ရပါတယ်။ ပြေးဖို့တံခါးဝကို ကြည့်လိုက်တော့ ကွန်ကရစ်အခင်းက ကွာပြီးဟလာတယ်။ အဲဒီပေါ်က မဖြတ်ရဲလို့ ပြတင်းပေါက်ကနေ ခုန်ချပြီးပြေးခဲ့ရတယ်။ မြေပေါ်မှာ ရပ်လို့ကို မရပါဘူး။ ဒီဒေသမှာ ငလျင်ငယ်လေးတွေ အကြိမ်ကြိမ်ကြုံခဲ့ဖူးပါတယ်။ ဒါမျိုးတော့ မကြုံဖူးသေးပါဘူး”ဟု မင်းဘူးမြို့နယ် နဂါးပွက်တောင် သာယာလှပရေးကော်မတီ အဖွဲ့ဝင်တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

မင်းဘူးမြို့နယ်အတွင်း အထက(၂) မင်းဘူးအပါအဝင် ကျောင်းသုံးကျောင်း နံရံအင်္ဂတေကွာကျမှု၊ အက်ကွဲမှုနှင့် စေတီငယ်အချို့ စိန်ဖူးတော်မြေခခြင်း၊ တိမ်းစောင်းခြင်း၊ ဘုန်းတော်ကြီးကျောင်း အုတ်တံတိုင်းအက်ကွဲခြင်းများ ၁၀ ခုခန့်ရှိကြောင်း၊ ထူးခြားမှုအနေဖြင့် နဂါးပွက်တောင်နှင့် ပေ ၂၀၀ ခန့်အကွာတွင် ဖြတ်သန်းသွယ်တန်းထားသော မန်းရေနံမြေမှ ကျွဲသုံးမြောင်ရွာ အနောက်ဘက်ရှိ တစ်မီလီယံ ရေနံကန်သို့ ရေနံပို့လွှတ်သည့် ၁၀ လက်မ ရေနံပိုက်လိုင်းမှာ ကျိုးပေါက်၍ ရေနံများ ယိုစိမ့်ထွက်ခဲ့ရာ မန်းရေနံမြေမှ အထွေထွေမန်နေဂျာ ဦးစီးပြီး ဝန်ထမ်းအင်အား ၃၀ ကျော်က အရေးပေါ်ပြုပြင်ခဲ့ရာ ယင်းနေ့ည ၁၁ နာရီတွင် ပြင်ဆင်ပြီးစီးခဲ့ကြောင်းနှင့် မင်းဘူးမြို့နယ်အတွင်း သောက်သုံးရေဖြန့်ဝေရန် နဂါးပွက်တောင်အနီးမှ ဖြတ်သန်းဆက်သွယ်ထားသော ခြောက်လက်မနှင့် ရှစ်လက်မ ရေဖြန့်ဝေပိုက်လိုင်းများမှာ ငါးနေရာခန့် ပိုက်ဆက်များ လွဲချော်ပျက်စီးခဲ့ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က သောက်သုံးရေ ပြန်လည်ဖြန့်ဝေပေးနိုင်ရေး အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်လျက်ရှိကြောင်း မင်းဘူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးညီညီဝင်းက ပြောသည်။

ငလျင်ဒဏ်ကြောင့် နဂါးပွက်တောင်မှ ပွက်နေသည်များမှာ ပိတ်ဆို့သွားခြင်း၊ ကြီးမားလာခြင်းများမရှိဘဲ မူလနေရာတွင်ပင် ပွက်လျက်ရှိကြောင်း၊ အပျက်အစီးများ ရှင်းလင်းပြီး၍ လာရောက်ကြည့်ရှုလေ့လာကြသော ဧည့်သည်များ၊ မော်တော်ယာဉ်များဖြင့် ပုံမှန်စည်ကားလျက်ရှိကြောင်း သိရသည်။ **(သတင်း-ရာမည၊ ဓာတ်ပုံ-နေသန်)**

မြန်မာနိုင်ငံအလယ်ပိုင်း ချောက်မြို့နှင့် ၁၂ မိုင်အကွာကို ဗဟိုပြု၍ ဩဂုတ် ၂၄ ရက် ညနေ ၅ နာရီ ၄ မိနစ် ၅၅ စက္ကန့်က ရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းငလျင်လှုပ်ခတ်ခဲ့ခြင်းကြောင့် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေရှိ စေတီပုထိုးများ ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့်အပြင် ဆက်စပ်မြို့နယ်အချို့၌လည်း စေတီပုထိုးများနှင့် လူနေအဆောက်အအုံများပျက်စီးကာ လူအသေအပျောက်များရှိခဲ့သည်။

အဆိုပါလှုပ်ခတ်ခဲ့သည့် ငလျင်နှင့်စပ်လျဉ်းပြီး ငလျင်စာတမ်းများ၊ ငလျင်သုတေသနများ ပြုလုပ်နေသည့် အကြီးတန်းသုတေသနပညာရှင် မြန်မာနိုင်ငံ ငလျင်ကော်မတီ နာယက ဒေါ်လှလှအောင်နှင့် မြန်မာ့သတင်းစဉ်က တွေ့ဆုံမေးမြန်းခဲ့သည်။

# မြန်မာနိုင်ငံ ငလျင်ကော်မတီနာယက ဒေါ်လှလှအောင်နှင့် တွေ့ဆုံခြင်း

**မေး။ ။ ဩဂုတ် ၂၄ ရက်ညနေက ချောက်မြို့အနီးလှုပ်ခတ်သွားတဲ့ ငလျင်အခြေအနေကို သိပါရစေ။**

ဖြေ။ ။ ဩဂုတ် ၂၄ ရက်ညနေပိုင်းက ချောက်မြို့နဲ့ ၁၂ မိုင်အကွာကိုဗဟိုပြုပြီး လှုပ်သွားတဲ့ငလျင်က ဘယ်ပြတ်ရွေ့ကြောင့်မှမဟုတ်ဘူး။ ထိုးစိုက်ဇုန် (Subduction Zone)ကြောင့် လှုပ်သွားတာ။ ထိုးစိုက်ဇုန်က အိန္ဒိယကျောက်ထုချပ် (India Plate)က ဘားမားကျောက်ထုချပ်(Burma Plate) အောက်ကို ထိုးဆင်းသွားတဲ့အတွက် ငလျင်လှုပ်တာ။ တော်တော်များများက စစ်ကိုင်းပြတ်ရွေ့က လှုပ်တယ်လို့ပြောတယ်။ အချို့ကလည်း ကဘော်ပြတ်ရွေ့က လှုပ်တယ်လို့ပြောတယ်၊ ဘယ်ပြတ်ရွေ့ကမှလှုပ်တာမဟုတ်ဘူး။ ထိုးစိုက်ဇုန်ကြောင့် လှုပ်သွားတာ။ထိုးစိုက်ဇုန်ကြောင့်လှုပ်တယ်ဆိုတာ ပိုပြီးသေချာတာက ကျောက်ဖြူနဲ့မင်းဘူးဘက်မှာ ရွှံ့မီးတောင်တွေပေါက်သွားတယ်။ ၁၉၇၅ ခုနှစ်က ငွေးချိုပြတ်ရွေ့ကလှုပ်တဲ့ ပုဂံငလျင်နဲ့လည်းဆက်နွှယ်မှုမရှိဘူး။ ဒီငလျင်က ချောက်ငလျင်လို့ပဲပြောလို့ရမယ်။

**မေး။ ။ မြန်မာနိုင်ငံမှာ အရင်က ထိုးစိုက်ဇုန်ကြောင့် ငလျင်လှုပ်ဖူးတာရှိပါသလား။ ဒါပထမဆုံးလား သိပါရစေ။**

ဖြေ။ ။ ထိုးစိုက်ဇုန်ကြောင့် အခုလှုပ်သွားတဲ့ငလျင်က မြန်မာနိုင်ငံမှာ ပထမဆုံးလှုပ်တာပါ။ ၁၇၆၂ ခုနှစ်တုန်းက မြန်မာနိုင်ငံပြင်ပ ရခိုင်ရိုးမကမ်းလွန်ပင်လယ် ရေအောက်ထဲမှာလှုပ်ဖူးတယ်။ အဲဒီတုန်းက လူအသေအပျောက် ၇၀၀ လောက် ရှိခဲ့တယ်။ ၂၀၀၄ ခုနှစ်တုန်းကလည်း ၉ ဒသမ သုည ရစ်ချ်တာစကေးရှိတဲ့ ဆူမားတြား ဆူနာမီငလျင်ကလည်း ထိုးစိုက်ဇုန်ကြောင့်လှုပ်ခဲ့တယ်။ ထိုးစိုက်ဇုန်ကြောင့်ငလျင်တွေလှုပ်ဖူးတဲ့ သာဓကတွေရှိတယ်။ မြန်မာနိုင်ငံပြည်တွင်းမှာတော့ ထိုးစိုက်ဇုန်ကြောင့် ငလျင်လှုပ်တာ ဒါပထမဆုံးအကြိမ်ပါ။

**မေး။ ။နောက်ဆက်တွဲငလျင်ငယ်တွေ၊ ငလျင်ကြီးတွေရော လှုပ်ဖို့ရှိနိုင်ပါသလား။**

ဖြေ။ ။ထိုးစိုက်ဇုန်ကြောင့် အခုလှုပ်သွားတဲ့ငလျင်က တစ်ခါမှမလှုပ်ဖူးသေးတဲ့ငလျင်ကြီးပါ။ မြန်မာနိုင်ငံမှာ မကြုံဖူးသေးတဲ့ ငလျင်ကြီးပေါ့။ နောက်ထပ်လှုပ်နိုင်ခြေရှိတယ်။ မရှိဘူးဆိုတာ ပြောဖို့အချိန်စောသေးတယ်။ အချက်အလက်အထောက်အထားတွေ ရှာရဦးမယ်။ နောက်ဆက်တွဲငလျင်ငယ်တွေ၊ ငလျင်ကြီးတွေလာနိုင်လားဆိုတာကတော့ ပြောဖို့စောပါသေးတယ်။

**မေး။ ။မြန်မာနိုင်ငံမှာ ၂၀၁၁ ခုနှစ်ကစပြီး အခုအချိန်ထိ ငလျင်တွေလှုပ်တာ စိပ်လာတယ်။ အဲဒီအပေါ်မှာသုံးသပ်ပေးပါဦး။**

ဖြေ။ ။အခုအချိန်က ငလျင်တစ်ခေတ်ဆန်းသစ်တယ်လို့ ပြောလို့ရတယ်။ ၂၀၁၁ ခုနှစ်မှာ တာလေငလျင်လှုပ်တယ်။ လူသေတယ်။ အဆောက်အအုံတွေပျက်စီးတယ်။ ၂၀၁၂ ခုနှစ်မှာ သပိတ်ကျင်းငလျင်လှုပ်တယ်။ လူသေတယ်။ ဘုရားပုထိုးစေတီတွေပျက်စီးတယ်။ အိမ်တွေပျက်စီးတယ်။ ၂၀၁၃-၂၀၁၄ မှာလည်း လှုပ်ခဲ့တယ်။ အဲဒီတုန်းကလှုပ်ခဲ့တဲ့ငလျင်က ငလျင်ဗဟိုရှိတဲ့နေရာလောက်ပဲ ခံစားရတယ်။ တခြားနေရာကလူတွေမခံစားရတော့ သိပ်သတိမထားမိကြဘူး။ ၂၀၁၅-၂၀၁၆ မှာလည်း ငလျင်တွေလှုပ်လာတယ်။ ငလျင်က တစ်ခါတစ်ခါတစ်ကျော့ပြန်လာတယ်။ ၁၉၂၉ ခုနှစ်ကနေ ၁၉၃၁ ခုနှစ်အထိ ငလျင်တွေဆက်တိုက်လှုပ်ခဲ့ဖူးတယ်။ လှုပ်တဲ့ပမာဏတွေကြည့်ရင်လည်း ၇ ဒသမ သုည၊ ၇ ဒသမ ၃၊ ၇ ဒသမ ၆ ရစ်ချ်တာစကေးရှိတဲ့ငလျင်ကြီးတွေလှုပ်ခဲ့ဖူးတယ်။ အဲဒီတုန်းကလည်း ဘုရားပုထိုးစေတီတွေ ပျက်စီးခဲ့တယ်။ လူအသေအပျောက်တွေရှိခဲ့တယ်။ အဲဒီနောက်ပိုင်း ငလျင်သိပ်မလှုပ်တော့ လူတွေမေ့သွားတယ်။ အခုပြန်ပြီးလှုပ်လာတယ်ဆိုတော့ ငလျင်တစ်ခေတ်ဆန်းသစ်တယ်လို့ပြောလို့ရတယ်။



ဒေါ်လှလှအောင်

**မေး။ ။အခုလှုပ်တဲ့ငလျင်ကြီးက ထိုးစိုက်ဇုန်ကလှုပ်တယ်ဆိုတော့ ပြတ်ရွေ့တွေကရော ငလျင်တွေလှုပ်ဖို့ရှိပါသလား။**

ဖြေ။ ။စစ်ကိုင်းပြတ်ရွေ့ရှိတယ်။ စစ်ကိုင်းပြတ်ရွေ့မှာလည်း ၁၉၃၀ ကလှုပ်ဖူးတဲ့ ပဲခူးငလျင်၊ ဖြူးငလျင်ရှိတယ်။ ငလျင်ကသက်တမ်း ၁၀၀ လည်းရှိတယ်။ ၁၆၀ လည်းရှိတယ်။ တစ်ကျော့ပြန်လှုပ်တယ်။ အဲဒီလိုလှုပ်ဖို့ဆိုရင် လှုပ်ဖို့အချိန်နီးလာတယ်။ စစ်ကိုင်းပြတ်ရွေ့မှာလည်း လှုပ်ဖို့ရှိတယ်။ ကျောက်တန်းပြတ်ရွေ့ကလည်း ၈ ဒသမ သုည ရစ်ချ်တာစကေးရှိတဲ့ငလျင်ကြီးက ၁၉၁၂ ခုနှစ်က လှုပ်သွားဖူးတယ်။ ပြန်တွက်ရင် နှစ် ၁၀၀ ကျော်သွားပြီ။ ဒါကလည်းတစ်ကျော့ပြန်လှုပ်ဖို့ နီးလာတယ်။ ဘယ်ပြတ်ရွေ့က ဘယ်နေရာကနေ ဘယ်လောက်ပမာဏလှုပ်မယ်ဆိုတာ ကြိုတင်ခန့်မှန်းလို့မရဘူး။

**မေး။ ။ငလျင်နဲ့ပတ်သက်ပြီးဖြည့်စွက်ပြောကြားစရာရှိရင် ပြောကြားပေးပါ။**

ဖြေ။ ။ငလျင်က ကြိုတင်ခန့်မှန်းလို့မရဘူး။ တစ်ချိန်ချိန်မှာတော့ ကြိုတင်ခန့်မှန်းနိုင်တာတွေဖြစ်လာနိုင်ပါတယ်။ ငလျင်ဆိုတဲ့ဘေးကလွတ်ကင်းအောင် နိုင်ငံတကာ ပညာရှင်တွေကလည်း သုတေသနလုပ်ငန်းတွေကိုအမြဲမပြတ်ဆောင်ရွက်နေတယ်။ မုန်တိုင်းကကြိုတင်ခန့်မှန်းလို့ရတယ်။ ငလျင်က မြေအောက်ကလာတဲ့ ဘေးဖြစ်တဲ့အတွက်ခန့်မှန်းလို့လည်းမရဘူး။ ရှောင်လို့လည်းမရဘူး။ ဖြစ်တယ်ဆိုတာနဲ့ လူအသေအပျောက် အပျက်အစီးများတယ်။ ဆူနာမီတက်လာလို့ သေတာကတစ်မျိုး၊ တိုက်ပြိုလို့သေတာကတစ်မျိုးပေါ့။ နိုင်ငံတော်ရဲ့စီးပွားရေးကိုလည်းပျက်စီးတယ်။ ထိခိုက်ပျက်စီးမှုများတဲ့အတွက် ပညာရှင်တွေကလည်း တစိုက်မတ်မတ်လုပ်နေကြတယ်။ ပြည်သူတွေအနေနဲ့လည်း ငလျင်နဲ့ပတ်သက်ပြီး မီဒီယာတွေမှာ ရေးသားဖော်ပြတာတွေကို ဖတ်စေချင်တယ်။ ပညာရှင်တွေဟောပြောတာတွေကိုနားထောင်စေချင်တယ်။ ဒါမှ ကိုယ်ဘာလုပ်ရမယ်ဆိုတာ သိမယ်။ ဒါကတစ်ဦးချင်းနဲ့လည်းဆိုင်သလို တစ်နိုင်ငံလုံးနဲ့လည်းဆိုင်တယ်။

**တွေ့ဆုံမေးမြန်း - မင်းသစ်(သတင်းစဉ်)**

**ဓာတ်ပုံ - ဇော်မင်းလတ်**

# ငလျင်ဘေးဒဏ်သင့်ဒေသများအတွက် ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းက ကျပ်သိန်း ၂၀၀၀ လှူဒါန်း

**ညောင်ဦး ဩဂုတ် ၂၅**

ဩဂုတ် ၂၄ ရက်က မြေငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးသွားသော ဘုရားစေတီပုထိုးများ ပြန်လည်ပြုပြင်ရန်နှင့် ပြည်သူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် အလှူငွေကျပ်သိန်း ၂၀၀၀ ကို ကမ္ဘောဇအနာဂတ် အလင်းတန်း မြန်မာ ဖောင်ဒေးရှင်းကိုယ်စား ကမ္ဘောဇအုပ်စုကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးမိုးဆန်းအောင်က တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်ထံ ယနေ့မွန်းတည့် ၁၂ နာရီက ပုဂံညောင်ဦး ဆက်သွယ်ရေး ဧည့်ရိပ်သာတွင် လှူဒါန်းခဲ့ကြောင်း သိရသည်။

ဝန်ကြီးချုပ်က ယခုကဲ့သို့လှူဒါန်းမှုသည် ယမန်နေ့က ဖြစ်ပွားခဲ့သော ငလျင်ဘေးအတွက် ပထမဆုံး လှူဒါန်းမှုဖြစ်ကြောင်းနှင့် ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းသည် ဒေသအတွင်း သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့ ၁၃ ခုသို့ စုစုပေါင်း ကျပ်သိန်းပေါင်း ၁၃၀၀၀ နှင့် လာမည့်ဆောင်းရာသီတွင် လာနီညာရာသီဥတုကြောင့် အအေးဒဏ်လွန်ကဲမှု ပိုမိုခံစားရနိုင်သည့် ဒေသများရှိ တိုင်းရင်းသားပြည်သူများအတွက် အမေရိကန်ဒေါ်လာ နှစ်သန်းကျော် တန်ဖိုးရှိ ခေါင်းစွပ်ပါအနွေးထည် ၁၄၀၀၀၀ ကို လှူဒါန်းလျက်ရှိသည့်အပြင် မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်း ၁၁ ခုတွင် ထိန်းသိမ်းခံနေကြရသော မြန်မာနိုင်ငံသားများကိုလည်း အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်း (MAI) စင်းလုံးငှားလေယာဉ်များဖြင့် မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ အခမဲ့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**(ဝ၁ဝ)**

❒





# မြေငလျင်လှုပ်ခတ်မှုကြောင့် မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်များပျက်စီးမှု ရခိုင်ပြည်နယ်အစိုးရအဖွဲ့ လာရောက်ကြည့်ရှု

**မြောက်ဦး ဩဂုတ် ၂၅**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ စည်ပင်သာယာရေးဝန်ကြီး ဦးမင်းအောင်နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက် ၁၁ နာရီတွင် ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့တွင် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသအတွင်း ဩဂုတ် ၂၄ ရက် ညနေ ၅ နာရီ ၅ မိနစ်က မြေငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးသွားသည့်နေရာများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ မာရ်ငါးပါးတွင် အထင်ကရတန်ခိုးကြီးဘုရားတစ်ဆူဖြစ်သော ရှေးဟောင်းသမိုင်းဝင် ရတနာ့မာရ်အောင်ဘုရား စိန်ဖူးတော်၊ ထီးတော်နှင့် ငှက်ပျောဖူး၊ အခြေကြာမောက်အပိုပိုင်းအထိ ပေ ၂၀ ခန့်၊ ထီးတော်အောက်ဆုံး အဆင့်ကိုးလက်မခန့် ပြိုကျခဲ့သည်။ ထို့ပြင် ရတနာပုံစေတီတော်ကြီးမှာ စိန်ဖူးတော်၊ထီးတော်အောက်ဆုံးအဆင့်၏ ကိုးလက်မခန့် ပြိုကျပြီး ကိုးသောင်းပုထိုးတော်ကြီး၏ အရှေ့မြောက်ထောင့် လိုဏ်ပတ်လမ်းယာယီသွပ်မိုးထားသော နေရာများတွင် ကျောက်တုံးအပိုင်းအစ ငါးခုခန့်ပြိုကျရာ နံရံကပ်ဆင်းတု သုံးဆူခန့် ပြိုကျခဲ့သည်။ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးညိမ်းလွင်က ပျက်စီးခဲ့သည့် ဘုရားပုထိုးတော်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက လိုအပ်ချက်များကို ဖြည့်ဆည်းပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**



# ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကို ထောက်ခံကြိုဆိုသည့်လှုပ်ရှားမှု အွန်လိုင်းမောင်နှမများအဖွဲ့က စုပေါင်းပြုလုပ်

**ရန်ကုန် ဩဂုတ် ၂၅**
ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကို ပြည်သူလူထုက ထောက်ခံကြိုဆိုသည့် လှုပ်ရှားမှုကို ယနေ့မွန်းလွဲ ၃ နာရီတွင် လှိုင်မြို့နယ်ရှိ (တံတားဖြူမှတ်တိုင်အနီး) အင်းယားကန်ပေါင်တွင် ပြုလုပ်ကြသည်။

အဆိုပါ ကြိုဆိုထောက်ခံပွဲကို ပြည်သူအကျိုးပြု အွန်လိုင်းမောင်နှမများအဖွဲ့က ပြုလုပ်ခြင်းဖြစ်ပြီး "ဒီကိစ္စက ပြည်တွင်းငြိမ်းချမ်းရေးနဲ့ အဓိကသက်ဆိုင်သလို အမျိုးသားရင်ကြားစေ့ရေးကို အကောင်အထည်ဖော်တာဖြစ်တဲ့အတွက် တိုင်းပြည်အတွက် အလွန်အရေးကြီးပါတယ်။ ဒါ့ကြောင့် အခုလိုထောက်ခံမှုတွေ လုပ်ရတာပါ။ ဒီလိုပွဲမျိုးတွေကို အနယ်နယ် အရပ်ရပ်မှာ လုပ်စေချင်ပါတယ်။ လုပ်သွားဖို့လည်း စီစဉ်ထားပါတယ်"ဟု အဆိုပါအဖွဲ့တာဝန်ခံ ကိုစန်းလင်းအောင်က ပြောသည်။

ရန်ကုန်မြို့၌ (၂၁)ရာစု ပင်လုံညီလာခံ ထောက်ခံကြိုဆိုသည့်လှုပ်ရှားမှုကို ဩဂုတ် ၂၈ ရက်တွင် မဟာဗန္ဓုလပန်းခြံ (မြို့တော်ခန်းမရှေ့) ၌ ပြုလုပ်သွားရန် စီစဉ်ထားကြောင်း သိရသည်။ **ဇော်ကြီး(ပဏီတ)**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို ဂုဏ်ပြုအထိမ်းအမှတ် အထူးထုတ် စာပို့တံဆိပ်ခေါင်းရောင်းချမည်

**နေပြည်တော် ဩဂုတ် ၂၅**
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ ၂၀၁၆ ခုနှစ် တိုင်းရင်းသားလူမျိုးများအားလုံး ပါဝင်သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံအား ဂုဏ်ပြုသည့် အထိမ်းအမှတ် အထူးထုတ်စာပို့တံဆိပ်ခေါင်း ၁၀၀ကျပ်တန်၊ကျပ် ၂၀၀ တန်၊ကျပ် ၅၀၀တန် သုံးမျိုးကို ဩဂုတ် ၃၁ ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၉ နာရီခွဲမှ စတင်၍ တိုင်းဒေသကြီး/ ပြည်နယ်များရှိ စာတိုက်များ၌ ရောင်းချမည်ဖြစ်သည်။

အထူးအစီအစဉ် တစ်ရပ်အနေ ဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ ဩဂုတ် ၃၁ ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ် အသား တံဆိပ်ရိုက်နှိပ်ပေးမည် ဖြစ်သည်။

**(သတင်းစဉ်)**










# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ၌ သတင်းရယူကြမည့် မီဒီယာသမားများ မှတ်ပုံတင်ခြင်းဆောင်ရွက်နိုင်

**နေပြည်တော် ဩဂုတ် ၂၅**
ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကို ဩဂုတ် ၃၁ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) (MICC-2) ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ တက်ရောက်သတင်းရယူလိုသည့် ပြည်တွင်း၊ ပြည်ပ သတင်းထောက်များအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန Website ဖြစ်သော www.moi.gov.mm တွင် **Union Peace Conference-21st Century Panglong** ကို နှိပ်ကာ **MEDIA REGISTRATION FORM** တွင် ပြည့်စုံစွာ ဖြည့်စွက်ပြီး Go ပြုလုပ် မှတ်ပုံတင်ခြင်းကို ဩဂုတ် ၂၈ ရက် ညနေ ၄ နာရီ နောက်ဆုံးထား ဆောင်ရွက်ရန်နှင့် ဝင်/ထွက်ခွင့်ကတ်များကို ဩဂုတ် ၃၀ ရက်တွင် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ ထုတ်ပေးမည်ဖြစ်သည်။

နိုင်ငံတကာ သတင်းထောက်များအနေဖြင့် နီးစပ်ရာသံရုံးများမှတစ်ဆင့် ဗီဇာလျှောက်ထားကြရမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပအခြေစိုက် နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်းသတင်းထောက်များ ဝင်/ထွက်ခွင့်ရရှိရေးအတွက် သိရှိလိုပါက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သုတေသနနှင့် သတင်းအချက်အလက်ဌာနခွဲ ဖုန်း-၀၆၇-၄၁၂၀၀၂ သို့လည်းကောင်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဖုန်း-၀၆၇-၄၁၂၁၂၅ နှင့် ၄၁၂၁၂၆ တို့သို့ လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်သည်။

ညီလာခံသို့ တက်ရောက်သတင်းရယူကြမည့် ပြည်တွင်း၊ ပြည်ပ မီဒီယာများ တည်းခိုမှုလွယ်ကူစေရန် Sky Palace Hotel တွင် ဈေးနှုန်းသက်သာစွာဖြင့် တည်းခိုနိုင်ရေးစီစဉ်ထားကြောင်းနှင့် Sky Palace Hotel မှ ညီလာခံကျင်းပရာနေရာ (MICC-2) သို့ Shuttle Bus များဖြင့် ပို့ဆောင်ပေးရန် စီစဉ်ထားရှိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဩဂုတ် ၁၆ ရက်မှ ဩဂုတ် ၂၂ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

| | | | | |
|---|---|---|---|---|
| ၁ | မလိခ | မြန်မာစာပေ အဘိဓာန် | ၆၅၀၀ိ/- | စိတ်ကူးချိုချို |
| ၂ | ညီပုလေး | ဖင်စီခံနေ့စဉ်နှင့် အခြားဝတ္ထုတိုများ | ၄၃၀၀ိ/- | စိတ်ကူးချိုချို |
| ၃ | မခင်လေး | မခင်လေးဝတ္ထုတိုများ | ၆၅၀၀ိ/- | စိတ်ကူးချိုချို |
| ၄ | စမ်းစမ်းနွဲ့(သာယာဝတီ) | သတင်းဝတ္ထုတိုနှင့် အခြား | ၄၃၀၀ိ/- | စိတ်ကူးချိုချို |
| ၅ | ကျော်သက်ဟန်-ဘာသာပြန် | နှစ်ဆယ်ရာစုကမ္ဘာ့လက်စွဲနိုင်ငံရေးအရှုံးအမြတ်စာရင်း | ၁၅၀၀ိ/- | စိတ်ကူးချိုချို |
| ၆ | မောင်သိန်းဇော် | ညနေသည်ဖတ်ရှုရန်မျှသာ | ၂၀၀၀ိ/- | စိတ်ကူးချိုချို |
| ၇ | ခင်မောင်ညို (ဘောဂဗေဒ) | ပတ်ဝန်းကျင်စီးပွားရေး | ၂၀၀၀ိ/- | စိတ်ကူးချိုချို |
| ၈ | မြင့်မိုးအောင် | ဖန်ခွက်အလွတ် | ၂၀၀၀ိ/- | စိတ်ကူးချိုချို |
| ၉ | လေးကိုတင် | စာကူးတို့(စာပေရေးရာဆောင်းပါးများ) | ၃၀၀၀ိ/- | စိတ်ကူးချိုချို |
| ၁၀ | မောင်ရင့်မာ | မောင်ရင့်မာ လက်ရွေးစင်အက်ဆေးများ | ၂၅၀၀ိ/- | စိတ်ကူးချိုချို |
| ၁၁ | ခင်မြဇင် | မေလ၏ပန်းများနှင့် အခြားဝတ္ထုတိုများ | ၃၅၀၀ိ/- | စိတ်ကူးချိုချို |
| ၁၂ | ကျော်အောင်စံထား ဆရာတော်ဘုရား | ဝေါဟာရတ္ထပကာသနီ ကောက်နုတ်ချက် | ၁၃၀၀ိ/- | စိတ်ကူးချိုချို |
| ၁၃ | ကျောင်းအုပ်ဆရာကြီး မောင်စိုးလှိုင် | ပုတ္တောဝါဒပျို့နှင့်ဋီကာ | ၁၇၀၀ိ/- | စိတ်ကူးချိုချို |
| ၁၄ | ယင်းခဲမင်းသား | ရွှေနန်းတော်ကြီးအကြောင်း | ၁၀၀၀ိ/- | စိတ်ကူးချိုချို |
| ၁၅ | နတ်သျှင်နောင် | ရတုပေါင်းချုပ် | ၂၃၀၀ိ/- | စိတ်ကူးချိုချို |
| ၁၆ | ရတနာပုံဆရာဥ | မင်းကုသကွက်စိပ် | ၁၃၀၀ိ/- | စိတ်ကူးချိုချို |
| ၁၇ | ရွှေတောင်နန္ဒသူ | မွေ့နွှန်းရကန် | ၁၀၀၀ိ/- | စိတ်ကူးချိုချို |
| ၁၈ | ကန်တော်မင်းကျောင်း ဆရာတော် | ကန်တော်မင်းကျောင်းမေတ္တာစာ မင်းကျောင်းဆရာတော်၏အဖြေ | ၁၅၀၀ိ/- | စိတ်ကူးချိုချို |
| ၁၉ | ဟံသာဝတီ စာတည်းအဖွဲ့ | သုဓမ္မစာရီဖြတ်ထုံးနှင့် အခြားဓမ္မသတ်ဖြတ်ထုံးများ | ၁၀၀၀ိ/- | စိတ်ကူးချိုချို |
| ၂၀ | ကလောင်စုံ | အိုင်ချင်းနှင့် အခြားမြန်မာကဗျာအဖွဲ့များ | ၂၅၀၀ိ/- | စိတ်ကူးချိုချို |
| ၂၁ | စိန္တကျော်သူ | ဩဝါဒထူးပျို့ | ၈၀၀ိ/- | စိတ်ကူးချိုချို |
| ၂၂ | မောင်းထောင် ဦးကျော်လှ | သံချိုကဗျာလက်ရွေးစင် | ၁၅၀၀ိ/- | စိတ်ကူးချိုချို |
| ၂၃ | ကလောင်စုံ | ကဗျာအရာပညာရှိများ၏ တေးထပ်ပေါင်းချုပ် | ၂၀၀၀ိ/- | စိတ်ကူးချိုချို |
| ၂၄ | ဦးကြင်ဥ | ဒေဝကုမ္မာန်ပြဇာတ် | ၁၂၀၀ိ/- | စိတ်ကူးချိုချို |
| ၂၅ | အဒူမင်းညို | ရခိုင်မင်းသမီးချောင်း | ၈၀၀ိ/- | စိတ်ကူးချိုချို |
| ၂၆ | ဝက်မစွတ် ဝန်ထောက်မင်း | သီပေါမင်း အတ္ထုပ္ပတ္တိ | ၈၀၀ိ/- | စိတ်ကူးချိုချို |
| ၂၇ | ဦးယာ | ဆယ့်နှစ်ရာသီ ဘွဲ့လူးတား | ၈၀၀ိ/- | စိတ်ကူးချိုချို |
| ၂၈ | ရွှေနိုင်ငံ(ကလောင်စုံ) | ရွှေနိုင်ငံ Catalogue No.38 | ၁၀၀၀ိ/- | ရွှေနိုင်ငံစာပေ |
| ၂၉ | ကြည်သူ | လူငယ်များအတွက် အောင်နိုင်ရေးပုံပြင်များ | ၁၂၀၀ိ/- | စိတ်ကူးချိုချို |
| ၃၀ | စားဖိုမှူးကြီး ဦးသိန်းဟန် | အရသာရှိပြီး လူကြိုက်များသော ဆင်းဒဝစ်ချ် အမျိုးပေါင်း ၃၀ ပြုလုပ်နည်း | ၁၇၀၀ိ/- | စိတ်ကူးချိုချို |
| ၃၁ | အောင်မြတ်ဌေး | ခေတ်ပြိုင်အနုပညာမိတ်ဆက်လေ့လာခြင်း စာစဉ်-၁ | ၂၀၀၀ိ/- | စိတ်ကူးချိုချို |
| ၃၂ | သော်တာဆွေ | လူ့ဘုံခန်းဝါ သရုပ်ဖော်ဝတ္ထုတိုများ | ၃၃၀၀ိ/- | စိတ်ကူးချိုချို |
| ၃၃ | ညီညီနိုင်-မြန်မာပြန် | A ကျောင်းသား B ကျောင်းသား C ကျောင်းသား မိဘများအတွက် သူဌေးဖေဖေရဲ့ စီးပွားရေးပညာလမ်းညွှန် | ၉၀၀၀ိ/- | မိဘမေတ္တာစာပေ |
| ၃၄ | ဝက်မစွတ်မြို့စားနဝဒေး | အာသံနိုင်မော်ကွန်း | ၈၀၀ိ/- | စိတ်ကူးချိုချို |
| ၃၅ | မောင်ကံထူး | အမှန်လမ်းကြောင်းအတိုင်းတရားအားထုတ်တတ်ပါပြီလား | ၁၂၀၀ိ/- | စာပေလောက-၆ |
| ၃၆ | ပညာ့အလင်းပြ စာတည်းအဖွဲ့ | ဓမ္မစကြာပါဠိတော် + မဟာသမယသုတ်ပါဠိတော် | ၅၀ိ/- | ပညာအလင်းပြစာပေ |
| ၃၇ | ပညာ့အလင်းပြ စာတည်းအဖွဲ့ | ပရိတ်ကြီး ၁၁ သုတ်ပါဠိတော် + ပဋ္ဌာန်းပါဠိတော် | ၅၀ိ/- | ပညာအလင်းပြစာပေ |
| ၃၈ | မောင်ကိုကို(အမရပူရ) | ခေတ်ပြိုင်ပန်းချီဆရာများ | ၃၀၀၀ိ/- | ခူဝံစာပေ |
| ၃၉ | ဒေါက်တာစိုးနန္ဒထက် | ချစ်သော ကမ္ဘာမှာ- | ၂၀၀၀ိ/- | ရှင်မတောင်စာပေ |
| ၄၀ | ကလောင်စုံ | သမ္မတသစ်ထုဆစ်ရမည့်အနာဂတ်နိုင်ငံတော်နှင့် အခြားဆောင်းပါးများ | ၂၅၀၀ိ/- | ဦးသန်းဖြိုးစာပေ |
| ၄၁ | သခင်မြတ်ဆိုင် | လူသေလူဖြစ်ပြဿနာ | ၂၅၀၀ိ/- | အဓိပတိစာပေ (ဦးအောင်) |
| ၄၂ | ဒေါက်တာစိုးနန္ဒထက် | အသက် ၃၀ ကျော်တဲ့အခါ | ၂၀၀၀ိ/- | ရှင်မတောင်စာပေ |
| ၄၃ | သိန်းလွင်(ပြည်ပပို့ကုန်) | ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းစဉ်နှင့် ရွေးချယ်ဆုံးဖြတ်ခြင်းဆိုင်ရာလမ်းညွှန် | ၃၀၀၀ိ/- | wisdom house |
| ၄၄ | ကလောင်စုံ | အာဏာသစ်လား အာဏာဟောင်းလား | ၂၀၀၀ိ/- | ယဉ်မျိုးစာပေ |

**(ဆက်လက်ဖော်ပြပါမည်)**



# ချယ်လ်ဆီးနှင့် လက်စတာစီးတီး၊ လက်ရှိချန်ပီယံမန်စီးတီးနှင့် ဆွမ်ဆီးတို့ ထိပ်တိုက်တွေ့ ဆုံမည့် အီးအက်ဖ်အယ်လ်ဖလား တတိယအဆင့်ပွဲစဉ်များ

အီးအက်ဖ်အယ်လ်ဖလား တတိယအဆင့်ပွဲစဉ်များတွင် ချယ်လ်ဆီးအသင်းနှင့် လက်စတာစီးတီးတို့ ထိပ်တိုက်တွေ့ဆုံကြမည်ဖြစ်သလို လက်ရှိချန်ပီယံ မန်စီးတီးနှင့် ဆွမ်ဆီးအသင်းတို့ ယှဉ်ပြိုင်ကြရမည်ဖြစ်သဖြင့် ပြိုင်ပွဲ၏ အစောပိုင်းပွဲစဉ်မှာပင် ပွဲကောင်းများကို ပရိသတ်များအနေဖြင့် ကြည့်ရှုခွင့်ရမည်ဖြစ်သည်။အဆိုပါအဆင့်တွင် ပရီမီယာလိဂ်အသင်းအချင်းချင်းတွေ့ဆုံနေသည့် ပွဲစဉ်လေးပွဲအထိ ပါဝင်နေပြီး စတုတ်စီးတီးနှင့် ဟားလ်စီးတီး၊ ဆောက်သမ်တန်နှင့် ခရစ္စတယ်ပဲလေ့စ်တို့ ယှဉ်ပြိုင်ရမည့် ပွဲစဉ်များလည်း ပါဝင်နေသည်။

မော်ရင်ဟို၏ မန်ယူအသင်းမှာ လိဂ်ဝမ်းအသင်း နော့သန်တောင်းအသင်းနှင့် တွေ့ဆုံရမည်ဖြစ်သလို စပါးအသင်းသည်လည်း ဝက်ဖို့ဒ်အသင်းအားအနိုင်ကစားခဲ့သည့် ဂေလင်ဂန်အသင်းနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ မန်ယူအသင်းသည် အီးအက်ဖ်အယ်လ်ဖလား( ယခင် ကယ်ပီတယ်ဝမ်းဖလား) ကို ၂၀၁၀ ခုနှစ်က နောက်ဆုံးရယူနိုင်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ်တွင် ဖလားလက်မဲ့အဖြစ်ခံမည်မဟုတ်သည့် မော်ရင်ဟို၏ ပစ်မှတ်ဖလားတစ်လုံးလည်း ဖြစ်လာနိုင်သည်။ တတိယအဆင့်ပွဲစဉ်များကို စက်တင်ဘာ ၁၉ ရက်တွင် ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ထိပ်တိုက်တွေ့ဆုံမည့်အသင်းများကို ဇယားဖြင့် ဖော်ပြအပ်ပါသည်။

### အီးအက်ဖ်အယ်လ်ဖလား တတိယအဆင့်ပွဲစဉ်တွင် ထိပ်တိုက်တွေ့ဆုံမည့်အသင်းများ

| | | | |
|---|---|---|---|
| နော့တင်ဟမ်ဖောရက်စ် - | အာဆင်နယ် | စပါး - | ဂေလင်ဂန် |
| လိစ်ဒ်ယူနိုက်တက် - | ဘလက်ဘန်း | အဲဗာတန် - | နော့ဝှစ်ချ်စီးတီး |
| ကျူပီအာ - | ဆန်းဒါးလန်း | ဒါဘီကောင်တီ - | လီဗာပူး |
| ဝက်စ်ဟမ်း - | စတန်လေ | နော့သန်တောင်း - | မန်ယူ |
| ဆောက်သမ်တန် - | ခရစ္စတယ်ပဲလေ့စ် | ဘရိုက်တန် - | ရီးဒင်း |
| ဆွမ်ဆီး - | မန်စီးတီး | နယူးကာဆယ် - | ဝုဖ်ဘာဟမ်တန် |
| ဖူလ်ဟမ် - | ဘရစ္စတိုးစီးတီး | စတုတ်စီးတီး - | ဟားလ်စီးတီး |
| ဘုန်းမောက် - | ပရီဆန်နော့အန်န့် | လက်စတာစီးတီး - | ချယ်လ်ဆီး |

## အရှုန်ရမ်ဆေးကို အဖွင့်ပွဲစဉ်တွင် ကစားစေခဲ့သော အာဆင်နယ်ကို ကိုးလ်မန်းမေးခွန်းထုတ်



အာဆင်နယ်အသင်းသည် လီဗာပူးအား ရင်ဆိုင်ခဲ့သည့် ပရီမီယာလိဂ်အဖွင့်ပွဲစဉ်တွင် ဒဏ်ရာအကင်းမသေသေးသည့် ကွင်းလယ်လူ ရမ်ဆေးအား ဝင်ရောက်ကစားစေခဲ့ရာ ယင်းဖြစ်ရပ်အတွက် မေးခွန်းထုတ်ရမည်ဖြစ်ကြောင်း ဝေလအသင်းနည်းပြ ကိုးလ်မန်းက ဝေဖန်ခဲ့သည်။ ရမ်ဆေးသည် ယူရို-၂၀၁၆ အကြိုဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ခဲ့သည့် ဝေလအသင်းအတွက် ခြေစွမ်းပြနိုင်ခဲ့သူဖြစ်ပြီးယူရိုပြိုင်ပွဲအပြီး နှစ်ပတ်အကြာမှာပင် အာဆင်နယ်နှင့် လေ့ကျင့်ခန်း ပြန်လည်ဆင်းပေးနေခဲ့ရသည်။

ဝင်းဂါးက ယူရိုပြိုင်ပွဲ အနိမ့်ဆုံးအကြိုဗိုလ်လုပွဲအဆင့်ထိ ကစားထားသည့် ကစားသမားများဖြစ်သော ဂီရော့ဒ်၊ အိုဇေးလ်နှင့် ကိုစီယယ်နီတို့အား အနားယူခွင့်ပေးထားသော်လည်း ရမ်ဆေးအား ပရီမီယာလိဂ်ပွဲစဉ်(၁) မှာပင် ထည့်သွင်းအသုံးပြုခဲ့သောကြောင့် ကိုးလ်မန်းက ယင်းကိစ္စရပ်မှာ ခွဲခြားမှုဟုပင် သတ်မှတ်နိုင်ကြောင်း ဝေဖန်ခဲ့ခြင်းဖြစ်သည်။ဝင်းဂါးနှင့် ကိုးလ်မန်းတို့နှစ်ဦးသည် တစ်ယောက်တစ်လှည့် ဝေဖန်တိုက်ခိုက်နေသူများဖြစ်ပြီး ဘိုင်ယန်မြူးနစ်နှင့် ချန်ပီယံလိဂ် မကစားရမီ ဝေလအသင်းအတွက် ဝင်ရောက်ကစားရင်း ရမ်ဆေး ဒဏ်ရာရရှိခဲ့သဖြင့် ဝင်းဂါးက“ ဈေးပေါလွန်းသည့် လုပ်ကွက်”ဟု ဝေဖန်ခဲ့သေးသည်။

## မန်ယူအနာဂတ်နှင့် ပတ်သက်ပြီး ရှဝိန်းစတိုင်ဂါ ပြောပြီ

မေလွဲသင်း
စုစည်းရေးသားသည်

နည်းပြမော်ရင်ဟိုက မန်ယူကွင်းလယ်လူ ရှဝိန်းစတိုင်ဂါကို အသင်းသစ်ရှာဖွေရန် သတိပေးမှုပြုလုပ်ထားပြီးဖြစ်သည်ဟု မန်ယူအသင်းက ပေါလ်ပေါ့ဂ်ဘာအား မခေါ်ယူနိုင်ခင်ကတည်းကပင် သတင်းများထွက်လာခဲ့ပြီးဖြစ်သည်။ ယခုကဲ့သို့ သတင်းများထွက်နေခဲ့သော်လည်း ယူရို-၂၀၁၆ ပြိုင်ပွဲအပြီး စတိုင်ဂါမှာ ချစ်သူ ဆားဘီးယားတင်းနစ်မယ် အိုင်ဗန်နိုဗစ်ချ်နှင့် လက်ထပ်ပွဲကျင်းပခဲ့ပြီး သူ၏ အနာဂတ်၍ပတ်သက်၍ နှုတ်ဆိတ်နေခဲ့သော်လည်း ဩဂုတ် ၂၅ ရက်တွင် “မန်ယူအသင်းဟာ ကျွန်တော့်ရဲ့နောက်ဆုံး ဥရောပအသင်းဖြစ်ပါတယ်။ အသင်းတွေအကုန်လုံးကို ကျွန်တော် လေးစားပေမယ့် မန်ယူကတော့ ဘိုင်ယန်ကနေထွက်ခွာလို့ရအောင် ခေါ်ယူခဲ့တဲ့အသင်းပါ။ ဒါကြောင့် ကလပ်အသင်းကသာ ကျွန်တော့်ကို အလိုရှိရင် ကစားပေးဖို့ အမြဲအဆင်သင့်ရှိနေပါတယ်လို့ ပြောပါရစေ”ဟု ပထမဆုံးအကြိမ် ထုတ်ဖော်ပြောကြားခဲ့သည်။

စတိုင်ဂါ၏ယခုမှတ်ချက်စကားသည် မန်ယူအသင်းမှ ထွက်ခွာဖြစ်လျှင် တရုတ်စူပါလိဂ်( သို့မဟုတ်) အမေရိကန်မေဂျာလိဂ်သို့သာ ပြောင်းရွှေ့မည်ဆိုသည့် အရိပ်လက္ခဏာကို ထင်ဟပ်စေကြောင်း အင်္ဂလန်မီဒီယာများက ကောက်ချက်ချသည်။ တစ်ဖက်တွင်လည်း မန်ယူအသင်းသည် စတိုင်ဂါ အတွက်တစ်ပတ်လုပ်ခပေါင် ၁၆၀၀၀၀ အထိပေးချေနေရပြီး ယခုနှစ်နွေဈေးကွက်အတွင်းမှာပင် ကစားသမားလေးဦးခေါ်ယူမှုအတွက်အသားတင်ပြောင်းရွှေ့ကြေးပေါင်သန်း ၁၄၀ ကျော်ပေးချေခဲ့ရတာကြောင့် ပိုလျှံကစားသမားများအားရောင်းချရန် စီစဉ်နေခြင်းဖြစ်သည်။



မော်ရင်ဟို မန်ယူနည်းပြအဖြစ်တာဝန်ယူခဲ့ကတည်းက ရှဝိန်းစတိုင်ဂါ တစ်ဦးတည်းကိုသာ မန်ယူ ယူ-၂၁ အသင်းနဲ့ သာ လေ့ကျင့်ရေးဆင်းစေခဲ့ခြင်းကြောင့် စတိုင်ဂါနှင့် မန်ယူအနာဂတ်ရှိတော့မည်မဟုတ်ကြောင်း ထင်မြင်ချက်များ ပိုမိုပြင်းထန်လာခြင်းဖြစ်သည်။ စတိုင်ဂါသည် ဘိုင်ယန်မြူးနစ်အသင်းတွင် ခြေစွမ်းကောင်းပြသနိုင်ခဲ့သူဖြစ်သော်လည်း နည်းပြဂွါဒီယိုလာက အလွန်ဆိုကိုခေါ်ယူခဲ့သည့်အတွက် နေရာပျောက်ခဲ့ရာ ဆရာဟောင်း ဗန်ဟားလ်ရှိရာ မန်ယူသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။ ပြီးခဲ့သည့် ဘောလုံးရာသီအတွင်း မန်ယူအသင်းအတွက် (၃၁)ပွဲ ဝင်ရောက် ကစားပေးနိုင်ခဲ့သော်လည်း မော်ရင်ဟိုရောက်ရှိလာကတည်းက စတိုင်ဂါ၏ အနာဂတ် တောက်လျှောက်လှုပ်ခတ်နေခဲ့ခြင်းဖြစ်ကာ အပြောင်းအရွှေ့မပိတ်သိမ်းခင် အသင်းပြောင်းရဖွယ်ရှိနေသည်။

## အိုလံပစ်ပြိုင်ပွဲအတွင်း ပြုခဲ့သည့်မှတ်ချက်အတွက်ခြောက်လပွဲပယ်ပြစ်ဒဏ်ခံရမည့် အမေရိကန်ကြယ်ပွင့်ဟုပ်ဆိုလို



အမေရိကန်အမျိုးသမီးဘောလုံးအသင်း ဂိုးသမား ဟုပ်ဆိုလိုသည် ဆွီဒင်အား ရှုံးနိမ့်ခဲ့သည့် အိုလံပစ် ကွာတားဖိုင်နယ်ပွဲစဉ်အပြီးတွင် ပြောကြားခဲ့သည့် မှတ်ချက်စကားအတွက် ခြောက်လပွဲပယ်ပြစ်ဒဏ် ချမှတ်ခံရမည်ဖြစ်ရာ လာမည့် ဖေဖော်ဝါရီလ ရောက်မှသာ အသင်းနှင့် ပြန်လည်ပူးပေါင်းနိုင်မည်ဖြစ်ကြောင်း ဂိုးလ်ဒေါ့ကွန်းက ဖော်ပြသည်။ ဆိုလိုမှာ အမေရိကန်အသင်းနှင့်အတူ ကမ္ဘာ့ဖလားနှင့် အိုလံပစ်ရွှေတံဆိပ်ဆုစသည့် အမြင့်ဆုံးအောင်မြင်မှုများ ရယူထားနိုင်သူဖြစ်သော်လည်း ဆွီဒင် ကစားသမားများကို“ သူရဲဘောကြောင်သူများ”ဟူသော စကားလုံးကို သုံးနှုန်းခဲ့ခြင်းကြောင့် အမေရိကန်ဘောလုံးအဖွဲ့ချုပ်က ယခုကဲ့သို့ အရေးယူခဲ့ခြင်းဖြစ်သည်။

ဆိုလိုက ပွဲအပြီးတွင်“ ကျွန်မကတော့ ကျွန်မတို့အသင်းအတွက် ဂုဏ်ယူပါတယ်။ ကျွန်မတို့ဟာ သူရဲဘောကြောင်တဲ့ ကစားသမားတွေ စုပုံနေတဲ့ အသင်းနဲ့ ယှဉ်ပြိုင်ခဲ့ရတာပါ။ ဒီနေ့မှာ အကောင်းဆုံးအသင်း ကစားအနိုင်ရခဲ့တာမဟုတ်ဘူးလို့ ကျွန်မ ခိုင်ခိုင်မာမာ ယုံကြည်ပါတယ်”ဟု မှတ်ချက်ပြုခဲ့ခြင်းဖြစ်သည်။

ယင်းပွဲစဉ်တွင် အမေရိကန်အသင်းနှင့် ဆွီဒင်အသင်းတို့ တစ်ဂိုးစီသရေကျနေခဲ့သော်လည်း ဆွီဒင်အသင်းအား မထင်မှတ်ဘဲ ပင်နယ်တီပေးခဲ့ရပြီးနောက် နှစ်ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ကာ လက်ရှိချန်ပီယံဘွဲ့ ကာကွယ်ခွင့်မှာလည်း အဆုံးသတ်ခဲ့ရသည်။

“ဟုပ်ဆိုလိုရဲ့ ဆွီဒင်အသင်းနဲ့ ပတ်သက်ပြီး ပြောကြားခဲ့တာကို အမေရိကန်ဘောလုံးအဖွဲ့ချုပ်အနေနဲ့ ဘယ်လိုမှ လက်သင့်မခံနိုင်ပါဘူး။အားကစားနယ်ပယ်ကိုကျော်ပြီး ရလဒ်တစ်ခုကိုကျော်ပြီး ဘယ်လိုမှတ်ချက်မှ ချခွင့်မရှိပါဘူး။ အိုလံပစ်ပြိုင်ပွဲဆိုတာ မျှတတဲ့ယှဉ်ပြိုင်မှုကို ကိုယ်စားပြုပါတယ်”ဟု အမေရိကန်ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဂူလက်တီက ရှင်းလင်းခဲ့သည်။

အသက်(၃၅)နှစ်အရွယ်ဆိုလိုအတွက် ယခု ပြစ်ဒဏ်ချမှတ်ခံရပြီးနောက် အမေရိကန်သတင်းစာများ၏ မျက်နှာဖုံးတွင် ဖော်ပြခံခဲ့ရခြင်းမှာ ၂၀၀၇ ကမ္ဘာ့ဖလားပြီးနောက် ပထမဆုံးအကြိမ် ဖြစ်လာခဲ့သည်။ဆိုလိုသည် ၂၀၀၇ ကမ္ဘာ့ဖလား အကြိုဗိုလ်လုပွဲ ဘရာဇီးအား ရှုံးနိမ့်ခဲ့သောပွဲစဉ်တွင် ၎င်းအား အရန်ခုံတွင် ထိုင်စေခဲ့သည့် နည်းပြ ဂရက်ရိုင်ယန်အား အပြင်းအထန်ဝေဖန်ခဲ့ခြင်းအတွက် သတင်းစာမျက်နှာဖုံးများတွင် ဖော်ပြခံခဲ့ရသည်။

ဆိုလိုမှာ အမေရိကန်အသင်းအတွက် ပွဲပေါင်း ၂၀၂ ပွဲ ဝင်ရောက်ကစားခဲ့သူဖြစ်သလို ပွဲ ၁၀၀ ဂိုးမပေးခဲ့ရသည့် ဂိုးသမားအဖြစ် မှတ်တမ်းသစ်ရေးထိုးထားနိုင်သည့် ကစားသမားတစ်ဦးလည်းဖြစ်သည်။ ဆိုလိုက ၁၇ နှစ်တာကာလပတ်လုံး အမေရိကန်အမျိုးသမီးအသင်းအတွက်သာ ပေးဆပ်ကစားခဲ့သူ မိမိအတွက် ယခုကဲ့သို့ပြင်းထန်သည့် ပြစ်ဒဏ်ကို အဖွဲ့ချုပ်က ဆုံးဖြတ်ခဲ့သည့်အတွက် လွန်စွာစိတ်ထိခိုက်ရကြောင်း တုံ့ပြန်လိုက်သည်။ ။

# ခွင့်ပြုရန်ပုံငွေကျပ်သန်း၅၀၀ ကျော်ဖြင့် ဆားလင်းကြီးမြို့နယ်၌ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်မည်

**ဆားလင်းကြီး ဩဂုတ် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးကို ရည်ရွယ်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် ခွင့်ပြုရန်ပုံငွေကျပ် ၅၉၉ ဒသမ ၃၇၈ သန်းကို ခွင့်ပြုပေးရာ အဆိုပါရန်ပုံငွေများကို လမ်းလုပ်ငန်း၊ တံတားလုပ်ငန်းနှင့် ရေပေးရေးလုပ်ငန်းများတွင် အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

ဆားလင်းကြီးမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငါးခုန်-ရှားတော-ညောင်ပင်ကိုင်းလမ်း (၁) မိုင်အား ၆၂ ဒသမ ၈၃ သန်းဖြင့် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း၊ ချောင်းရိုး-ဖလန်ကန်လမ်း (၀/၇)မိုင်အား ၁၄ ဒသမ ၈၀၅ သန်းဖြင့် မြေသားလမ်းဖောက်လုပ်ခြင်း၊ ပုသိမ်-မုံရွာလမ်းမှ ကိုင်းလမ်း(၁)မိုင်အား ၁၆ ဒသမ ၉၂ သန်းဖြင့် မြေသားလမ်းဖောက်လုပ်ခြင်း၊ ငါးခုန်-ညောင်ပင်ကိုင်းလမ်း (၁)မိုင်အား ၁၇ ဒသမ ၁၂သန်းဖြင့် မြေသားလမ်းဖောက်လုပ်ခြင်း၊ တောကျောင်းရွာအလယ်လမ်း (၁/၁)မိုင်အား ၁၉ ဒသမ ၂၆ သန်းဖြင့် မြေသားဖောက်လုပ်ခြင်း၊ နှောကူးတို့-ရွာသာအေးလမ်း (၀/၄)မိုင်အား ၁၁ ဒသမ ၉၂ သန်းဖြင့် ဂျင်းလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း၊ ရွာသာအေး-သရက်ကိုင်းလမ်း (၀/၄)မိုင်အား ၈ ဒသမ ၅၆ သန်းဖြင့် မြေသားလမ်းဖောက်လုပ်ခြင်း၊ အောင်ချမ်းသာ-ကံတော်သာလမ်း (၀/၃) မိုင်အား ၆ ဒသမ ၄၂ သန်းဖြင့် မြေသားလမ်းဖောက်လုပ်ခြင်း၊ ရွှေလှေ-လက်ပံတောင်းလမ်း (၁) မိုင်အား ၁၇ ဒသမ ၁၂ သန်းဖြင့် မြေသားလမ်းဖောက်လုပ်ခြင်း၊ ထန်းတောရွာပတ်လမ်း (၂)မိုင်အား ၄၇ ဒသမ ၆၈ သန်းဖြင့် ဂျင်းလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း၊ ထန်းတော-အိုမရွာချင်းဆက်လမ်း (၁/၄)မိုင်အား ၃၅ ဒသမ ၇၆ သန်းဖြင့် ဂျင်းလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း၊ သရက်ကိုင်းရွာအဝင်လမ်း (၁)မိုင်အား ၂၃ ဒသမ ၈၄ သန်းဖြင့် ဂျင်းလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း၊ သရက်ကိုင်းရွာ အလယ်လမ်းမကြီး (၀/၄)မိုင်အား ၁၁ ဒသမ ၉၂ သန်းဖြင့် ဂျင်းလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း၊ မြေဇွန်း-ကံတွင်းလမ်း (၁) မိုင်အား ၅၈ ဒသမ ၅၆ သန်းဖြင့် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းနှင့် ဆားလင်းကြီး-ဆားထုံးလမ်း (၁)မိုင်အား ၅၈ ဒသမ ၅၆ သန်းဖြင့် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်မည် ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးခိုင်က ပြောသည်။

ငွေကျပ်သန်း ၅၀ ဖြင့် ကျားတက်-ဇီပဏီလမ်းပေါ်ရှိ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်း၊ မကျည်းတစ်ထောင်ကျေးရွာတွင် ၈ ဒသမ ၅ သန်းဖြင့် မြေသား ရေကန်တူးဖော်ခြင်း၊ ကိုင်းကျေးရွာ ၈ ဒသမ ၅ သန်းဖြင့် မြေသား ရေကန်တူးဖော်ခြင်း၊ ကျောက်မော်ကျေးရွာတွင် ၁၈ ဒသမ ၅ သန်းဖြင့် တွင်းနက်တူးဖော်ခြင်း၊ သမ္မတောကျေးရွာ တွင် ၁၈ ဒသမ ၅သန်းဖြင့် တွင်းနက်တူးဖော်ခြင်း၊ ပေါက်တောကျေးရွာတွင် ၁၅ ဒသမ ၂ သန်းဖြင့် တွင်းနက်တူးဖော်ခြင်း၊ ပိုင်းတောင်းကြီးကျေးရွာတွင် ၁၅ ဒသမ ၂ သန်းဖြင့် တွင်းနက်တူးဖော်ခြင်း၊ မန်ကျည်းတန်းကျေးရွာတွင် ၁၅ ဒသမ ၂ သန်းဖြင့် တွင်းနက်တူးဖော်ခြင်း၊ ညောင်ပင်သာကျေးရွာတွင် ၁၅ ဒသမ ၂ သန်းဖြင့် တွင်းနက်တူးဖော်ခြင်း၊ တဲကြီးကျေးရွာတွင် ၁၅ ဒသမ ၂ သန်းဖြင့် တွင်းနက်တူးဖော်ခြင်း၊ မကျည်းတစ်ထောင်(ရွာသစ်) ကျေးရွာတွင် ၄ ဒသမ ၁ သန်းဖြင့် မြေသားရေကန်တူးဖော်ခြင်းနှင့် ရာဇကျော်ကျေးရွာတွင် ၄ သန်းဖြင့် မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း ဦးစီးအရာရှိ ဦးစိုးခိုင်၏ ပြောကြားချက်အရ သိရသည်။

**မင်းခန့်စိုး(ဧယျာမြေ)**

# အလုပ်သမားဝန်ကြီးဌာနမှ ရွှေ့ပြောင်းအလုပ်သမားများ၏ စာရွက်စာတမ်းများအား အလုပ်ရှင်များက သိမ်းဆည်းထားခြင်း မပြုရန် ထုတ်ပြန်ကြေညာ



**ဗန်ကောက် ဩဂုတ် ၂၅**

ထိုင်းနိုင်ငံအတွင်း တရားဝင်လာရောက်အလုပ်လုပ်ကိုင်လျက်ရှိသည့် ရွှေ့ပြောင်းအလုပ်သမားများ၏ စာရွက်စာတမ်းအထောက်အထားများအား သက်ဆိုင်ရာ အလုပ်ရှင်သူဌေးများက သိမ်းဆည်းထားခြင်းမပြုကြရန် ဩဂုတ် ၂၂ ရက်က ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန အလုပ်အကိုင်နှင့်လူမှုဖူလုံရေးညွှန်ကြားရေးမှူး မစ်ဖန်ဏီဆီယွတ်ထစတ်က ညွှန်ကြားချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်တွင် ထိုင်းနိုင်ငံတွင်း တရားဝင်လာရောက် အလုပ်လုပ်ကိုင်ကြသည့် ပြည်ပအလုပ်သမားများ၏ ပတ်စပို့ ဝါ့(က်)ပါမစ်နှင့် ပန်းရောင်ကတ်များအား အလုပ်ကုမ္ပဏီများ၊ အလုပ်ရှင်သူဌေးများက သိမ်းဆည်းထားခြင်းမပြုရန်၊ သိမ်းဆည်းထားပါက ၁၉၉၈ ခုနှစ် အလုပ်သမားကာကွယ်စောင့်ရှောက်ရေး အက်ဥပဒေပုဒ်မ ၁၀ ပြဋ္ဌာန်းထားချက်အရ အရေးယူဆောင်ရွက်မည်ဖြစ်ပြီး ထောင်ဒဏ် ၆ လ ဒဏ်ငွေ တစ်သိန်းထိ သိမ်းဆည်းထားသည့် အလုပ်ရှင်အား ပြစ်ဒဏ်ချမှတ်သွားမည်ဖြစ်ကြောင်း၊ အလုပ်ရှင်သူဌေးက ယင်းဥပဒေကို ဖောက်ဖျက်ပါက အလုပ်သမားများအနေဖြင့် ထိုင်းနိုင်ငံ အလုပ်သမားကာကွယ်စောင့်ရှောက်ရေးဌာန (ဆဝါဒီကန်ခုန့်ခေါင်လိုင်ငန်) နှင့် ထိုင်းနိုင်ငံအတွင်းရှိ ခရိုင်နှင့်မြို့နယ်တိုင်းရှိ အလုပ်သမားကာကွယ်ရေးဌာနခွဲများတွင် တိုင်ကြားနိုင်ကြောင်း၊ စစ်ဆေးဖော်ထုတ်တွေ့ရှိပါက အဆိုပါ အလုပ်ရှင်အား အရေးယူသွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနက ထုတ်ပြန်ကြေညာထားသည်။

ရွှေ့ပြောင်းအလုပ်သမားများကလည်း မိမိအလုပ်လုပ်ကိုင်လျက်ရှိသည့် ခရိုင်နှင့် မြို့နယ်များတွင် အလုပ်သမားကာကွယ်ရေးဌာန (ဆဝါဒီကန်ခုန့်ခေါင်လိုင်ငန်)ရုံး တည်ရှိရာနေရာအား လေ့လာသိရှိထားရန်လိုအပ်ကြောင်း ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနက တိုက်တွန်းပြောကြားသည်။

**ကျော်စိုး (ကော့သောင်း)**

# ရေကြီးနစ်မြုပ်ဧရိယာများတွင် ဆောင်ရွက်ရမည့်နည်းလမ်းများနှင့် ပတ်သက်၍ပညာပေးဟောပြော

**လှိုင်းဘွဲ့ ဩဂုတ် ၂၅**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူအထူးဒေသတွင် မိုးစပါးစိုက်ခင်း စုပေါင်းဓာတ်မြေသြဇာကြဲပက်ပွဲနှင့် ရေကြီးနစ်မြုပ်ဧရိယာများတွင် ဆောင်ရွက်ရမည့် နည်းပညာပေး ဟောပြောပွဲကို ဩဂုတ် ၂၄ ရက် နံနက် ၈ နာရီခွဲက ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ တခွက်ဖိုးကျေးရွာမှ မိုးစပါးစိုက်ကွင်းငါးဧကတွင် ဓာတ်မြေသြဇာ စုပေါင်းကြဲပက်ပွဲကို ကျင်းပပြုလုပ်ပြီး မြိုင်ကြီးငူအထူးဒေသတွင် ရေကြီးနစ်မြုပ်ဧရိယာများရှိ တောင်သူများအား ဆောင်ရွက်ရမည့် နည်းပညာပေး ဟောပြောပွဲကို ဆက်လက်ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုပြည်နယ်မှူး ဦးဇော်လင်းက ဆောင်ရွက်သင့်သည့် နည်းပညာများအကြောင်းကိုလည်းကောင်း၊ ဒုပြည်နယ် သီးနှံကာကွယ်ရေး တာဝန်ခံ ဒေါ်သန်းသန်းလွင်က သီးနှံများ ရွှေချယ်စိုက်ပျိုးနိုင်ရေး၊ မြေအသုံးချရေးတာဝန်ခံ ဒေါ်အေးချိုက လယ်ကွင်းအတွင်းရှိ မြေကြီးများအား ဓာတ်ခွဲပြုလုပ်လျှင် မည့်သည့် အာဟာရများအား ပက်ဖျန်းသင့်ကြောင်း၊ မျိုးစေ့တာဝန်ခံ ဒေါ်ဝေဝေမြင့်က ၁၀ ဧကအထွက်တိုးအောင် မျိုးပြောင်းလဲသုံးစွဲရေး၊ ခရိုင်ဦးစီးမှူး ဒေါ်အေးမေက စိုက်စနစ် ၁၀ ဧက ကောက်ကွက်ပြည့်မီရေး၊ မြို့နယ်အုပ်ချုပ်ရေးမှူးက အထွက်နှုန်း ကောင်းမွန်ရေးများကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဦးဆင်ဇခုပ်က တောင်သူများ လိုက်နာဆောင်ရွက်ရမည့် နည်းပညာများကို ဟောပြောဆွေးနွေးခဲ့ကြသည်။

မြိုင်ကြီးငူအထူးဒေသ ရပ်မိရပ်ဖ ဦးဝင်းကြည့်က ယခုကဲ့သို့လာရောက် ဟောပြော အသိပညာပေးခြင်းအပေါ် ကျေးဇူးတင်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။

**မြို့နယ်ပြန်/ဆက်**

# ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်

**ရေကြည် ဩဂုတ် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် နတ်စင်ကွင်းကျေးရွာအုပ်စုနှင့် သစ်ငုတ္တထောင်ကျေးရွာအုပ်စုတို့မှ ရေဘေးသင့်အိမ်ထောင်စုများနှင့် မိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအား နေပြည်တော် အောင်ပန်းမြိုင်လူမှုကူညီရေးအသင်းက ထောက်ပံ့ပစ္စည်းများလှူဒါန်းခဲ့ကြောင်း သိရသည်။

ယင်းလှူဒါန်းမှုကို ဆရာတော်ဦးစာရိတ္တသဒ္ဓမ္မဝေပုလ္လပရိယတ္တိစာသင်တိုက် နေပြည်တော်ကဦးဆောင်၍ ဧရာဝတီဖောင်ဒေးရှင်းမှ လိုက်ပါကူညီဆောင်ရွက်၍ ဩဂုတ် ၂၃ ရက်က ထောက်ပံ့ခဲ့ကြောင်း သိရသည်။

အဆိုပါရေဘေးသင့်ကျေးရွာအုပ်စုတို့မှ ပြည်သူများအား ထောက်ပံ့ပစ္စည်း ဆန်အိတ် ၃၀၊ ထရံအချပ် ၁၈၀၊ ဝါးအလုံး ၉၀၀၊ အဝတ်အထည်နှင့် မိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် အလှူငွေ ၁၈၁၀၀၀၀ တို့ကို လက်ဝယ်အရောက် ထောက်ပံ့လှူဒါန်း ပေးအပ်ခဲ့ကြောင်းသိရသည်။

**အောင်သူဟန်(ပြန်/ဆက်)**

# နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင် ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂၅**

နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင် ဦးမျိုးတင့်သည် နေပြည်တော်စည်ပင်သာယာရေး ကော်မတီပိုင် ဈေးများဖြစ်သော အင်ကြင်းဈေး၊ ဂန္ဓမာဈေး၊ သရဖီဈေး၊ ချယ်ရီဈေးများတွင်သန့်ရှင်းရေး၊ စိမ်းလန်းစိုပြည်ရေး၊ စည်းကမ်းထိန်းသိမ်းရေးကိစ္စရပ်များ ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကွင်းဆင်းစစ်ဆေးရာ ဈေးများဌာနမှူး ဦးမင်းလွင်စိုးက ဈေးများသာယာလှပ၊ စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ထားမှုများနှင့် ပုံကျဈေးသည်များ စနစ်တကျ ရောင်းဝယ်နေမှု အခြေအနေများကို တင်ပြခဲ့သည်။



ထို့နောက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင် ဦးမျိုးတင့်က ဈေးများတွင် သန့်ရှင်းရေး၊ စိမ်းလန်းစိုပြည်ရေး၊ ရေစီး ရေလာကောင်းမွန်ရေး၊ သား၊ ငါးဆိုင်များ ယင်လုံဆန်ခါဖြင့် ရောင်းချရေးတို့ကို ကြပ်မတ်ဆောင်ရွက်ရန်နှင့် ဈေးလုံခြုံရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အထူးအလေးထား ဂရုပြုဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**(၁၀၇)**

# ဝက်လက်မြို့တွင် အခြေခံတိရစ္ဆာန်ကျန်းမာရေးနှင့်မွေးမြူရေး အထောက်အကူပြုသင်တန်းဖွင့်လှစ်

**ဝက်လက် ဩဂုတ် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဘတ်ဂျက်အကူအညီဖြင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ အခြေခံတိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေး အထောက်အကူပြုသင်တန်းကို ဩဂုတ် ၂၃ ရက် နံနက် ၁၀ နာရီက ဝက်လက်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ရွှေဘိုခရိုင်ဦးစီးမှူး ဒေါက်တာသန်းနိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် ဒေါ်ဆွေဆွေသန့်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်လွင်ဦးတို့က သင်တန်းအဖွင့်အမှာစကား ပြောကြားခဲ့သည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းအောင်ကျော်က သင်တန်းဖွင့်ရခြင်း ရည်ရွယ်ချက်များကိုပြောကြားရာတွင် ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးကိုအခြေခံတဲ့ နိုင်ငံဖြစ်တာနဲ့အညီ စိုက်ပျိုးရေးလုပ်ငန်းများအတွက် ကျွဲ၊ နွားတွေကို အသုံးပြုနေရပြီး ၎င်းတို့အတွက် ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်ရန်နှင့် မွေးမြူထိန်းသိမ်းနည်းစနစ်များ ကောင်းမွန်စွာရရှိစေရန် ယခုလိုသင်တန်း ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ အဓိကမှာ တိရစ္ဆာန်များနှင့်ပတ်သက်သည့် ရောဂါအခြေအနေများ ကာကွယ်ကုသရေးအပိုင်းများတွင် စိတ်အားထက်သန်စွာဖြင့် သင်တန်းကပို့ချပေးလိုက်သော ပညာရပ်တွေကို ကြိုးစားသင်ယူ သွားကြစေလိုကြောင်း၊ မိမိတို့ဒေသရောက်ရှိသောအခါ လက်တွေ့အသုံးချပြီး တိရစ္ဆာန်များနှင့် ပတ်သက်သည့် ထူးခြားဖြစ်စဉ်များကိုလည်း အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်သွားကြစေလိုကြောင်း ပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို စာတွေ့ လက်တွေ့ ငါးရက်ကြာသင်တန်းပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား၂၀ တက်ရောက်ခဲ့ကြကာ သင်တန်းများကို ဆက်လက်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**နန်းမြင့်(ဝက်လက်)**

## ကျန်းမာရေးအသိပညာပေး ဟောပြောပွဲနှင့် အခမဲ့ကွင်းဆင်းကုသပေးခြင်း ဆောင်ရွက်

**စဉ့်ကိုင် ဩဂုတ် ၂၅**

စဉ့်ကိုင်မြို့နယ် ကျန်းမာရေးဦးစီးဌာန၏ ကျေးလက်နေပြည်သူများ ကျန်းမာသော လူနေမှုဘဝများ ပိုင်ဆိုင်နိုင်ရေး၊ အခြေခံကျန်းမာရေးအသိပညာများ တိုးပွားစေရေးအတွက် အသိပညာပေးဟောပြောပွဲနှင့် ကွင်းဆင်းကုသပေးခြင်းတို့ကို ကသဲကုန်းကျေးရွာ သဗ္ဗသုခမ္မောရုံ၌ ဩဂုတ် ၂၄ ရက်တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သစ်ခေါက်ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူး ဒေါ်နီနီဝင်း ဦးစီးသည့် သူနာပြုဆရာမ၊ ဆရာ ၁၃ ဦး ပါဝင်သောအဖွဲ့သည် အခြေခံလူထုကျန်းမာရေး အသိပညာပေးအနေဖြင့် တီဘီရောဂါ၊ သွေးတိုးရောဂါ အာဟာရမျှတသော အစားအစာများစားသုံးနိုင်ရေး၊ ဆေးလိပ်နှင့် ကွမ်းစားသုံးခြင်း၏ ဆိုးကျိုးများအကြောင်းတို့ကို ဟောပြောခဲ့ကြောင်း သိရသည်။

ယင်းနောက် ကျေးရွာအတွင်းရှိ နာမကျန်းလူနာများ၊ ဆေးဝါးကုသရန် လိုအပ်သည့် လူနာ ၇၈ ဦးတို့အား ကျန်းမာရေးစစ်ဆေးပေးပြီး ဆေးကုသပေးခဲ့ကြောင်း သိရသည်။

**ဖိုးအောင်(စဉ့်ကိုင်)**

# မန္တလေးမြို့တော်စည်ပင်သာယာရွေးကောက်ပွဲဝင်ရောက် ယှဉ်ပြိုင်ရန် ခြောက်မြို့နယ်ကော်မတီဝင်လောင်း ၃၄ ဦးခွင့်ပြု

**မန္တလေး ဩဂုတ် ၂၅**

မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီအတွက် ကော်မတီဝင် အဖြစ်ရွေးချယ်ရန် ကိုယ်စားလှယ် အမည်စာရင်းတင်သွင်းသူ ၃၅ ဦးရှိရာ တစ်ဦးမှာ အရည်အချင်း မပြည့်မီသဖြင့် ရွေးကောက်ပွဲကော်မရှင်က ပယ်ချကာ ၃၄ ဦး ယှဉ်ပြိုင်ခွင့်ပြုကြောင်း ဩဂုတ်၂၄ ရက်က ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသည်။

စည်ပင်သာယာရေးကော်မတီဝင်လောင်း အမည်စာရင်းတွင် မဟာအောင်မြေမြို့နယ်မှ ၁၁ ဦးရှိကာ အများဆုံးဖြစ်ပြီး ချမ်းအေးသာစံမြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်တို့မှ ခြောက်ဦးစီ၊ အောင်မြေသာစံမြို့နယ်မှ ငါးဦး၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် အမရပူရမြို့နယ်တို့မှ သုံးဦးစီရှိကြောင်း ရွေးကောက်ပွဲကော်မရှင် ထုတ်ပြန်ချက်အရ သိရသည်။

မန္တလေးစည်ပင်သာယာရေးကော်မတီ ရွေးကောက်ပွဲတွင် မန္တလေးခရိုင်အတွင်းရှိ အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ အမရပူရမြို့နယ်တို့တွင် ကျင်းပမည်ဖြစ်ပြီး တစ်မြို့နယ် ကော်မတီဝင်တစ်ဦးနှုန်း ရွေးကောက် ပေးရမည်ဖြစ်သည်။ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တိုက်ရိုက်ခန့်ထားသူ ငါးဦး၊ စည်ပင်သာယာဌာန တာဝန်ရှိသူများ၊ တွဲဖက်အတွင်းရေးမှူး အပါအဝင် ၁၂ ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ပြီး ခြောက်မြို့နယ်ရှိ ပြည်သူမှ ရွေးချယ်တင်မြှောက်သူ တစ်ဦးသည် ဒုတိယမြို့တော်ဝန်အဖြစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။

၂၀၁၆ ခုနှစ် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ရွေးကောက်ပွဲကို စက်တင်ဘာလ စတုတ္ထပတ်တွင် ကျင်းပသွားမည်ဖြစ်ပြီး နေ့ရက်အတိအကျ မသတ်မှတ်ရသေးကြောင်း ရွေးကောက်ပွဲကော်မရှင်ထံမှသိရ သည်။

**မောင်ပြည်သူ(မန္တလေး)**

## ဝါးခယ်မမြို့နယ် မိုးစပါးချေးငွေ ၂၃ ၂၅၀ သန်းအား ယခုလအတွင်း အပြီးထုတ်ချေးသွားမည်



**ဝါးခယ်မ ဩဂုတ် ၂၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ၂၀၁၆ မိုးစပါး သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေကို အခြေခံစိုက်ပျိုးဧက တစ်ဧကလျှင် ငွေကျပ် တစ်သိန်းခွဲနှုန်းဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဝါးခယ်မဘဏ်ခွဲမှ မြို့နယ်မန်နေဂျာ ဦးကျော်ဆွေနှင့် ဝန်ထမ်းများက ဘဏ်ချေးငွေ ညွှန်ကြားချက်များနှင့်အညီ စိစစ်ပြီး ချေးငွေများထုတ်ချေးလျက်ရှိကြောင်း သိရသည်။

အဆိုပါဘဏ်ချေးငွေ ထုတ်ချေးမှုကို ဝါးခယ်မမြို့နယ်အတွင်း ကျေးရွာအုပ်စု ၁၃၂ အုပ်စုသို့ အခြေခံစိုက်ဧက ၁၅၅၀၀၀ အတွက် ချေးငွေ ၂၃၂၅၀ သန်းအား မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ထုတ်ချေးပေးလျက်ရှိရာ ဩဂုတ် ၂၂ ရက်အထိ ကျေးရွာအုပ်စု ၁၃၀၊ အစုအဖွဲ့ ၇၉၈၅၊ တောင်သူ ၂၂၉၉၄ ဦး၏ အခြေခံစိုက်ပျိုးဧက ၁၃၈၁၂၀ အတွက် ချေးငွေကျပ် ၂၀၇၁၈၀ သိန်းအား ထုတ်ချေးပြီးဖြစ်ကြောင်း၊ ကျုံမငေးမြို့ သီရိဟေမာရပ်ကွက်နှင့် အောက်ပေကုန်းကျေးရွာ အုပ်စုသာကျန်ရှိပြီး ယခုလနောက်ဆုံးပတ်အတွင်း အပြီးသတ် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လွှမ်းသီဟ (ဝါးခယ်မ)**

## ရွှေတောင်၌သိမ်းဆည်းမြေများအပေါ် ပြန်လည်စွန့်လွှတ်ခြင်း၊ လွှဲပြောင်းခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ထပ်ဆင့်ရှင်းလင်း

**ရွှေတောင် ဩဂုတ် ၂၅**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီက ကြီးမှူးပြုလုပ်သော သိမ်းဆည်းမြေများအပေါ် ပြန်လည်စွန့်လွှတ်ခြင်း၊ လွှဲပြောင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ထပ်ဆင့်ရှင်းလင်းပွဲကို ဩဂုတ် ၂၂ ရက် နံနက် ၁၀ နာရီက မြို့နယ်သာသနာ့ဗိမာန်၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဝေတို့က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအတွင်းရေးမှူး မြို့နယ်မြေစာရင်းဦးစီးမှူး ဦးမြင့်သန်းက ဖွဲ့စည်းပုံ မူဝါဒလုပ်ငန်းစဉ်များနှင့် ညွှန်ကြားချက်များ၊ သိမ်းဆည်းမြေများအပေါ် ပြန်လည်စွန့်လွှတ်ခြင်း၊ လွှဲပြောင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ရာ တက်ရောက်လာကြသည့် ရပ်/ကျေး ကော်မတီဝင်များမှ သိရှိလိုသည်များကိုမေးမြန်းခဲ့ပြီး သက်ဆိုင်ရာတာဝန်ရှိသူက ပြန်လည်ဖြေကြားပေးခဲ့သည်။

အဆိုပါ ရှင်းလင်းပွဲသို့ ရပ်/ကျေး လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အဖွဲ့ဝင် ၃၀၀ တက်ရောက်ကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်**

## ကော့သောင်းခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှ တရားဥပဒေစိုးမိုးရေး လှည့်ကင်းများဆောင်ရွက်

**ကော့သောင်း ဩဂုတ် ၂၅**

ရာဇဝတ်မှုခင်းများ လျော့နည်းကျဆင်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် မြို့ပေါ်ရပ်ကွက်များအတွင်း လှည့်ကင်းများ ဆောင်ရွက်ကာ ပိတ်ဆို့စစ်ဆေးမှုများ လုပ်ငန်းများ ဩဂုတ် ၂၂ ရက် ညပိုင်းက ကော့သောင်းခရိုင်နှင့် မြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ဆောင်ရွက်ကြသည်။

ဆောင်ရွက်မှုတွင် လူငယ်အများစုသည် အရက်သေစာသောက်စားခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲ၍ ခိုက်ရန်ဖြစ်ပွားကာ ရာဇဝတ်မှုများကျူးလွန်ခြင်း၊ ခိုးမှုများ၊ လုယက်မှုများ၊ လူသတ်မှုများ ကျူးလွန်ခြင်းဖြစ်စဉ်များ ပြည်နယ်၊ တိုင်းဒေသကြီး အသီးသီးတွင် ဖြစ်ပွားလျက်ရှိရာ ကော့သောင်းမြို့အတွင်း အလားတူဖြစ်စဉ်မျိုး လျော့နည်းကျဆင်းပပျောက်ရေး၊ မြို့နေပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ မူးယစ်ဆေးဝါး ပပျောက်ရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ကော့သောင်း ခရိုင်ရဲတပ်ဖွဲ့မှူး၏ အနီးကပ် ကြီးကြပ်ညွှန်ကြားမှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးစီးအဖွဲ့သည့် မြို့ပေါ်ရပ်ကွက် ရဲတပ်ဖွဲ့ဝင်များ အဖွဲ့ခွဲကာ မြို့ပေါ်ရပ်ကွက် နယ်မြေအပိုင်းအခြားအလိုက် ညပိုင်း လှည့်ကင်းဆောင်ရွက်ခြင်း၊ ညအချိန်မတော် လမ်းပေါ်ဆိုင်ကယ်စီးသွားလာသူနှင့် မော်တော်ယာဉ်များအား ပိတ်ဆို့စစ်ဆေးမှု လုပ်ငန်းများ ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း– IPRD)**

## ရှေးဦးပြုစုခြင်း အခြေခံအဆင့် သင်တန်းဆင်းပွဲ ကျင်းပ

**မချမ်းဘော ဩဂုတ် ၂၅**

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့နယ် ကြက်ခြေနီအသင်းခွဲနှင့် မြို့နယ်ပညာရေးဌာနတို့က ပူးပေါင်းပြုလုပ်သော အခြေခံပညာအလယ်တန်းအဆင့် ကြက်ခြေနီ ရှေးဦးပြုစုနည်း (အခြေခံအဆင့်) သင်တန်းဆင်းပွဲအခမ်းအနားကို ဩဂုတ် ၂၃ ရက် နံနက် ၁၀ နာရီက မချမ်းဘောမြို့ အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဝင်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝေဖြိုးဇော်၊ မြို့မရဲစခန်း စခန်းမှူးတို့က သင်တန်းထူးချွန်ဆု ရရှိသူများကို ဆုများချီးမြှင့်ခဲ့ကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ၊ သင်တန်းသား ၅၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်ပြန်/ဆက်**

## အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု ဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၂၅**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်တွင် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားဆောင်ရွက်မှုဖြစ်သည့် ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်ဆေးပြား၊ ဗီတာမင်ဆေးပြားများပေးခြင်း၊ ခြောက်လမှ ငါးနှစ်အထိကလေးငယ်များအား ဗီတာမင်(အေ) ဆေးလုံးများတိုက်ကျွေးခြင်း၊ နှစ်နှစ်မှ ငါးနှစ်အထိ ကလေးငယ်များအား သန်ချဆေးများ တိုက်ကျွေးခြင်း၊ ဈေးများတွင်ရောင်းချနေသည့် အိမ်သုံးဆားများတွင် အိုင်အိုဒင်းဓာတ်ပါဝင်မှု ရှိ-မရှိ စစ်ဆေးခြင်း စသည့်လုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဩဂုတ်၂၃ ရက်က မရမ်းကုန်း (၂) ရပ်ကွက် ပေါ်တော်မူဘုရားဝင်းတွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားဆောင်ရွက်မှုကို ဩဂုတ်လ တတိယအပတ်အတွင်း မရမ်းကုန်းမြို့နယ်ရှိ ရပ်ကွက် ၁၀ ခုသို့ မြို့နယ်ကျန်းမာရေးဌာနမှ ဝန်ထမ်းများအဖွဲ့ခွဲ၍ ကွင်းဆင်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ဒေသအတွင်း မှုခင်းများဖြစ်ပွားမှုကို ကြိုတင်ကာကွယ်နိုင်ရေး လှည့်ကင်းများဆောင်ရွက်

**မိုးညို ဩဂုတ် ၂၅**

ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့၏ ဒုတိယရက် ၁၀၀ စီမံချက်အရ ခရိုင်နှင့် မြို့နယ်အသီးသီးတွင် မှုခင်းကြီးငယ်များ ဖြစ်ပွားမှုလျော့ကျနိုင်စေရန် ဆောင်ရွက်လျက်ရှိရာ သာယာဝတီခရိုင် မိုးညိုမြို့နယ် မိုးညိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၂၂ ရက် ည ၇ နာရီမှစတင်ကာ လှည့်ကင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့မစခန်းမှူး ဒုရဲမှူး ဝင်းထွန်း၊ နယ်ထိန်း ခေါင်းဆောင် သန်းထိုက်ဦးစီးသည့် တပ်ဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက်ငါးခုအား ညဦးပိုင်း၊ ညဥ့်နက်ပိုင်း အဖွဲ့များခွဲ၍ လှည့်ကင်းများ နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

အီတလီစီးရီးအေရင်ခုန်သံ-၂

# အိမ်ကွင်းမှာ နိုင်ပွဲပြန်လည်ရယူမယ့် နာပိုလီ

စီးရီးအေအဖွင့်ပွဲစဉ်မှာတော့ အသင်းကြီးတစ်သင်းဖြစ်တဲ့ နာပိုလီဟာ ပက်စ်ကာရာလိုတန်းတက်အသင်းနဲ့သာ ရင်ဆိုင်ခဲ့ရပေမယ့် နိုင်ပွဲရယူနိုင်မှုမရှိခဲ့ဘဲ သရေသာကစားနိုင်ခဲ့ပါတယ်။ ဒါ့အပြင်အဆိုပါ ပွဲစဉ်-၁မှာအင်တာကလည်း ရှုံးပွဲကြုံခဲ့ရတာကြောင့် ဒီပွဲစဉ်-၂ မှာအဆိုပါအသင်းတွေ နိုင်ပွဲပြန်ယူနိုင်မလားစောင့်ကြည့်ရမယ်။

ရှိုင်း
မင်း
မင်း

| ထိပ်တန်းဂိုးသွင်းရှင်များ | |
|---|---|
| ဘက်ကာ(အေစီမီလန်) | ၃ဂိုး |
| လွန်ဘာဒီ(လာဇီယို) | ၂ဂိုး |
| ကက်စီ(အတ္တလန်တာ) | ၂ဂိုး |
| မာတန်စ်( နာပိုလီ) | ၂ဂိုး |
| ဘာဆာ(ချီယေဗို) | ၂ဂိုး |
| ပါရော့တီ(ရိုးမား) | ၂ဂိုး |




ပွဲစဉ် (၁)အပြီး အသင်းများ ရပ်တည်မှု အမှတ်ပေးဇယား

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာ | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ရိုးမား | ၁ | ၁ | ၀ | ၀ | ၄ | ၀ | ၄ | ၃ |
| ၂ | ဂျီနိုအာ | ၁ | ၁ | ၀ | ၀ | ၃ | ၁ | ၂ | ၃ |
| ၃ | ချီယေဗို | ၁ | ၁ | ၀ | ၀ | ၂ | ၀ | ၂ | ၃ |
| ၄ | လာဇီယို | ၁ | ၁ | ၀ | ၀ | ၄ | ၃ | ၁ | ၃ |
| ၅ | အေစီမီလန် | ၁ | ၁ | ၀ | ၀ | ၃ | ၂ | ၁ | ၃ |
| ၆ | ဂျူဗင်တပ် | ၁ | ၁ | ၀ | ၀ | ၂ | ၁ | ၁ | ၃ |
| ၇ | ဘိုလော့နာ | ၁ | ၁ | ၀ | ၀ | ၁ | ၀ | ၁ | ၃ |
| ၈ | ဆမ်ဒိုးရီးယား | ၁ | ၁ | ၀ | ၀ | ၁ | ၀ | ၁ | ၃ |
| ၉ | ဆာစူအိုလို | ၁ | ၁ | ၀ | ၀ | ၁ | ၀ | ၁ | ၃ |
| ၁၀ | နာပိုလို | ၁ | ၀ | ၁ | ၀ | ၂ | ၂ | ၀ | ၁ |
| ၁၁ | ပက်စ်ကာရာ | ၁ | ၀ | ၁ | ၀ | ၂ | ၂ | ၀ | ၁ |
| ၁၂ | အတ္တလန္တာ | ၁ | ၀ | ၀ | ၁ | ၃ | ၄ | -၁ | ၀ |
| ၁၃ | တိုရီနို | ၁ | ၀ | ၀ | ၁ | ၂ | ၃ | -၁ | ၀ |
| ၁၄ | ဖီအိုရင်တီးနား | ၁ | ၀ | ၀ | ၁ | ၁ | ၂ | -၁ | ၀ |
| ၁၅ | ခရိုတိုနီ | ၁ | ၀ | ၀ | ၁ | ၀ | ၁ | -၁ | ၀ |
| ၁၆ | အမ်ပိုလီ | ၁ | ၀ | ၀ | ၁ | ၀ | ၁ | -၁ | ၀ |
| ၁၇ | ပါလာမို | ၁ | ၀ | ၀ | ၁ | ၀ | ၁ | -၁ | ၀ |
| ၁၈ | ကယ်ဂလီယာရီ | ၁ | ၀ | ၀ | ၁ | ၁ | ၃ | -၂ | ၀ |
| ၁၉ | အင်တာမီလန် | ၁ | ၀ | ၀ | ၁ | ၀ | ၂ | -၂ | ၀ |
| ၂၀ | အူဒီးနီးစ် | ၁ | ၀ | ၀ | ၁ | ၀ | ၄ | -၄ | ၀ |

### လာဇီယို - ဂျူဗင်တပ်
**ည ၁၀း၃၀ (၂၇-၈-၁၆)**

လာဇီယိုက အဖွင့်ပွဲစဉ်မှာနိုင်ပွဲရယူနိုင်ခဲ့တယ်ဆိုပေမယ့်လည်း ခက်ခက်ခဲခဲကစားခဲ့ရပါတယ်။ တိုက်စစ်ကဂိုးသွင်းခြေမဆိုးပေမယ့် ခံစစ်ပိုင်းကအားနည်းမှုတွေရှိနေပါတယ်။ ဒါကြောင့် ဒီပွဲစဉ်မှာအိမ် ကွင်းအားရှိနေပေမယ့်လည်း ဂျူဗင်တပ်ရဲ့တိုက်စစ်ကိုထိန်းချုပ်နိုင်ဖို့ ခက်ခဲမှုတွေရှိလာနိုင်ပါတယ်။ ဂျူဗင်တပ်ကအဖွင့်ပွဲစဉ်မှာနိုင်ပွဲရ ယူနိုင်ခဲ့သလို တိုက်စစ်အားလည်းကောင်းမွန်ခဲ့တာကြောင့် လာဇီယိုခံစစ်ကိုဖိအားပေးနိုင် ခြေရှိသလို နိုင်ပွဲလည်းရသွားမှာပါ။

### အင်တာမီလန် - ပါလာမို
**ည ၁၀း၃၀ (၂၈-၈-၁၆)**

အင်တာမီလန်ရဲ့ခြေစွမ်းက ကောင်းမွန်မှုမရှိပါဘူး။ အဖွင့်ပွဲမှာ ချီယေဗိုကိုရှုံးနိမ့်ခဲ့ရကာ တိုက်စစ်ကလည်းကစားပုံသာမန်သာရှိခဲ့ပါတယ်။ ဒါပေမယ့် အင်တာအနေနဲ့ ဒီပွဲစဉ်က အိမ်ကွင်းဖြစ်တာကြောင့် နိုင်ပွဲစတင်ရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပြီး အိမ်ကွင်းမှာ ဆာစူအိုလိုကိုတောင်ရှုံးနိမ့်ခဲ့ရတဲ့ ပါလာမိုခြေကလည်းအားနည်းမှုတွေ များနေပါတယ်။ အင်တာကပ်နိုင်ခြေရှိတယ်။

### ကယ်ဂလီယာရီ - ရိုးမား
**နံနက် ၁း၁၅ (၂၉-၈-၁၆)**

ရိုးမားဟာ အဖွင့်ပွဲစဉ်မှာခြေစွမ်းပြသနိုင်ခဲ့သလို အိမ်ကွင်းမှာဂိုး ပြတ်အနိုင်ရရှိခဲ့ပါတယ်။ ဒါပေမယ့်လည်း ရိုမာဟာ ဒီပွဲမတိုင်ခင်မှာ ချန်ပီယံလိဂ်ခြေစစ်ပွဲကစားထားရလို့ ပွဲပန်းနိုင်ခြေရှိနေပါတယ်။ ဒါ့အပြင် ကယ်ဂလီယာရီကလည်း အဖွင့်ပွဲမှာရှုံးပွဲကြုံထားတာကြောင့် အိမ်ကွင်းအားနဲ့နိုင်ပွဲစရရေးအားစိုက်လာရင် ရိုးမားတို့ကစားရခက်ခဲနိုင်ပါတယ်။ ရိုးမားနိုင်ခြေရှိပေမယ့် ဂိုးပြတ်ဖို့ခက်တယ်။

### နာပိုလီ - မီလန်
**နံနက် ၁း၁၅ (၂၈-၈-၁၆)**

အဖွင့်ပွဲစဉ်မှာနိုင်ပွဲရယူနိုင်ခဲ့တယ်ဆိုပေမယ့်လည်း မီလန်ရဲ့ခြေက သာမန်သာရှိခဲ့ပါတယ်။ နာပိုလီကလည်း အဖွင့်ပွဲမှာ ပက်စ်ကာရာ ကိုတောင် အနိုင်မရခဲ့ဘူးဆိုပေမယ့်လည်း ဒီပွဲစဉ်မှာအိမ်ကွင်းဖြစ်တာကြောင့် နိုင်ပွဲစတင်ရယူနိုင်ဖို့အားစိုက်ကစားလာဖို့ရှိနေပါတယ်။ ဒါကြောင့်လည်း မီလန်တို့ဒီပွဲစဉ်မှာနိုင်ပွဲရယူနိုင်ဖို့ခက်ခဲမှုတွေရှိနေ နိုင်ပါတယ်။ နှစ်သင်းစလုံးဂိုးသွင်းခြေရှိကြတာကြောင့် ဂိုးအပြန်အလှန်သွင်းနိုင်ပြီး နာပိုလီကပ်နိုင်ခြေရှိတယ်။

### ဖီအိုရင်တီးနား - ချီယေဗို
**နံနက် ၁း၁၅ (၂၉-၈-၁၆)**

အဖွင့်ပွဲမှာ ဖီအိုရင်တီးနားတို့ရှုံးပွဲကြုံခဲ့ရတယ်ဆိုပေမယ့်လည်း ဂျူဗင်တပ်လိုအသင်းကို သာရှုံးနိမ့်ခဲ့ရတာဖြစ်ပါတယ်။ ဖီအိုရင်တီးနား အနေနဲ့ အဆိုပါပွဲရှုံးနိမ့်မှုကြောင့်လည်း အခု အိမ်ကွင်းမှာနိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစား လာဖို့ရှိနေပါတယ်။ ချီယေဗိုကတော့ အဖွင့်ပွဲမှာအင်တာမီလန်ကိုအနိုင်ရယူနိုင်ခဲ့တယ်ဆိုပေမယ့်လည်း အဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းက ကျဆင်းတတ်တာကြောင့် ဖီအိုရင်တီးနားတို့ အခွင့်အရေးရနိုင်သလို နိုင်ပွဲလည်းရယူနိုင်ပါတယ်။

### ဆမ်ဒိုးရီးယား - အတ္တလန္တာ
**နံနက် ၁း၁၅ (၂၉-၈-၁၆)**

အတ္တလန္တာဟာအဖွင့်ပွဲစဉ်မှာ လာဇီယိုကိုရှုံးနိမ့်ခဲ့ရတာကြောင့် ဒီပွဲစဉ်မှာနိုင်ပွဲစတင်ရယူနိုင်ဖို့ အားစိုက်ကစားလာနိုင်သလို တိုက်စစ်ပိုင်းကစားပုံလည်းကောင်းမွန်ပါတယ်။ ဒါပေမယ့် အတ္တလန္တာဟာ ခံစစ်ပိုင်းမှာတော့ အားနည်းမှုတွေရှိနေသလို အဝေးကွင်းစွမ်းဆောင် ရည်လည်းတည်ငြိမ်မှုမရှိပါဘူး။ ဆမ်ဒိုးရီးယားကတော့ ခြေစွမ်းပိုင်းမဆိုးသလို အိမ်ကွင်းပွဲတွေမှာလည်း ခြေစွမ်းပိုင်းပိုကောင်းတတ်ပါတယ်။ ဆမ်ဒိုးရီးယားအနိမ့်ဆုံး သရေရမယ်။

### ခရိုတိုနီ - ဂျီနိုအာ
**နံနက် ၁း၁၅ (၂၉-၈-၁၆)**

ဂျီနိုအာက အဖွင့်ပွဲစဉ်မှာ ကယ်ဂလီယာရီကိုအိမ်ကွင်းမှာဂိုး ပြတ်အနိုင်ရယူနိုင်ခဲ့သလို ခြေစွမ်းပိုင်းလည်းကောင်းမွန်ခဲ့ပါတယ်။ဒီပွဲစဉ်မှာလည်း အဝေးကွင်းဖြစ်ပေမယ့် ဂျီနိုအာတို့နိုင်ပွဲဆက်နိုင်ရေး အားစိုက်ကစားလာမှာသေချာနေသလို တန်းတက်ခရိုတိုနီရဲ့ ခြေစွမ်းကလည်း သာမန်ထက်မပိုပါဘူး။ တိုက်စစ်ကစားပုံကအစ အားနည်းခဲ့တာကြောင့် ဂျီနိုအာပဲနိုင်ပွဲရမယ်။

### တိုရီနို - ဘိုလော့နာ
**နံနက် ၁း၁၅ (၂၉-၈-၁၆)**

အေစီမီလန်ကို ရှုံးနိမ့်ခဲ့ရပေမယ့်လည်း တိုရီနိုရဲ့ခြေကကောင်းမွန် မှုရှိခဲ့သလို အဝေးကွင်းမှာအပြန်အလှန်ကစားနိုင်ခဲ့ပါတယ်။ တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေရှိနေပါတယ်။ ဒါ့အပြင် ဒီပွဲကလည်း အိမ်ကွင်းဖြစ်တာကြောင့် တိုရီနိုတို့နိုင်ပွဲရယူနိုင်ရေးအားစိုက်ကစားလာဖို့ ရှိနေပါတယ်။ ဘိုလော့နာကတော့ ခြေစွမ်းပိုင်းသာမန်သာရှိသလို အဝေးကွင်းခြေကျတတ်လို့ တိုရီနိုပဲနိုင်ပွဲရမယ်။

### ဆာစူအိုလို - ပက်စ်ကာရာ
**နံနက် ၁း၁၅ (၂၉-၈-၁၆)**

တန်းတက်ပက်စ်ကာရာဟာ အဖွင့်ပွဲစဉ်မှာအသင်းကြီးတစ်သင်း ဖြစ်တဲ့နာပိုလီကိုတောင်သရေကစားနိုင်ခဲ့တဲ့အထိ စွမ်းဆောင်ရည် ကောင်းမွန်ခဲ့ပါတယ်။ ဒါပေမယ့် ဆာစူအိုလို ခြေစွမ်းကလည်းကောင်း မွန်မှုရှိနေသလို ဒီပွဲမှာလည်း အိမ်ကွင်းအားနဲ့ဖိအားပေးကစားလာမှာ သေချာနေပါတယ်။ ဒါကြောင့်လည်း ပက်စ်ကာရာအနေနဲ့ဒီပွဲမှာတော့ရုန်းကန်ရနိုင်ပြီးသရေရဖို့တောင်ခက်မယ်။

### အူဒီးနီးစ် - အမ်ပိုလီ
**နံနက် ၁း၁၅ (၂၉-၈-၁၆)**

အမ်ပိုလီဟာ အဖွင့်ပွဲမှာ အိမ်ကွင်းမှာကစားခဲ့ရတာတောင်မှ ဆမ့်ဒိုးရီးယားကိုရှုံးနိမ့်ခဲ့ရပါတယ်။ အူဒီးနီးစ်ကတော့ ရိုမာကိုဂိုးပြတ်အရေးနိမ့်ခဲ့ရတာကြောင့် ဒီပွဲစဉ်မှာနိုင်ပွဲရယူနိုင်ဖို့ အိမ်ကွင်းအားနဲ့ ဖိအားပေးကစားလာနိုင်ပါတယ်။ လက်ရှိအချိန်မှာ အူဒီးနီးစ်ခြေကလည်းအားနည်းမှုတွေရှိနေတယ်ဆိုပေမယ့်လည်း အိမ်ကွင်းဖြစ်နေတာကြောင့် အနိမ့်ဆုံးသရေလောက်တော့ကစားနိုင်မှာပါ။

# ရိုမက်ဂ်နိုလီအတွက် ချယ်လ်ဆီးဘက်မှ ကမ်းလှမ်းမှုကို အေစီမီလန်ပယ်ချ



ချယ်လ်ဆီးအသင်းသည် အေစီမီလန်နောက်ခံလူ ရိုမက်ဂ်နိုလီအား ကမ်းလှမ်းခဲ့ရာ ပယ်ချခဲ့ကြောင်း မီလန်တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားလိုက်သည်။

ချယ်လ်ဆီးနည်းပြသစ် ကွန်တီက ချယ်လ်ဆီးလက်ရှိခံစစ်အင်အား ရွေးချယ်စရာရှားပါးမှုကို စိတ်တိုင်းမကျဘဲ ခံစစ်အားဖြည့်ရန်အတွက် ရိုမက်ဂ်နိုလီအား ခေါ်ယူရန်ချိတ်ဆက်ခဲ့ခြင်းဖြစ်သည်။ သို့သော်မီလန်ဘက်မှ ၎င်းတို့ ခံစစ်မှူးအတွက် ပြောင်းရွှေ့ကြေး ယူရို၃၅ သန်းအထက်အလိုရှိနေပြီး ယင်းပမာဏလောက်မျှ မရလျှင် ထုတ်ရောင်းမည်မဟုတ်ကြောင်း အကြောင်းပြန်ခဲ့ပြီးဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် မူလက နာပိုလီနောက်ခံလူ ကူလီဘလီအား ပထမဦးစားပေးအဖြစ် ချဉ်းကပ်ခဲ့သေးသော်လည်း အဆင်မပြေခဲ့၍သာ ရိုမက်ဂ်နိုလီဘက်သို့ ပြောင်းလဲစဉ်းစားခဲ့ခြင်းဖြစ်သည်။အသက်(၂၁)အရွယ် ရိုမက်ဂ်နိုလီမှာ ပြီးခဲ့သည့်နှစ်ဘောလုံးရာသီတွင် ပြောင်းရွှေ့ကြေး ပေါင်၂၁သန်းဖြင့် ရောက်ရှိလာခဲ့ပြီးနောက် ယခင်အေစီမီလန်နောက်ခံလူ နက်စတာလက်သစ်ဟု တင်စားခံထားရသော ကစားသမားလည်း ဖြစ်သည်။

မေလဲ့သင်း

*နိုင်ငံတော်တည်ဆောက်ရာတွင်  နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီး သုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့် စပ်ဆိုင်သောဆောင်းပါးများကို အပတ်စဉ် (သောကြာနေ့)တိုင်း ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏အာဘော်သာ ဖြစ်ပါသည်။*
*(စာတည်းအဖွဲ့)*

# တရားဥပဒေစိုးမိုးရေးနှင့် မဏ္ဍိုင်ကြီးများ အပြန်အလှန်ထိန်းညှိရေး

**à မောင်စာဂ**

**မဏ္ဍိုင်ကြီးသုံးရပ်**

မဏ္ဍိုင်ကြီးသုံးရပ်ဆိုသည်ကားအဘယ်နည်း။ မဏ္ဍိုင်ကြီးသုံးရပ်ဆိုသည်မှာ ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်တို့ဖြစ်သည်။ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတည်းဟူသော နိုင်ငံတော်၏ အချုပ်အခြာအာဏာသုံးရပ်လည်းဖြစ်သည်။

**မဏ္ဍိုင်ကြီးသုံးရပ်ကို ကျင့်သုံးသည့်အဖွဲ့များ**

ဥပဒေပြုရေးမဏ္ဍိုင်ကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများက ကျင့်သုံးသည်။ ပြည်ထောင်စုလွှတ်တော်ဟုဆိုရာတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ ပါဝင်သည်။

အုပ်ချုပ်ရေးမဏ္ဍိုင်ကို ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများက ကျင့်သုံးသည်။ နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတော်အုပ်ချုပ်ရေးအကြီးအကဲသည် နိုင်ငံတော်သမ္မတဖြစ်သည်။ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင် နိုင်ငံသားအားလုံး၏ အထွတ်အထိပ်နေရာရရှိသည်။

တရားစီရင်ရေးမဏ္ဍိုင်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုတရားရုံးများ အပါအဝင် အဆင့်ဆင့်သော တရားရုံးများက ကျင့်သုံးသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နိုင်ငံတော်၏အမြင့်ဆုံး တရားရုံးဖြစ်သည်။

**မဏ္ဍိုင်ကြီးသုံးရပ်ကို မည်ကဲ့သို့ကျင့်သုံးသနည်း**

အချုပ်အခြာပိုင်နိုင်ငံများတွင် မဏ္ဍိုင်ကြီးသုံးရပ် သို့မဟုတ် အချုပ်အချာအာဏာသုံးရပ်ကို ကျင့်သုံးပုံနည်းစနစ်နှင့် စပ်လျဉ်း၍ ယင်းနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားရှိသည်။ နိုင်ငံတိုင်းသည် ဤမဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အုပ်ချုပ်ရသည်မှာအတူတူပင်ဖြစ်သော်လည်း ကျင့်သုံးပုံ နည်းစနစ်ကွဲပြားခြားနားမှုရှိသည်။ အချို့နိုင်ငံများက မဏ္ဍိုင်ကြီးသုံးရပ်ကို တစ်ခုနှင့်တစ်ခု ရောယှက်ပြီး ကျင့်သုံးသည်။ အချို့နိုင်ငံများက မဏ္ဍိုင်ကြီးသုံးရပ် တစ်ခုနှင့်တစ်ခု မရောယှက်ဘဲ ပိုင်းခြားကျင့်သုံးသည်။ မဏ္ဍိုင်ကြီး သုံးရပ်ကို ရောယှက်ပြီးကျင့်သုံးပါက တစ်ခုနှင့် တစ်ခု အပြန်အလှန် ထိန်းညှိပြီးဖြစ်သည်။ ထိန်းကျောင်းပြီးဖြစ်သည်။ ပိုင်းခြားပြီးကျင့်သုံးပါက တစ်ခုနှင့် တစ်ခု အပြန်အလှန် ထိန်းညှိသွားရန်လိုသည်။ ထိန်းကျောင်းသွားရန် လိုအပ်ပေသည်။

**မြန်မာနိုင်ငံတွင် မည်သို့ကျင့်သုံးသနည်း**

မြန်မာနိုင်ငံ၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် "နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းပြုသည်။ အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်းပြုသည်" ဟူ၍ ပြဋ္ဌာန်းထားသည်။

ဤပြဋ္ဌာန်းချက်တွင် "တတ်နိုင်သမျှပိုင်းခြားသုံးစွဲသည်" ဟူသောစကားရပ်ကို ဂရုမူသင့်သည်။ အလေးထားသင့်သည်။ အင်မတန်မှ အရေးကြီးသောစကားရပ်ဖြစ်သည်။ စကားရပ်တစ်ခုကို စကားရပ်ပါအသုံးအနှုန်းအတိုင်း အဓိပ္ပာယ်ကောက်ယူသင့်သည်။ စကားရပ်ပါ အသုံးအနှုန်းအတိုင်း အဓိပ္ပာယ်ကောက်ယူခြင်းမပြုဘဲ ကွဲလွဲသည့် အဓိပ္ပာယ်ကို ကောက်ယူလျှင် အဓိပ္ပာယ်ဖွင့်ဆိုရာရောက်သည်။ အဓိပ္ပာယ်ဖွင့်ဆိုရန် ပေါ်ပေါက်လာလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးကသာ အဓိပ္ပာယ်ဖွင့်ဆိုရပေလိမ့်မည်။ တခြားမည်သူကမျှ အဓိပ္ပာယ်ဖွင့်ဆို၍ မရပါ။

> **"နိုင်ငံတစ်နိုင်ငံတွင်လည်း ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်၊ စာနယ်ဇင်း မီဒီယာမဏ္ဍိုင်ဟုဆိုသော မဏ္ဍိုင်ကြီးလေးရပ်ဖြင့် တည်ဆောက်ဖွဲ့စည်းထားသည်။ ဤမဏ္ဍိုင်လေးရပ်ကို အမြဲတမ်းထိန်းညှိထားကြရသည်။ မဏ္ဍိုင် ကြီးတစ်ရပ်ရပ် က လွန်ကဲနေမည်ဆိုလျှင် နိုင်ငံတော်ကြီး တိုးတက်ဖွံ့ဖြိုး ရေး၊ တည်ငြိမ်ရေး၊ အေးချမ်းသာယာရေးတို့ကို အနှောင့် အယှက်ဖြစ်ရသည် . . ."**

ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့်တရားစီရင်ရေးအာဏာတို့ကို "တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းပြုသည်" ဟု ဆိုထားရာ လုံးဝပိုင်းခြားသုံးစွဲခြင်းပြုရမည်ဟု မဆိုလိုပါ။ တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲကြပါ။ မတတ်နိုင်သည့်အခြေအနေမျိုးဆိုလျှင် မပိုင်းခြားဘဲ သုံးစွဲကြရပေမည်။ ဖြစ်နိုင်လျှင် ပိုင်းခြားသုံးစွဲခြင်းပြုစေလိုသည်။ ပူးပေါင်းရောယှက်ကျင့်သုံးခြင်းကို မပြုလိုသည့်သဘောဖြစ်သည်။ ပိုင်းခြားကျင့်သုံးခြင်းမျိုး မတတ်နိုင်သည့်ကိစ္စ၊ မဖြစ်နိုင်သည့်ကိစ္စမျိုးဆိုလျှင် ပူးပေါင်းရောယှက်ကျင့်သုံးခြင်း ပြုနိုင်ကြပေမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဤမူသဘော အနှစ်သာရကို အကောင်အထည်ဖော်ဆောင်ရွက်သူတွေရော၊ ပြည်သူတွေရော လက်ခံလိုက်နာပေးကြဖို့ လိုပေလိမ့်မည်။

"တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းပြုသည်" ဟူ၍ တိတိကျကျ ရှင်းရှင်းလင်းလင်း ရေးသား ပြဋ္ဌာန်းထားရှိသည်ကို လုံးဝပိုင်းခြားသုံးစွဲခြင်းပြုရမည်ဟူသော သဘောအသွင်ဆောင်သည့် အဓိပ္ပာယ်မျိုးကောက်ယူလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းပေးထားသည့်ဘောင်ထက် ကျော်လွန်သွားပါမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အနှောင့်အယှက်အတားအဆီး ဖြစ်နေပေလိမ့်မည်။

**စာနယ်ဇင်းမီဒီယာများသည် စတုတ္ထမဏ္ဍိုင်ဖြစ်ပါသလား**

စာနယ်ဇင်းမီဒီယာများကို နိုင်ငံ၏ စတုတ္ထမဏ္ဍိုင်ဟူ၍ ခေါ်ဝေါ်ပြောဆိုနေကြသည်။ ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင် ဤမဏ္ဍိုင်ကြီးသုံးရပ်ပြီးလျှင် စာနယ်ဇင်းမီဒီယာများသည် စတုတ္ထမဏ္ဍိုင်အဖြစ် ရပ်တည်နေသည်ဟုဆိုကြသည်။ ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်တို့ အချင်းချင်း အပြန်အလှန်ထိန်းကျောင်းမှု၊ ထိန်းညှိမှုပြုရာတွင် ထိရောက်မှန်ကန်စွာထိန်းညှိမှု ပြုကြနိုင်ရေးအတွက် စာနယ်ဇင်းမီဒီယာများက မရှိမဖြစ်လိုအပ်လာသည်။ စာနယ်ဇင်းမီဒီယာများပါဝင်မှသာ အချင်းချင်းအပြန်အလှန် ထိန်းညှိမှုက မှန်ကန်မည်။ ပြည့်စုံမည်။ ထိရောက်မှုရှိမည်။ ထို့ကြောင့် စာနယ်ဇင်းမီဒီယာများသည် စတုတ္ထမဏ္ဍိုင်အဖြစ် ပါဝင်ရသည်ဟုဆိုသည်။ စာနယ်ဇင်းမီဒီယာများသည် စတုတ္ထမဏ္ဍိုင်ဖြစ်သည်ဟူသောအချက်ကို အချို့က လက်မခံချင်ကြ။ လက်မခံနိုင်ကြ။ စာနယ်ဇင်း မီဒီယာများသည် နိုင်ငံတော်၏ မဏ္ဍိုင်ကြီးတစ်ခုသဖွယ်တည်ရှိနေခြင်း မဟုတ်ဟုလည်း အချို့အချို့က ဆိုကြ၊ ပြောနေကြသည်။ ကျွန်ုပ်လေ့လာခဲ့ရမိသမျှ ပြောပါမည်။

**ဒေါက်တာမောင်မောင်၏ရေးသားချက်**

ဒေါက်တာမောင်မောင်ရေးသားသည့် "တို့ပြည်ထောင်စု မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ" စာအုပ်၏ စာမျက်နှာ ၄၉ တွင် "နိုင်ငံတော်မဏ္ဍိုင်ကြီးများ" ဟူ၍ ခေါင်းစဉ်တစ်ရပ်တပ်ပြီး ဤသို့ ရေးသားဖော်ပြခဲ့သည် -

"နိုင်ငံကို မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် တည်ဆောက်ထားရသည်။ ပါလီမန်လွှတ်တော်များသည် ဥပဒေပြုမဏ္ဍိုင်ဖြစ်သည်။ ပါလီမန်က ပြည်သူတို့အတွက် လိုအပ်သော ဥပဒေများကို ဆွေးနွေး ပြဋ္ဌာန်းကြသည်။ ဟောင်းနွမ်း၍ ခေတ်နှင့်မလျော်တော့သော ဥပဒေအဟောင်းများကိုလည်း ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်း စသည်တို့ပြုလုပ်ရသည်။ ထို့ပြင်လည်း အရေးကြီးသောနိုင်ငံ၏ ပေါ်လစီလမ်းစဉ်များကို ချမှတ်၍ပေးရသည်။"

"အစိုးရအဖွဲ့သည် အုပ်ချုပ်ရေးမဏ္ဍိုင်ဖြစ်သည်။ ပါလီမန်က ပြဋ္ဌာန်းသောဥပဒေအရပ်ရပ်ကို လက်တွေ့အသက်သွင်းပေးရသည်။ အကောင်အထည်ဖော်၍ပေးရသည်။ ပါလီမန်က ချမှတ်ပေးသော လမ်းစဉ်များကို မသွေမဖည်လိုက်နာရသည်။ နိုင်ငံတွင်အေးချမ်းသာယာရေး၊ လုံခြုံရေး တို့အတွက် နေ့စဉ်ဆောင်ရွက်စောင့်ထိန်းရသည်။ အစိုးရအဖွဲ့၏ ဦးစီးခေါင်းဆောင်မှုကို လိုက်နာ၍ အမြဲတမ်းအစိုးရအရာထမ်း၊ အမှုထမ်းများပါဝင်သော အစိုးရယန္တရားက မပြတ်မနား မလစ်မလပ် နိုင်ငံတာဝန်ကို ထမ်းဆောင်ရသည်။ အားလုံးပင် နိုင်ငံ့ဝန်ထမ်းများ ဖြစ်ကြသည်။"

"တရားလွှတ်တော်ချုပ်နှင့် တရားလွှတ်တော်တို့က အုပ်ချုပ်ကွပ်ကဲသော တရားရုံးများ သည် နိုင်ငံ၏တရားရေး မဏ္ဍိုင်ဖြစ်သည်။ ပြည်သူ့အခွင့်အရေးများကို ထိပါးခြင်းရှိလျှင် တရားရုံးကြီးများက မှုခင်းများကိုလက်ခံ၍ ဥပဒေအရလိုအပ်သော ပြင်ဆင်ပေးခြင်း၊ တရားစီရင်ခြင်းများကိုပြုပေးသည်။ ပြည်သူအချင်းချင်း မှုခင်းပဋိပက္ခဖြစ်ကြလျှင်လည်း ၎င်းတို့၏မှုခင်းတို့ကို ဥပဒေနှင့် လျော်ညီစွာ ဆုံးဖြတ်၍ပေးသည်။ ရာဇဝတ်ပြစ်မှုကျူးလွန်သူများကို ဥပဒေအရအရေးယူ၍ ပြစ်မှုထင်ရှားလျှင် ထိုက်သင့်သောပြစ်ဒဏ်ပေးသည်။ ဥပဒေမဲ့သူကို အရေးယူ၍ ဥပဒေကို လိုက်နာကျင့်သုံးသောပြည်သူကို ကာကွယ်ပေးသည်။ ဥပဒေမျက်စိတွင် ပြည်သူနှင့် အစိုးရဟူ၍ ခွဲခြားခြင်းမရှိ။"

"စတုတ္ထမဏ္ဍိုင်ဟုခေါ်သော ပြည်သူတို့၏နား၊ မျက်စိနှင့်တူသော သတင်းစာ၊ မဂ္ဂဇင်း၊ စာအုပ်စာတမ်း၊ ပညာပေးစာစောင်များလည်း ရှိသေးသည်။ ဒီမိုကရေစီနိုင်ငံတွင် အရင်းခံမဏ္ဍိုင်ကြီးက ပြည်သူတို့ပင်ဖြစ်သည်။ ပါလီမန်အမတ်တို့ကို ပြည်သူတို့က ရွေးချယ်တင်မြှောက်ရသည်။ ထို့ကြောင့် ရွေးကောက်ပွဲများတွင် လူတော်လူကောင်းသာ ရွေးချယ်နိုင်ဖို့ ပြည်သူတို့က လူကောင်းနှင့် လူဆိုး၊ တိုင်းပြည်အပေါ်တွင် သစ္စာရှိသူနှင့် သစ္စာမဲ့သူ၊ ပြည်သူ့ဝန်ထမ်းစိတ်ရှိသော နိုင်ငံရေးသမားနှင့် ကိုယ်ကျိုးရှာသက်သက် နိုင်ငံရေးသမားတို့ကို ခွဲခြားတတ်ဖို့လိုသည်။ နိုင်ငံရေးဝါဒတို့ကို ချင့်ချိန်၍တန်ဖိုးဖြတ်တတ်ဖို့လိုသည်။ လိမ္မာ၍အသိဉာဏ်တရားရှိသော တာဝန်သိသော ပြည်သူတို့သည် ဒီမိုကရေစီနိုင်ငံ၏အဓိကမဏ္ဍိုင်ကြီးဖြစ်သည်။ ပြည်သူတို့လိမ္မာ၍ အသိဉာဏ် တရားရှိအောင် တာဝန်သိအောင် ပညာအလင်းရောင်ပေးနိုင်သော သတင်းစာ၊ မဂ္ဂဇင်း၊ စာစောင်ကြီးများသည်လည်းအရေးကြီးသော မဏ္ဍိုင်ကြီးတစ်ရပ်ဖြစ်ပေသည်။-

"မြန်မာနိုင်ငံတွင် အဓိကမဏ္ဍိုင်ကြီးများ ကြံ့ခိုင်ဖို့လိုသည်။ ယိမ်းယိုင်လဲပြိုခြင်းမရှိရအောင် အမြဲတစေကာကွယ်ဖို့လိုသည်။ ဥပဒေပြုမဏ္ဍိုင် ကြံ့ခိုင်ပါစေ။ အုပ်ချုပ်ရေး မဏ္ဍိုင်ကြံ့ခိုင်ပါစေ။ တရားရေးမဏ္ဍိုင်ကြံ့ခိုင်ပါစေ။ စတုတ္ထမဏ္ဍိုင်ကြံ့ခိုင်ပါစေ။ ပြည်သူ့မဏ္ဍိုင်ကြံ့ခိုင်ပါစေ။"

ဤသည်မှာ စာနယ်ဇင်းမီဒီယာများသည် နိုင်ငံ၏ စတုတ္ထမဏ္ဍိုင်ဖြစ်ကြောင်း ထင်ရှားသည့် သက်သေသာဓကပင် ဖြစ်ပေသည်။

**ဒေါက်တာကျော်ရင်၏ ပြောစကား**

ကျွန်ုပ်တို့ ရန်ကုန်ဝိဇ္ဇာ သိပ္ပံတက္ကသိုလ် ဥပဒေဌာနတွင် ဥပဒေပညာသင်ယူစဉ်အခါက ဖြစ်သည်။ ဆရာဒေါက်တာကျော်ရင်သည် အချိန်ပိုင်းကထိကအဖြစ်လာရောက်ပို့ချသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်းပို့ချခြင်းဖြစ်သည်။ ဆရာက နိုင်ငံတကာဖွဲ့စည်းပုံ အခြေခံဥပဒေများနှင့်ယှဉ်၍ပို့ချသည်။ အမေရိကန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆရာအလွန်နှစ်သက် သဘောကြသည်။ အမေရိကန်နိုင်ငံ၏ ဥပဒေပြုရေး မဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေး မဏ္ဍိုင်တို့၏ အာဏာများ ခွဲဝေကျင့်သုံးပုံ၊ အချင်းချင်းအပြန်အလှန်ထိန်းကျောင်းပုံ၊ ထိန်းညှိပုံတို့ကို သေသေချာချာရှင်းပြသည်။ ထိုစဉ်ကတည်းက အချုပ်အခြာအာဏာများ ခွဲဝေကျင့်သုံးပုံ၊ ရောယှက်ကျင့်သုံးပုံ၊ အချင်းချင်းအပြန်အလှန်ထိန်းကျောင်းထိန်းညှိပုံတို့ကို မိမိတို့ယဉ်ပါးခဲ့ရသည်။

စာနယ်ဇင်းမီဒီယာများသည် နိုင်ငံ၏ စတုတ္ထမီဒီယာဖြစ်ကြောင်း ဆရာကလည်း လက်ခံခဲ့သည်။ ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင် သုံးရပ်အပြင် စတုတ္ထမဏ္ဍိုင်ဖြစ်သော စာနယ်ဇင်း၊ မီဒီယာများနှင့်ပေါင်းလျှင် မဏ္ဍိုင်ကြီးလေးရပ်ရှိကြောင်းကို ဆရာက ရှင်းရှင်းလင်းလင်းကြီး အသိအမှတ်ပြု ပြောကြားခဲ့သည်။ ဤမဏ္ဍိုင်ကြီး လေးရပ်ကို ဆရာက ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောတည်းဟူသော ဓာတ်ကြီးလေးပါးနှင့် ဥပမာပုံစံပြု၍ ရှင်းလင်းပြောကြားသည်။

ဆရာက လူ၏ခန္ဓာကိုယ်သည် ဓာတ်ကြီးလေးပါးဖြင့် ဖွဲ့စည်းထားသည်။ ပထဝီ(မြေဓာတ်)၊ တေဇော(မီးဓာတ်)၊ အာပေါ(ရေဓာတ်)၊ ဝါယော(လေဓာတ်)တို့ဖြစ်သည်။ ဤဓာတ်ကြီး လေးပါးကို အမြဲတမ်းထိန်းညှိထားကြရသည်။ ဓာတ်ကြီးတစ်ပါးပါးက အလွန်ကဲနေမည်ဆိုလျှင် ခန္ဓာကိုယ်ကြီး တစ်ခုခုတွင် ဒုက္ခပေးတော့သည်။ ဓာတ်ကြီးလေးပါးအညီအမျှဖြစ်နေမှသာ ခန္ဓာကိုယ်ကြီးရှင်သန်နေမည်။ သန်မာနေမည်။ အားကောင်းနေမည်။ ဓာတ်ကြီးလေးပါး မညီညွတ်၍ တစ်ပါးပါးက လွန်ကဲစွာဖောက်ပြန်သွားမည်ဆိုလျှင်ကား နောက်ဆုံးခန္ဓာကိုယ်ကြီး ပျက်စီးသွားရသည်အထိ ဖြစ်ရတော့သည်။

ဤသို့ဤနှယ် နိုင်ငံတစ်နိုင်ငံတွင်လည်း ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်၊ စာနယ်ဇင်းမီဒီယာမဏ္ဍိုင်ဟုဆိုသော မဏ္ဍိုင်ကြီးလေးရပ်ဖြင့် တည်ဆောက်ဖွဲ့စည်းထားသည်။ ဤမဏ္ဍိုင်လေးရပ်ကို အမြဲတမ်းထိန်းညှိထားကြရသည်။ မဏ္ဍိုင်ကြီးတစ်ရပ်ရပ်က လွန်ကဲနေမည်ဆိုလျှင် နိုင်ငံတော်ကြီး တိုးတက်ဖွံ့ဖြိုးရေး၊ တည်ငြိမ်ရေး၊ အေးချမ်းသာယာရေးတို့ကို အနှောင့်အယှက်ဖြစ်ရသည်။ ထိခိုက်ရသည်။ အန္တရာယ်ကျရောက်ရသည်။

စာမျက်နှာ ၂၀ သို့

# ၂၀၁၆ ရီယိုအိုလံပစ်မှ ၂၀၂၀ တိုကျိုအိုလံပစ်ဆီသို့

ခဲ မင်းမင်း(ထားဝယ်)



ဘရားဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့တွင် ကမ္ဘာ့အကြီးကျယ်ဆုံး အားကစားပွဲကြီးတစ်ခုဖြစ်သည့် ၂၀၁၆ ခုနှစ် ရီယိုအိုလံပစ် အားကစားပြိုင်ပွဲကို ဩဂုတ် ၅ ရက်မှ ဩဂုတ် ၂၁ ရက်အထိ ဇီကာဗိုင်းရပ်စ် အန္တရာယ်နှင့် ဘရာဇီးပြည်သူများ၏ ဆန္ဒပြပွဲများကို အန်တုကာ ၁၆ ရက်ကြာ အောင်မြင်စွာ လက်ခံကျင်းပပေးနိုင်ခဲ့ပါသည်။ ရီယိုအိုလံပစ် ပြိုင်ပွဲကြီး၏ ဖွင့်ပွဲအခမ်းအနား၊ ပိတ်ပွဲအခမ်းအနားနှင့် ပေါ်လွင်ထင်ရှားခဲ့သည့် အားကစားသမားများ၊ မထင်မှတ်သည့် ဖြစ်ရပ်များ၊ ထူးခြားသည့် ဖြစ်ရပ်အချို့၊ နိုင်ငံများ၏ ဆုတံဆိပ်ရရှိမှုတို့ကို စုစည်းပြီး တစေ့တစောင်း တင်ပြလိုက်ရပါသည်။

**ဖွင့်ပွဲအခမ်းအနား**

ရီယိုအိုလံပစ် ဖွင့်ပွဲအခမ်းအနားကို မာရာကာနာ အားကစားကွင်းသစ်ကြီး၌ ဩဂုတ် ၅ ရက်တွင် ကျင်းပခဲ့ပြီး ဘရာဇီးနိုင်ငံ ယာယီသမ္မတ မစ်ချယ်တမ်မာ၊ အာဂျင်တီးနား သမ္မတ၊ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်နှင့် အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ (IOC) ဥက္ကဋ္ဌတို့နှင့်အတူ ပရိသတ် အင်အား ၇၈၀၀၀ နီးပါး ကြည့်ရှုအားပေးခဲ့ပါသည်။ ဖွင့်ပွဲအခမ်းအနားတွင် အကြီးအကဲများ၏ နှုတ်ခွန်းဆက်စကား၊ အိုလံပစ်အလံတင် အခမ်းအနား၊ မီးရှူးတိုင် ထွန်းညှိခြင်း၊ ဘရာဇီးနိုင်ငံသမိုင်းနှင့် ယင်းနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုများကို အနုပညာရှင်ပေါင်း များစွာတို့က တေးသီချင်းများဖြင့် ပုံဖော်တင်ဆက်ခဲ့ပါသည်။ ကိုဆိုဗို၊ တောင်ဆူဒန်နှင့် ဒုက္ခသည်များအသင်းတို့မှ ပထမဦးဆုံး ပါဝင်ခဲ့ပြီး နိုင်ငံပေါင်း ၂၀၆ နိုင်ငံမှ အားကစားသမား ၁၁၀၀၀ ကျော်တို့မှ အားကစားနည်း ၂၈ မျိုးတွင် အားကြိုးမာန်တက် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါသည်။ အိုလံပစ် မီးရှူးတိုင်ကို ထွန်းညှိသူမှာ ဘရာဇီးလ် မာရသွန် ချန်ပီယံဟောင်း လီမာဖြစ်ပါသည်။

**ရီယိုအိုလံပစ်နှင့်အတူ ပေါ်လွင်ထင်ရှားအားကစားသမားများ**

ရီယိုအိုလံပစ်တွင် ပရိသတ်အားပေးမှု အများဆုံး အားကစားသမားအဖြစ် Triple Triple ဖြင့် ရေပန်းစားခဲ့သည့် အိုလံပစ်ပြိုင်ပွဲ သုံးကြိမ်ဆက်တိုက် ပြေးခုန်ပစ် မီတာ ၁၀၀၊ မီတာ ၂၀၀ နှင့် မီတာ (၄၀၀×၄) လက်ဆင့်ကမ်း ပြိုင်ပွဲများမှ ရွှေတံဆိပ်ကိုးခုအထိ ဆောင်ယူပေးနိုင်ခဲ့သူ ဂျမေကာ အပြေးဘုရင် ကမ္ဘာ့ကျည်ဆန်လူသားဟု တင်စားခေါ်ဝေါ်ထိုက်သည့် အသက် ၃၀ အရွယ် အူစိန်ဘော့ပင်ဖြစ်သည်။ အူစိန်ဘော့အနေဖြင့် လာမည့် ၂၀၁၇ ခုနှစ် လန်ဒန်တွင်ကျင်းပမည့် ကမ္ဘာ့ပြေးခုန်ပစ် ချန်ပီယံရှစ်ပြိုင်ပွဲအပြီး အနားယူသွားမည်ဟု ကြွေးကြော်ထားပါသည်။

ပေါ်ပြူလာဖြစ်သည့် နောက်ထပ် အားကစားသမားတစ်ဦးမှာ အမေရိကန် ရေကူးအားကစားသမား မိုက်ကယ်ဖဲလ်ပင်ဖြစ်သည်။ ယခုနှစ် ရီယိုအိုလံပစ်တွင် ရွှေတံဆိပ် ငါးခုနှင့် ငွေတံဆိပ်တစ်ခု ရရှိခဲ့ပြီး ကျင်းပပြီးစီးခဲ့သမျှ အိုလံပစ်သမိုင်းများတစ်လျှောက် ရွှေတံဆိပ် အများဆုံးရရှိခဲ့သည့် အားကစားသမားတစ်ဦးလည်း ဖြစ်ပါသည်။ မီတာ ၁၀၀ လိပ်ပြာကူးပြိုင်ပွဲတွင် စင်ကာပူ ရေကူးသမား ဂျိုးဇက်စကူးလင်းအား ရှုံးနိမ့်ခဲ့ပြီးနောက် အားကစားသမားဘဝမှ အနားယူသွားမည်ဟု သိရှိခဲ့ရပါသည်။

နောက်ထပ် ပေါ်လွင်ထင်ရှားသည့် အားကစားသမားများအဖြစ် ဘောလုံးရွှေတံဆိပ်ဆုရ အိမ်ရှင် ဘရာဇီးလ်နိုင်ငံမှ ဘောလုံးမင်းသား နေမာ၊ အမေရိကန်မှ ကျွမ်းဘားရွှေတံဆိပ်လေးဆုရှင် စီမွန်းဘိုင်လီနှင့် အမေရိကန်မှ ရေကူးမယ် ရွှေတံဆိပ်လေးဆုရှင် လီဒီခရိုင်းတို့သည် ရီယိုအိုလံပစ်နှင့်အတူ ထင်ပေါ်ကျော်ကြားခဲ့ပါသည်။

**နိုင်ငံအလိုက်ဆုတံဆိပ်ရရှိမှုအခြေအနေ**

ရီယိုအိုလံပစ်၏ ဆုတံဆိပ်အများဆုံး ရရှိခဲ့သည့် နိုင်ငံ ၁၀ နိုင်ငံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | နိုင်ငံ | ပြိုင်ပွဲဝင်ပေါင်း | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၁ | အမေရိကန် | ၅၅၈ | ၄၆ | ၃၇ | ၃၈ | ၁၂၁ |
| ၂ | ဗြိတိန် | ၃၇၃ | ၂၇ | ၂၃ | ၁၇ | ၆၇ |
| ၃ | တရုတ် | ၄၁၃ | ၂၆ | ၁၈ | ၂၆ | ၇၀ |
| ၄ | ရုရှား | ၂၉၃ | ၁၉ | ၁၈ | ၁၉ | ၅၆ |
| ၅ | ဂျာမနီ | ၄၃၁ | ၁၇ | ၁၀ | ၁၅ | ၄၂ |
| ၆ | ဂျပန် | ၃၄၀ | ၁၂ | ၈ | ၂၁ | ၄၁ |
| ၇ | ပြင်သစ် | ၄၀၆ | ၁၀ | ၁၈ | ၁၄ | ၄၂ |
| ၈ | တောင်ကိုရီးယား | ၂၀၈ | ၉ | ၃ | ၉ | ၂၁ |
| ၉ | အီတလီ | ၃၁၂ | ၈ | ၁၂ | ၈ | ၂၈ |
| ၁၀ | သြစတြေးလျ | ၄၂၄ | ၈ | ၁၁ | ၁၀ | ၂၉ |

ထိပ်ဆုံးရပ်တည်နိုင်ခဲ့သည့် အမေရိကန်အသင်းအနေဖြင့် ရွှေတံဆိပ်ဆုများကို ရေကူးပြိုင်ပွဲ၊ ပြေးခုန်ပစ်နှင့် ကျွမ်းဘားပြိုင်ပွဲများမှ အများဆုံးရရှိခဲ့ပါသည်။ ပြိုင်ပွဲဝင်နိုင်ငံများအနက် ၇၈ နိုင်ငံမှ ဆုတံဆိပ်များ ရရှိခဲ့ပြီး ကျန်နိုင်ငံများအနေဖြင့် ဆုရရှိခဲ့ခြင်း မရှိပါ။ အိမ်ရှင် ဘရာဇီးလ်အနေဖြင့် ရွှေတံဆိပ်ခုနစ်ခု၊ ငွေတံဆိပ်ခြောက်ခုနှင့် ကြေးတံဆိပ်ခြောက်ခု စုစုပေါင်း ဆုတံဆိပ် ၁၉ခု ရရှိခဲ့ပါသည်။ ရီယိုအိုလံပစ်တွင် အားကစားနည်းမျိုးစုံမှ အိုလံပစ် စံချိန်သစ် ၆၅ခုနှင့် ကမ္ဘာ့စံချိန်သစ် ၁၉ခုတင်နိုင်ခဲ့ပါသည်။

**မထင်မှတ်သည့် ဖြစ်ရပ်အချို့၊ ထူးခြားသည့်ဖြစ်ရပ်များ**

ကမ္ဘာ့အဆင့်(၁) တင်းနစ်အားကစားသမား ဆားဗီးယားမှ ဂျိုကိုဗစ် အုပ်စုအဆင့်မှ ထွက်ခဲ့ရခြင်း၊ လန်ဒန် အိုလံပစ် ရွှေတံဆိပ်ရှင် အမေရိကန် တင်းနစ်မယ် ဆရီနာဝီလျံ တတိယအဆင့်ပြိုင်ပွဲတွင် ယူကရိန်းမှ အီလီနာဆဗီတိုလီနာကို နှစ်ပွဲပြတ်ရှုံးပြီး ပြိုင်ပွဲမှထွက်ခဲ့ရပြီး ညီအစ်မနှစ်ဦး ယှဉ်ပြိုင်သည့် နှစ်ယောက်တွဲ ပြိုင်ပွဲတွင်လည်း စောစီးစွာထွက်ခဲ့ခြင်းတို့သည် မထင်မှတ်သည့် ဖြစ်ရပ်များပင် ဖြစ်သည်။

ထို့အပြင် တားမြစ်ထားသည့် စည်းကမ်းဖောက်ဖျက်၍ ညဘက်အပြင်ထွက်ခဲ့သောကြောင့် ငွေကြေး လှုယက်ခြင်းခံရသည့် ဩစတြေးလျ ရေကူးသမား ဂျော့ချ်ပါလ်မာနှင့် မက်ကီအွန်သည် အိုလံပစ်ပြိုင်ပွဲ ပိတ်ပွဲအခမ်းအနား တက်ရောက်ခွင့် ပိတ်ပင်ခြင်း ခံခဲ့ရခြင်း၊ အမေရိကန် ရေကူးသမားလေးဦးအား ဖြစ်စဉ်အမှန်ကို ဖုံးကွယ်သည့်ကိစ္စနှင့် ပတ်သက်၍ ဘရာဇီးနိုင်ငံမှ ထွက်ခွာခွင့် ပိတ်ပင်ခြင်း၊ တရုတ် ဒိုင်ဗင် အားကစားသမားမှ တရုတ်ဒိုင်ဗင်မယ်အပေါ် လက်ထပ်ခွင့် တောင်းခံခြင်း၊ အမေရိကန် အပြေးသမား ဝဲလ်ကလာယီ သုံးဆင့်ခုန် ငွေတံဆိပ်ရပြီး ပွဲကြည့်စင်ပေါ်ရှိ ချစ်သူထံ လက်ထပ်ခွင့် တောင်းခံခြင်း၊ အာဂျင်တီးနားမှ အသက်(၅၄)နှစ်အရွယ် ကင်ဆာရောဂါသည် ရွက်လှေအားကစားသမား လန်ဂီ ရွှေတံဆိပ် ဆွတ်ခူးခဲ့ခြင်း၊ ပြင်သစ် လက်ဝှေ့မယ် အစ်စတီလီမိုစလီမှ သူမ၏(၂၄) နှစ်မြောက် မွေးနေ့တွင် အမျိုးသမီး လိုက်(ဝ်) ဝိတ်တန်း ပြိုင်ပွဲတွင် ရွှေတံဆိပ် ဆွတ်ခူးခဲ့ခြင်း၊ အမျိုးသား ကီလိုမီတာ (၅၀) လမ်းလျှောက်ပြိုင်ပွဲတွင် ပြင်သစ်အားကစားသမား ဒီနိုက်ဇ်သည် အစာအိမ်ရောဂါကြောင့် မကြာခဏ လဲကျသော်လည်း ပန်းဝင်သည်အထိ ယှဉ်ပြိုင်ခဲ့ပြီး နံပါတ်(၈) နေရာမှ ပန်းဝင်ခဲ့ခြင်း၊ ယခုနှစ်မှစ၍ အိုလံပစ်ပြိုင်ပွဲဝင်ခဲ့သည့် ကိုဆိုဗိုနိုင်ငံအနေဖြင့် ပြိုင်ပွဲဝင် ရှစ်ဦးသာဝင်ရောက် ယှဉ်ပြိုင်ခဲ့သော်လည်း ဂျူဒိုပြိုင်ပွဲတွင် ရွှေတံဆိပ်(၁)ခုနှင့် ကြေးတံဆိပ်(၁)ခု ရရှိခဲ့ခြင်း၊ ၁၉၀၄ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ထည့်သွင်းကျင်းပခဲ့သည့် အိုလံပစ်ဂေါက်ကွင်းတွင် မြွေများနှင့် ဂေါက်ကွင်းရှိ ရေအိုင်များအတွင်း မိကျောင်းများ တွေ့ရှိရခြင်း၊ ဒိုင်ဗင် ရေကူးကန် အပြာရောင်မှ အစိမ်းရောင်အဖြစ် ပြောင်းလဲခြင်း စသည့် အင်တာနက်သတင်းများသည် ထူးခြားသည့် ဖြစ်ရပ်အချို့ပင် ဖြစ်သည်။

**မြန်မာနှင့် ရီယိုအိုလံပစ်**

မြန်မာအားကစားအဖွဲ့အနေဖြင့် မြားပစ်၊ ဂျူဒို၊ ရေကူး၊ ပြေးခုန်ပစ်နှင့် သေနတ်ပစ် အားကစား (၅)မျိုးတွင် အားကစားသမားခုနစ်ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာ့ပရိသတ်အကြား ရေပန်းစား ခဲ့သည့် မြားပစ်မယ် စန်းယုထွေးနှင့် ဂျူဒိုအားကစားသမား ရန်နိုင်ထွေးတို့သည် ၁၆ ဦး အဆင့်ထိ တက်ရောက်နိုင်ခဲ့ပြီး ပြေးခုန်ပစ် အမျိုးသား မီတာ(၅၀၀၀)တွင် ဆန်းနိုင်က အဆင့်(၄၉)၊ အမျိုးသမီး မီတာ (၈၀၀)ပြိုင်ပွဲတွင် ဆွေလီမြင့်က အဆင့်(၆၂)၊ မီတာ (၁၀၀)လိပ်ပြာကူးတွင် တင့်မြတ်က အဆင့် (၄၃)နှင့် အမျိုးသမီး မီတာ(၅၀)အလွတ်ကူးပြိုင်ပွဲတွင် အိအိသက်မှ အဆင့်(၇၀)၊ သေနတ်ပစ်တွင် ရဲထွန်းနောင်မှ ၁၀ မီတာ လေပစ္စတိုပြိုင်ပွဲတွင် အဆင့်(၃၃)၊ မီတာ ၅၀ လေပစ္စတိုပြိုင်ပွဲတွင် အဆင့် (၁၇)အထိသာ ရပ်တည်နိုင်ခဲ့ပါသည်။ မြန်မာ့လက်ရွေးစင် တိုက်ကွမ်ဒို အားကစားသမားတစ်ဦးဖြစ်သူ ဒေါ်စိုးစိုးမြသည် ရီယိုအိုလံပစ် တိုက်ကွမ်ဒိုပြိုင်ပွဲ ဒိုင်လူကြီးအဖြစ် တာဝန်ပေးအပ်ခြင်းခံရပြီး အိုလံပစ်ပြိုင်ပွဲများတွင် ပထမဦးဆုံး တာဝန်ပေးခံရသည့် ဒိုင်လူကြီးတစ်ဦးအဖြစ် မှတ်တမ်းဝင်ခဲ့ပါသည်။

**ပေါ်ပြူလာဖြစ်သည့် အားကစားနည်းအချို့၏ အောင်မြင်မှုများ**

အမျိုးသား ဘောလုံးပြိုင်ပွဲတွင် ဘရာဇီးမှ ဂျာမနီကို ပယ်နယ်တီအဆုံးအဖြတ် (၅)ဂိုး (၄)ဂိုး၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် ဂျာမနီမှ ဆွီဒင်ကို (၂)ဂိုး(၁)ဂိုးတို့ဖြင့် အသီးသီးအနိုင်ရခဲ့ပြီး ရွှေတံဆိပ်များ ရရှိခဲ့ပါသည်။ ဂျာမနီ အမျိုးသမီး ဘောလုံးအသင်းအနေဖြင့် အိုလံပစ်သမိုင်းတစ်လျှောက် ပထမဦးဆုံးရရှိခဲ့သည့် ရွှေတံဆိပ် ဖြစ်ပါသည်။

အမျိုးသား ဘော်လီဘော ပြိုင်ပွဲတွင် ဘရာဇီးလ်မှ အီတလီကို သုံးပွဲပြတ်၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် အာရှထိပ်သီး တရုတ်နိုင်ငံမှ ဆားဗီးယားအသင်းကို သုံးပွဲတစ်ပွဲဖြင့် အနိုင်ရဗိုလ်စွဲခဲ့ပါသည်။ အမျိုးသားသဲသောင်ပြင် ဘော်လီဘောတွင် ဘရာဇီးအတွဲ၊ အမျိုးသမီး သဲသောင်ပြင် ဘော်လီဘောတွင် ဂျာမနီအတွဲတို့မှ ရွှေတံဆိပ်များ ဆွတ်ခူးခဲ့ပါသည်။ ဘော်လီဘောပွဲစဉ်များတွင် အိမ်ရှင်နိုင်ငံအနေဖြင့် မျက်နှာပန်းလှခဲ့ပါသည်။

ရီယိုအိုလံပစ်ပွဲ၏ နောက်ဆုံးကျင်းပခဲ့သည့် အမျိုးသား ဘတ်စကက်ဘော ဗိုလ်လုပွဲတွင် အမေရိကန်အသင်းမှ ဆားဗီးယားအသင်းကို ၉၆ မှတ် ၆၆ မှတ်ဖြင့် အနိုင်ရရှိခဲ့ပါသည်။ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲတွင် အမေရိကန်မှ စပိန်အသင်းကို ၁၀၁ မှတ် ၇၂ မှတ်ဖြင့် အနိုင်ရပြီး အိုလံပစ်ပြိုင်ပွဲ (၆)ကြိမ်ဆက်တိုက် ဗိုလ်စွဲခဲ့သည့် နိုင်ငံအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

ယခုနှစ် အိုလံပစ်တွင် စတင်ထည့်သွင်းကျင်းပခဲ့သည့် ရပ်ဂ်ဘီ Seven ပြိုင်ပွဲတွင် ဖီဂျီနိုင်ငံမှ ဗြိတိန်အသင်းကို အနိုင်ရဗိုလ်စွဲခဲ့ပါသည်။ အမျိုးသား တင်းနစ်ပြိုင်ပွဲတွင် နာမည်ကြီး ဗြိတိန်မှ အန်ဒီမာရေး ရွှေတံဆိပ်ရရှိခဲ့ပါသည်။ အမျိုးသား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဗြိတိန်မှ ဂျွန်စတင်းရို့နှင့် အမျိုးသမီးပြိုင်ပွဲတွင် တောင်ကိုရီးယားမှ အင်ဘီးပတ်စ်တို့က သတ်မှတ်ရိုက်ချက် (၂၆၈)ချက်စီဖြင့် အနိုင်ရ ဗိုလ်စွဲခဲ့ပါသည်။ ဟော်ကီပြိုင်ပွဲတွင် ဘယ်လ်ဂျီယံလ် အမျိုးသားအသင်းနှင့် ဗြိတိန်အမျိုးသမီးအသင်းတို့ ရွှေတံဆိပ်များ ရရှိခဲ့ပါသည်။

အမျိုးသား ကြက်တောင် တစ်ဦးချင်းပြိုင်ပွဲတွင် တရုတ်လက်ရွေးစင် ချင်းလုံမှ ကမ္ဘာ့အဆင့် (၁) မလေးရှား ကြက်တောင်အားကစားသမား လီချောင်ဝေကို (၂)ပွဲပြတ်အနိုင်ရပြီး ရွှေတံဆိပ်ရရှိခဲ့ကာ အမျိုးသမီးကြက်တောင် တစ်ဦးချင်း ဖိုင်နယ်ပွဲစဉ်တွင် ကမ္ဘာ့အဆင့်(၁) စပိန်လက်ရွေးစင် မာရေးက အိန္ဒိယကြက်တောင်မယ် စင်ဒူးကို (၂)ပွဲ (၁)ပွဲဖြင့် အနိုင်ရခဲ့ပါသည်။

**အရှေ့တောင်အာရှနိုင်ငံအချို့၏ အောင်မြင်မှုများ**

ရီယိုအိုလံပစ်တွင် ထိုင်းနိုင်ငံမှ အမျိုးသမီး အလေးမ (၄၈) ကီလိုတန်းနှင့် (၅၈)ကီလိုတန်း၊ စင်ကာပူနိုင်ငံမှ ဂျိုးဇက်စကူးလင်းမှ အမျိုးသား မီတာ(၁၀၀)လိပ်ပြာကူး၊ ဗီယက်နမ်နိုင်ငံမှ အမျိုးသား(၁၀)မီတာ လေပစ္စတိုပြိုင်ပွဲ၊ အင်ဒိုနီးရှားမှ ကျား၊ မ နှစ်ယောက်တွဲ ကြက်တောင်ပြိုင်ပွဲများတွင် ရွှေတံဆိပ်များ အသီးသီး ဆွတ်ခူးပေးနိုင်ခဲ့ပါသည်။ အထူးသဖြင့် စင်ကာပူမှ ရေကူးရွှေတံဆိပ်ရှင် ဂျိုးဇက်စကူးလင်းအနေဖြင့် မိခင်နိုင်ငံမှ ဆုကြေးငွေ ၇၅၃၀၀၀ ရရှိမည် ဖြစ်ရာ အိုလံပစ်ပြိုင်ပွဲဝင် နိုင်ငံအားလုံးမှ ချီးမြှင့်မည့် ရွှေတံဆိပ်ဆုကြေးများအနက် အမြင့်မားဆုံး ဆုကြေးငွေဖြစ်ကြောင်း သိရှိရပါသည်။

**ပိတ်ပွဲအခမ်းအနား**

ဩဂုတ် ၂၁ ရက် ဘရာဇီးစံတော်ချိန် ညနေ (၅း၀၀) နာရီတွင် ပရိသတ် (၈၀၀၀၀)ဆံ့ မာရာကာနာ အားကစားကွင်းကြီးတွင် ကျင်းပခဲ့ပါသည်။ အခမ်းအနား အစီအစဉ်များအဖြစ် ပြိုင်ပွဲဝင်နိုင်ငံများမှ နိုင်ငံကိုယ်စားပြုအလံများကိုင်ဆောင်၍ ပြိုင်ပွဲဝင်များ ပိုမိုချစ်ကြည်ရင်းနှီးမှုရှိစေရန် တစ်နိုင်ငံချင်းမဟုတ်ဘဲ နိုင်ငံအားလုံးမှ ပြိုင်ပွဲဝင်များ စုပေါင်း၍ ကွင်းအတွင်း ဝင်ရောက်ခြင်း၊ အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီဥက္ကဋ္ဌနှင့် ရီယိုအိုလံပစ်ကျင်းပရေးကော်မတီဥက္ကဋ္ဌတို့က စင်မြင့်ပေါ်တွင် နေရာယူခြင်း၊ အိုလံပစ်မိခင် ဂရိနိုင်ငံ၊ လက်ရှိအိမ်ရှင် ဘရာဇီးနှင့် ၂၀၂၀ အိမ်ရှင် ဂျပန်နိုင်ငံတို့၏ အလံများကို နိုင်ငံတော်သီချင်းများဖြင့် လွှင့်တင်ခြင်း၊ လှပခံ့ညားသည့် မီးရှူးမီးပန်းများ ဖွင့်ဖောက်ခြင်းတို့အတူ ယဉ်ကျေးမှု အကအလှ သရုပ်ဖော်တင်ဆက်မှုများ၊ တိုကျိုမြို့တော်ဝန်ထံ အိုလံပစ်အလံလွှဲပြောင်းခြင်း စသဖြင့် အစီအစဉ်ကောင်းများစွာဖြင့် လေးနာရီကျော် တင်ဆက်ခဲ့ပါသည်။

**၂၀၂၀ တိုကျိုအိုလံပစ်ဆီသို့**

၂၀၂၀ တိုကျိုအိုလံပစ်ပြိုင်ပွဲသည် ဂျပန်နိုင်ငံ၏ ဒုတိယအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အိုလံပစ်ပွဲတစ်ခုဖြစ်ပြီး ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ၂၀၂၀ ခုနှစ် ဇူလိုင်လ ၂၄ မှ ဩဂုတ်လ ၉ ရက်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပေးသွားမည်ဖြစ်ကြောင်း အားကစားချစ်ပရိသတ်များအတွက် "၂၀၁၆ ရီယိုအိုလံပစ်မှ ၂၀၂၀ တိုကျိုအိုလံပစ်ဆီသို့" ဟူသော ဆောင်းပါးဖြင့် မျှဝေပေးလိုက်ပါသည်။ ။

## ပြည်တွင်းရေးရာ

**စာမျက်နှာ ၁၈ မှ**

မဏ္ဍိုင်ကြီးလေးရပ် အညီအမျှ တက်ညီလက်ညီ ဆောင်ရွက်ကြမှသာ နိုင်ငံတော်ကြီး အင်အားတောင့်တင်းမည်။ ဖွံ့ဖြိုးတိုးတက်မည်။ တည်ငြိမ်မည်။ အေးချမ်းသာယာမည်။ မဏ္ဍိုင်ကြီးလေးရပ် မညီမညွတ် အပြန်အလှန်ထိန်းကျောင်းနိုင်ခြင်း၊ ထိန်းညှိနိုင်ခြင်းမရှိ လွန်ကဲစွာပြုမူဆောင်ရွက်ကြပါက နောက်ဆုံးတွင် နိုင်ငံတော်ကြီး ပျက်စီးသွားသည်အထိ ဖြစ်တတ်သည်။

ဆရာဒေါက်တာကျော်ရင်၏ ရှင်းလင်းပြောကြားချက်များသည် မိမိ၏ နားထဲစွဲသည်။ ဦးနှောက်ထဲ ရိုက်သွင်းလိုက်သကဲ့သို့ မမေ့မပျောက် အမြဲသတိရနေစေသည်။ ဆရာသည် ထိုအချိန်က မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ဦး၊ ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီတွင် အတွင်းရေးမှူးအဖြစ် တာဝန်ယူနေရသည့်အချိန်ဖြစ်သည်။ နိုင်ငံအတွက်အရေးကြီးသည့်လုပ်ငန်း တာဝန်ထမ်းဆောင်နေရသည့်အချိန်ဖြစ်သည်။ ဆရာက အမေရိကန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို နှစ်သက်ခဲ့သူဖြစ်၍ဒီမိုကရေစီဝါဒကို ကြိုက်နှစ်သက်သူ၊ ယုံကြည်ခဲ့သူဖြစ်သည်။ ဒီမိုကရေစီဝါဒ၏ အခြေခံသဘောတရား၊ အနှစ်သာရများကို ဆရာက ပိုင်ပိုင်နိုင်နိုင် ကျွမ်းကျင်စွာ ရှင်းလင်းသင်ပြပေးနိုင်ခဲ့သည်။

ဆရာကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်း သင်ကြားပို့ချသည့်ဆရာတစ်ဦးရှိပါသည်။ ထိုသူကား ဆရာဦးထွန်းရွှေဖြစ်သည်။ ဆရာသည်လည်း အချိန်ပိုင်းကထိကတစ်ဦး ဖြစ်သည်။ ဆရာဦးထွန်းရွှေကတော့ ဆိုဗီယက်ရုရှားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို အလွန်နှစ်ခြိုက်ခဲ့သည်။ သေသေချာချာရှင်းပြနိုင်သည်။ အာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်၏ ဖွဲ့စည်းထားရှိပုံကို ကားချပ်များဖြင့် နားလည်လွယ်အောင် ရှင်းလင်းသင်ပြသည်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်းရေးဆွဲသည့်အခါ ဆိုဗီယက်ရုရှားနိုင်ငံ၏ ဖွဲ့စည်းပုံပါ ပြဋ္ဌာန်းချက် အတော်များများကို မှီငြမ်းပြုခဲ့သည်။ ကျွန်ုပ်တို့တာဝန် ထမ်းဆောင်ခဲ့သည့် ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ ဥပဒေဆိုလျှင် ရုရှားနိုင်ငံ၏ ဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း မှီငြမ်းပြု၍ ရေးဆွဲခဲ့သည်။ ဥပဒေ ဝန်ထမ်းများကို (Law Officers) ဟူ၍ မသုံးနှုန်းခဲ့။ ရုရှားနိုင်ငံတွင် ခေါ်ဝေါ်သည့်အတိုင်း (Procurator)ဥပဒေအကျိုးဆောင်ဟူ၍ ခေါ်ဝေါ်အသုံးပြုခဲ့သည်။ ကျွန်ုပ်တို့အလုပ်ဝင်စအချိန်တွင် ဥပဒေအကျိုးဆောင် အဆင့်(၄)ရာထူးဖြင့် စတင်အလုပ်ဝင်ရောက်ခဲ့ကြရသည်။

၁၉၇၄ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲအတည်ပြု ပြဋ္ဌာန်းပြီးနောက် ပြည်သူ့လွှတ်တော်၊ နိုင်ငံတော်ကောင်စီ၊ ဗဟိုအာဏာပိုင်အဖွဲ့အစည်းများ ပေါ်ပေါက်လာသည့်အခါ ဆရာဦးထွန်းရွှေသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ဗဟိုကော်မတီဝင်တစ်ဦးဖြစ်ပြီး မိုးညှို မဲဆန္ဒနယ်၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာသည်။ ဆရာဒေါက်တာကျော်ရင်ကား မည်သည့်အဖွဲ့အစည်းများတွင်မှ ပါဝင်ခဲ့ခြင်း မရှိတော့ပါ။ ဘာကြောင့်ဆိုသည်ကို ကျွန်ုပ်မပြောတတ်ပါ။ မသိပါ။ ဆရာဒေါက်တာကျော်ရင်သည် ဒီမိုကရေစီဝါဒကို ယုံကြည်သူ၊ နှစ်သက်သူ၊ သဘောကျသူဖြစ်သည်။ သည်နေ့သည်ချိန်ခါသာဆိုလျှင် ဆရာ၏ ယုံကြည်ချက်၊ ခံယူချက်များသည် အတော်လေးကို အံဝင်ခွင်ကျ ဖြစ်နေပေလိမ့်မည်ဟု စိတ်ထဲတွင် တွေးတောနေမိတော့သည်။

**အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်း**

မဏ္ဍိုင်ကြီးများ ကျင့်သုံးခြင်းနှင့်စပ်လျဉ်း၍ "တတ်နိုင်သမျှပိုင်းခြားသုံးစွဲခြင်း" စကားရပ်ကို အထက်တွင် ပြောခဲ့ပြီးဖြစ်သည်။ "အပြန်အလှန်ထိန်းကျောင်းခြင်း" ဆိုသောစကားရပ်ကို ဆက်လက်ပြောရပေဦးတော့မည်။

"ထိန်းကျောင်း"ဆိုသော စကားရပ်ကို မြန်မာအဘိဓာန်စာအုပ်တွင် "ထိန်း" ဆိုသော စကားရပ်ကို "ကျောင်း" ဆိုသောစကားရပ်နှင့်တွဲလျှင်ကြည့်ရှုစောင့်ရှောက်သည်ဟူသော အဓိပ္ပာယ်ရသည်ဟု ဖော်ပြထားသည်။ အချင်းချင်းအပြန်အလှန် ကြည့်ရှုစောင့်ရှောက်ကြရမည်။ အပြန်အလှန် ထိန်းကျောင်းကြရမည်။ ထိန်းညှိကြရပေလိမ့်မည်။ အင်္ဂလိပ်ဘာသာစကားအရဆိုပါက အချင်းချင်း အပြန်အလှန် (Check and Balance) ပြုကြရပေမည်။

အချင်းချင်း အပြန်အလှန်ထိန်းကျောင်းခြင်း၊ ထိန်းညှိခြင်းတို့နှင့်စပ်လျဉ်း၍ မည်သို့မည်ပုံ ပြုမူဆောင်ရွက်ကြရမည်ကို သီးခြားသတ်မှတ်ထားသည့်စံနှုန်းများ မတွေ့ရှိရပေ။ ဤသို့ တိတိကျကျ သတ်မှတ်ထား၍လည်း ရနိုင်မည်မဟုတ်ပေ။ ဤသည်မှာ သိမ်မွေ့သည်။ နက်နဲသည်။ အဓိကထား၍ တိုင်းတာရမည့် ပေတံကတော့ မဏ္ဍိုင်တစ်ရပ်ရပ်၏ ပြုမူဆောင်ရွက်ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေက ခွင့်ပြုထားသည်ထက် ဘောင်ကျော်လွန်နေသလား။ မညီမညွတ်ဖြစ်နေသလား။ ဆောင်ရွက်ရန်လိုအပ်နေသေးလား။ မဆောင်ရွက်ဘဲ ပျက်ကွက်နေသလား စသည်တို့ကို ဆန်းစစ်လေ့လာသုံးသပ်ရပါမည်။ ဤကဲ့သို့ပင် နိုင်ငံတော်၏မူဝါဒများ၊ တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် မညီမညွတ်ဖြစ်နေသလား။ ဆောင်ရွက်ရန်လိုအပ်နေသေးလား။ မဆောင်ရွက်ဘဲ ပျက်ကွက်နေသလား။ ဤသည်တို့ကို ဆန်းစစ်လေ့လာသုံးသပ်ရပါမည်။

မဏ္ဍိုင်တစ်ရပ်ရပ်၏ လုပ်ငန်းဆောင်ရွက်မှုများအပေါ် လိုအပ်ချက်တွေ ပြုပြင်စရာတွေ တွေ့ရှိခဲ့မည်ဆိုလျှင် အပြစ်သဘောမရှုမြင်၊ အပြုသဘောအသွင်ဆောင်ပြီး ထောက်ပြပေးရမည်။ အကြံဉာဏ်များပေးရမည်။ အကူအညီများပေးရမည်။ ညွှန်ပြပေးရမည်။ လက်တွဲခေါ်ယူရမည်။ ဤသို့သောနည်းများဖြင့် မဏ္ဍိုင်ကြီးများ တစ်ခုနှင့်တစ်ခု အချင်းချင်းအပြန်အလှန် ကြည့်ရှုစောင့်ရှောက်ကြရမည်။ အပြန်အလှန်ထိန်းကျောင်းရမည်။ ထိန်းညှိသွားကြရပေလိမ့်မည်။ အဓိက သတိမူကြမည့်အချက်ကတော့ မဏ္ဍိုင်ကြီးတစ်ခု၏ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တွင် အခြားမဏ္ဍိုင်ကြီးတစ်ခုက ဝင်ရောက်စွက်ဖက်သည့် အသွင်ဆောင်သော မည်သည့်ပြုမူပြောဆို ဆောင်ရွက်ခြင်းမျိုးကိုမျှ မပြုမိကြစေဖို့ ဖြစ်ပေသည်။

**မြတ်ဆုမွန်**

နိုင်ငံတော်အတွက်အရေးပါ၍ အဓိကကျသော ဤမဏ္ဍိုင်ကြီးများသည် မိမိတို့ဆောင်ရွက် ကြရမည့်လုပ်ငန်းတာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တတ်နိုင်သမျှပိုင်းခြားကျင့်သုံးဆောင်ရွက်ကာ အချင်းချင်းအပြန်အလှန် ကြည့်ရှုစောင့်ရှောက်ခြင်း၊ ထိန်းကျောင်းခြင်း၊ ထိန်းညှိခြင်းတို့ပြုလုပ်လျက် ညီညီညွတ်ညွတ်တက်ညီလက်ညီ ကြိုးပမ်းအားထုတ် ဆောင်ရွက်ကြမည်ဆိုပါက တရားဥပဒေစိုးမိုးရေးဖြစ်ထွန်းလာကြပေမည်။ တရားဥပဒေစိုးမိုးလျှင် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ကြပေလိမ့်မည်။ ငြိမ်းချမ်းရေးတည်ဆောက်နိုင်သည်နှင့် တစ်ပြိုင်နက် နိုင်ငံတော်ကြီး တည်ငြိမ်မည်။ အေးချမ်းသာယာမည်။ ဖွံ့ဖြိုးတိုးတက်မည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်သွားနိုင်ကြပေလိမ့်မည်။

ဥပဒေပြုရေးမဏ္ဍိုင်အားကောင်းပါစေ။ အုပ်ချုပ်ရေးမဏ္ဍိုင် အားကောင်းပါစေ။ တရားစီရင်ရေးမဏ္ဍိုင် အားကောင်းပါစေ။ စတုတ္ထမဏ္ဍိုင် အားကောင်းပါစေ။ ပြည်သူ့မဏ္ဍိုင် အားကောင်းပါစေ။ မဏ္ဍိုင်ကြီးများ ညီညီညွတ်ညွတ်နှင့် တက်ညီလက်ညီ ပြည်သူများနှင့်နိုင်ငံတော်၏ ကောင်းကျိုးချမ်းသာအဖြာဖြာ သယ်ပိုးဆောင်ရွက်နိုင်ကြပါစေ။ ။

## မိုးစပါးအထွက်နှုန်းတိုးရေးနှင့်ရေကြီးနစ်မြုပ်စိုက်ကွင်းများ ပြန်လည်ထူထောင်နိုင်ရေး ပညာပေး

**ဘားအံ ဩဂုတ် ၂၅**

ဘားအံမြို့နယ်အတွင်း ယခုလက်ရှိမိုးစပါးစိုက်ဧက တစ်သိန်းတစ်သောင်းကျော် စိုက်ပျိုးထားရှိရာ အနိမ့်ပိုင်းဒေသများရှိလယ်မြေများ ရေကြီးနစ်မြုပ်မှုရှိလာပါက စပါးစိုက်တောင်သူများအနေဖြင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးခြင်းကို ဩဂုတ် ၂၂ ရက် မွန်းလွဲပိုင်းက ဆောင်ရွက်ကြသည်။

